# မြန်မာ့အလင်း

၁၂၇၆ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၆ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၇ ရက်၊ ၂၀၀၄ ခုနှစ်၊ အောက်တိုဘာ ၂၀ ရက်၊ ဗုဒ္ဓဟူးနေ့၊ အတွဲ (၄၂)၊ အမှတ် (၂၀)


**နိုင်ငံရေးဦးတည်ချက် (၄) ရပ်**

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေး နှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

**စီးပွားရေးဦးတည်ချက် (၄) ရပ်**

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာ နှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

**လူမှုရေးဦးတည်ချက် (၄) ရပ်**

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့်ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

## နိုင်ငံတော်ဝန်ကြီးချုပ် ခန့်အပ်တာဝန်ပေးခြင်း

ပြည်ထောင်စုမြန်မာနိုင်ငံတော်
နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ
**(ကြေညာချက်အမှတ် ၃/၂၀၀၄)**
၁၃၆၆ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၆ ရက်
(၂၀၀၄ ခုနှစ်၊ အောက်တိုဘာလ ၁၉ ရက်)

**နိုင်ငံတော်ဝန်ကြီးချုပ် ခန့်အပ်တာဝန်ပေးခြင်း**

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းအား နိုင်ငံတော်ဝန်ကြီးချုပ်အဖြစ် ယနေ့မှစ၍ ခန့်အပ်တာဝန်ပေးလိုက်သည်။

(ပုံ) သန်းရွှေ
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ

## အတွင်းရေးမှူး(၁) တာဝန်ပေးအပ်ခြင်း

ပြည်ထောင်စုမြန်မာနိုင်ငံတော်
နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ
**(ကြေညာချက်အမှတ် ၄/၂၀၀၄)**
၁၃၆၆ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၆ ရက်
(၂၀၀၄ ခုနှစ်၊ အောက်တိုဘာလ ၁၉ ရက်)

**နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ**

**အတွင်းရေးမှူး(၁) တာဝန်ပေးအပ်ခြင်း**

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်အား နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)အဖြစ် ယနေ့မှစ၍ တာဝန်ပေးအပ်လိုက်သည်။

(ပုံ) သန်းရွှေ
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ

## တာဝန်မှအနားယူခွင့်ပြုခြင်း

ပြည်ထောင်စုမြန်မာနိုင်ငံတော်
နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ
**(ကြေညာချက်အမှတ် ၂/၂၀၀၄)**
၁၃၆၆ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၆ ရက်
(၂၀၀၄ ခုနှစ်၊ အောက်တိုဘာလ ၁၉ ရက်)

**တာဝန်မှ အနားယူခွင့်ပြုခြင်း**

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်အား ကျန်းမာရေးအခြေအနေအရ ယနေ့မှစ၍ တာဝန်မှအနားယူခွင့်ပြုလိုက်သည်။

(ပုံ) သန်းရွှေ
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ

## ရန်ကုန်နည်းပညာတက္ကသိုလ်သို့ သင်ကြားရေးပစ္စည်းများလှူဒါန်း

**ရန်ကုန် အောက်တိုဘာ ၁၉**

သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ရန်ကုန်နည်းပညာတက္ကသိုလ်သို့ ရုရှားနိုင်ငံ Kursk State Technical University မှ သင်ကြားရေး အထောက်အကူပြုပစ္စည်းငါးမျိုး လှူဒါန်းပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်နည်းပညာတက္ကသိုလ် စုဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ရန်ကုန်နည်းပညာတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာလှသန်း၊ ရန်ကုန်ကွန်ပျူတာတက္ကသိုလ်မှ ဒုတိယ ပါမောက္ခချုပ် ဒေါက်တာနီလာသိန်းနှင့် ရန်ကုန်နည်းပညာ တက္ကသိုလ်မှ ပါမောက္ခ၊ ဌာနမှူးများ၊ ရုရှားနိုင်ငံ Kursk State Technical University မှ ပါမောက္ခချုပ် Dr. Zakhardv၊ Dr. Zhubarcv နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**တက်ရောက်**

အခမ်းအနားတွင် ရှေးဦးစွာ ရန်ကုန်နည်းပညာတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာလှသန်းက ကြိုဆိုနှုတ်ခွန်းဆက် စကားပြောကြားသည်။

**လက်ခံ**

ယင်းနောက် ရုရှားနိုင်ငံ Kursk State Technical University မှ ပါမောက္ခချုပ် Dr. Zakhardv နှင့် Dr.Zhubarcv တို့က လှူဒါန်းရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားကြပြီး သင်ကြားရေး အထောက်အကူပြု ပစ္စည်းငါးမျိုးကို ပေးအပ်လှူဒါန်းရာ ရန်ကုန်နည်းပညာတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာလှသန်းက လက်ခံပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## တောင်သူလယ်သမားများ မျိုးကောင်းမျိုးသန့်ရွေးချယ်စိုက်ပျိုးရေး စိုက်ပျိုးရေးဝန်ထမ်းများက တတ်ကျွမ်းမှုနည်းပညာဖြင့်ပံ့ပိုးပေး သဘာဝမြေဩဇာဖြင့် မြေ၏ဂုဏ်သတ္တိနှင့် သီးနှံအထွက်တိုးရေးဆောင်ရွက်

ရန်ကုန် အောက်တိုဘာ ၁၉

**လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးသည် ဌာနဆိုင်ရာတာဝန်ရှိသူများလိုက်ပါလျက် အောက်တိုဘာ ၁၇ရက်တွင် ပဲခူးတိုင်း ညောင်လေးပင်မြို့နယ် တော်ဝိကျေးရွာရှိ မိုးစပါး စံပြကွက်ဧက ၃၀၀ သို့ရောက်ရှိပြီး တောင်သူများနှင့် တွေ့ဆုံကာ ပင်မသီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိရေးနှင့် ဒေသတွင်းသီးနှံစိုက်ပျိုး ထုတ်လုပ်မှုအခြေအနေတို့ကို ရင်းနှီးစွာ မေးမြန်းဆွေးနွေးသည်။**

ထို့နောက် ဝန်ကြီးသည် ဌာနဆိုင်ရာများ၊ တောင်သူများနှင့်အတူ အထွက်ကောင်းမျိုးသန့်စပါးစိုက်ခင်း၊ ရေကျောက်ခက်ဇီဝမြေဩဇာ မျိုးပွားကန်နှင့် မိုးစပါးသီးနှံစမ်းသပ်ကွက်၊ ပန်းတိုင်အထွက်နှုန်းရရှိရန် စမ်းသပ်မှုတွေ့ရှိချက်များကို ကြည့်ရှုလေ့လာကြရာ ကွင်းတာဝန်ခံက ရှင်းလင်းတင်ပြသည်။

**တတ်ကျွမ်းမှု ပညာရပ်ဖြင့်ပံ့ပိုး**

ယင်းနောက် ဝန်ကြီးကတောင်သူလယ်သမားများ လယ်ယာလုပ်ငန်းခွင် ထုတ်လုပ်မှုစရိတ် လျော့နည်းသက်သာရေး၊ မျိုးကောင်း မျိုးသန့် ရွေးချယ်စိုက်ပျိုးရေး၊ အောင်စေ့ပါအနံ့နှင့် အနံ့ပါပင်ပွား သတ်မှတ်ချက်ရရှိရေး၊ စိုက်ပျိုးမှုနည်းပညာပံ့ပိုး ကူညီရေးတို့ကို စိုက်ပျိုးရေး ဝန်ထမ်းများက တတ်ကျွမ်းမှု ပညာရပ်ဖြင့်ပံ့ပိုးကြရန် မှာကြားသည်။ ဆက်လက်၍ ဝန်ကြီးသည် တောင်သူများနှင့်အတူ ဌာနမှ တောင်သူ နည်းပညာပေး စပါးစိုက်စနစ် စမ်းသပ်ကွက်၊ စပါး တိုက်ရိုက်အစေ့ချ စိုက်ခင်း၊ မြေဩဇာအမျိုးမျိုး စမ်းသပ်စိုက်ခင်းတို့ကို လှည့်လည် ကြည့်ရှုသည်။

ယင်းနောက် ဝန်ကြီးသည် ဌာနဆိုင်ရာဝန်ထမ်းများနှင့် တောင်သူလယ်သမားများအား ဝန်ထမ်းများက တတ်ကျွမ်းသည့် ပညာရပ်နှင့် တောင်သူလက်တွေ့လုပ်ငန်းခွင်ပေါင်းစပ်ပြီး လယ်ယာသီးနှံ ထွက်ကုန်တိုးမြှင့်ထုတ်လုပ်ရေး၊ တစ်ဧက ထုတ်လုပ်မှု ကုန်ကျစရိတ် သက်သာအောင် နည်းလမ်းရှာကြံဆောင်ရွက်ပေးရေး၊ လေလွင့်ဆုံးရှုံးမှု နည်းပါးရေး၊ မြေဩဇာအလေအလွင့်နည်းအောင် ထိရောက်စွာ သုံးစွဲမှု နည်းပညာပေးရေး၊ သဘာဝမြေဩဇာဖြင့် မြေ၏ ဂုဏ်သတ္တိနှင့် သီးနှံ အထွက်တိုးမြှင့်အောင် ဆောင်ရွက်ရေးတို့ကို မှာကြားသည်။

**ကြည့်ရှုစစ်ဆေး**

ထိုမှတစ်ဆင့် ဝန်ကြီးသည် ကျောက်တံခါးမြို့နယ် မြို့ချောင်း ကျေးရွာအနီး၌ ဆည်မြောင်းဦးစီးဌာနက တည်ဆောက်လျက်ရှိသော ရဲနွယ်ရေလှောင်တမံဘက်စုံစီမံကိန်းသို့ရောက်ရှိပြီး ပင်မတမံတည်ဆောက်မှုလုပ်ငန်းကို ကြည့်ရှုစစ်ဆေးသည်။ ဆက်လက်၍ ဝန်ကြီးသည် ရေပိုလွှဲတည်ဆောက်နေမှု၊ စက်ယန္တရားများဖြင့် လုပ်ငန်းဝင်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

စာမျက်နှာ ၈ ကော်လံ ၁ ✡

**နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။**

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၄ ခုနှစ်၊ အောက်တိုဘာလ ၂၀ ရက်)

# သဘာဝဓာတ်ငွေ့သုံး မော်တော်ယာဉ်ပြောင်းလဲသုံးစွဲရေး အဆင့်မီမီ ဝိုင်းဝန်းကြိုးပမ်းအကောင်အထည်ဖော်

ပြည်ထောင်စုမြန်မာနိုင်ငံတော်သည် သဘာဝသယံဇာတများ ပေါများကြွယ်ဝသော နိုင်ငံဖြစ်သည်။ နိုင်ငံအတွင်း မြောက်မြားစွာရှိသည့် မြေပေါ်မြေအောက်၊ ရေပေါ်ရေအောက် သယံဇာတများစွာအနက် ရေနံနှင့်သဘာဝဓာတ်ငွေ့ သယံဇာတသည် တစ်ခုအပါအဝင်ဖြစ်သည်။ သဘာဝဓာတ်ငွေ့များသည် မြန်မာနိုင်ငံတွင် ကမ်းလွန်ပင်လယ်ပြင်၌သာမက ကုန်းတွင်းပိုင်း၌လည်း အမြောက်အမြား ထွက်ရှိလျက်ရှိသည်။

မျက်မှောက်ကာလတွင် နိုင်ငံတကာရေနံဈေးကွက်၌ ရေနံစိမ်း၊ ဓာတ်ဆီ၊ ဒီဇယ်ဆီစသည့် လောင်စာဆီများ ရှားပါးမှု၊ ဈေးနှုန်းမြင့်တက်မှုများ ကြုံတွေ့နေရသည်။ ယင်းကဲ့သို့ လောင်စာဆီအခက်အခဲ ကမ္ဘာနှင့်အဝန်း ကြုံတွေ့နေရချိန်တွင် မြန်မာနိုင်ငံ၌ အလျှံပယ်ထွက်ရှိသည့် သဘာဝဓာတ်ငွေ့များကို မော်တော်ယာဉ်များတွင် ပြောင်းလဲသုံးစွဲနိုင်ခဲ့ခြင်းဖြင့် ပြည်တွင်းစက်သုံးဆီ လိုအပ်ချက်ကို တစ်ဖက်တစ်လမ်းက ဖြည့်ဆည်းပေးနိုင်သည့် ကဏ္ဍတစ်ရပ် မြန်မာနိုင်ငံ၌ ဖွင့်လှစ်ပေးနိုင်ခဲ့သည်မှာ ဝမ်းမြောက်ဖွယ်ရာ သတင်းကောင်းပင်ဖြစ်သည်။

မြန်မာနိုင်ငံ၌ ကုန်းတွင်းပိုင်းမှ သဘာဝဓာတ်ငွေ့ကို အခြေခံ၍ မော်တော်ယာဉ်များအား ဓာတ်ငွေ့သုံးမော်တော်ယာဉ်အဖြစ် ပြောင်းလဲသုံးစွဲနိုင်သည့် အခြေခံကောင်း၊ အတွေ့အကြုံကောင်းများ ရှိနေပြီးဖြစ်သည်။ ထို့ကြောင့် လူအများသုံးစွဲသည့် ဘတ်စ်ကား၊ ထရပ်ကားများကို ဓာတ်ငွေ့သုံး မော်တော်ယာဉ်များအဖြစ် ဦးစားပေး ပြောင်းလဲသုံးစွဲနိုင်ရန် ဝိုင်းဝန်းလုပ်ဆောင်ကြရန်ဖြစ်သည်။

ယခုအခါ သဘာဝဓာတ်ငွေ့ (CNG) သုံး မော်တော်ယာဉ်များအဖြစ် ပြောင်းလဲသုံးစွဲရေးအတွက် လုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် စနစ်တကျဆောင်ရွက်နိုင်ရန် နိုင်ငံတော်က ဦးစီးကော်မတီနှင့် လုပ်ငန်းကော်မတီများ ဖွဲ့စည်းတာဝန်ပေးအပ်ထားပြီးဖြစ်သည်။ လုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်ရာတွင် အမှတ်(၂) စက်မှုဝန်ကြီးဌာန၊ စွမ်းအင်ဝန်ကြီးဌာနနှင့် ရထားပို့ဆောင်ရေးဝန်ကြီးဌာန အပါအဝင် နိုင်ငံတော်အပိုင်းနှင့် ပုဂ္ဂလိကအပိုင်းတို့က ဟန်ချက်ညီညီ ပူးပေါင်းလုပ်ဆောင်လျက်ရှိသည်။

(CNG)သုံး မော်တော်ယာဉ်များအဖြစ် ပြောင်းလဲသုံးစွဲရာတွင် ဓာတ်ဆီအင်ဂျင်ကို ကျွမ်းကျင်စွာ ပြောင်းလဲသုံးစွဲနိုင်သကဲ့သို့ ဒီဇယ်အင်ဂျင်ကိုလည်း စနစ်တကျ လုံခြုံစိတ်ချစွာဖြင့် တွင်တွင်ကျယ်ကျယ် ပြောင်းလဲသုံးစွဲနိုင်စေရန် ကြိုးပမ်းအားထုတ်ကြရမည်ဖြစ်သည်။

လုပ်ငန်းအတွက် လိုအပ်သည့် ဓာတ်ငွေ့အိုး၊ ကွန်ပရက်စာများကို အချိန်မီရရှိရေးနှင့် ဓာတ်ငွေ့ဆိုင်များ တိုးချဲ့ဖွင့်လှစ်ရေးကို လုပ်ကိုင်ဆောင်ရွက်နေပြီဖြစ်သကဲ့သို့ သဘာဝဓာတ်ငွေ့ ပြောင်းလဲသုံးစွဲရေးကို လုပ်ကိုင်ပေးမည့် အစိုးရဌာနများနှင့် ပုဂ္ဂလိကများကလည်း အဆင့်မီမီ ကျွမ်းကျွမ်းကျင်ကျင်၊ ပိုင်ပိုင်နိုင်နိုင်၊ သွက်သွက်လက်လက် လုပ်ကိုင်နိုင်စေရန် ကြိုးပမ်းလုပ်ဆောင်နေကြပြီ ဖြစ်သည်။

နိုင်ငံတော်တစ်ဝန်းလုံး၌ ဓာတ်ဆီ၊ဒီဇယ်ဆီသုံး မော်တော်ယာဉ်မျိုးစုံ ၂ဒသမ၆သိန်းကျော်ရှိနေပြီး ရန်ကုန် မြို့တော် တစ်ခုတည်းမှာပင် စီးရေ ၁ဒသမ၅သိန်းကျော်ရှိနေသည်။ ယခင်က ဓာတ်ဆီအင်ဂျင်သုံး မော်တော်ယာဉ်အစီး ၅၈၀ကျော်အား သဘာဝဓာတ်ငွေ့သုံးအဖြစ် ပြောင်းလဲသုံးစွဲခဲ့ပြီး ယခုကာလတွင်လည်း မန္တလေးတိုင်း ပလိပ်ဒေသ၌ ဓာတ်ဆီသုံး မော်တော်ယာဉ် အစီး ၂၀၀ကို အောင်မြင်စွာ ပြောင်းလဲတပ်ဆင်သုံးစွဲခဲ့ပြီး ဖြစ်သည်။

ယင်းအချက်များသည်ပင် အကျိုးရှိရှိ လုံခြုံစိတ်ချစွာဖြင့် မော်တော်ယာဉ်များ၌ သုံးစွဲနိုင်သည်ဆိုသည့် လက်တွေ့ကျကျ ခိုင်မာသည့် အတွေ့အကြုံကို သက်သေထူပြလိုက်ခြင်းပင်ဖြစ်သည်။ လာမည့်နိုဝင်ဘာလနှင့် ဒီဇင်ဘာလမှစပြီး အများသုံးမော်တော်ယာဉ်များကို သဘာဝဓာတ်ငွေ့သုံး မော်တော်ယာဉ်များအဖြစ် အရေအတွက် ပိုမိုတိုးချဲ့ပြောင်းလဲပေးနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ရာ နိုင်ငံတော်နှင့်ပြည်သူများအတွက် အမှန်တကယ်အကျိုးရှိပြီး လက်တွေ့နယ်ပယ်တွင် အောင်မြင်စွာ သုံးစွဲနေပြီဖြစ်သည့် (CNG)သုံး မော်တော်ယာဉ်များ ပြောင်းလဲသုံးစွဲရေးလုပ်ငန်းများ အဆင့်မီမီ သွက်လက်လျင်မြန်စွာ အကောင်အထည်ဖော်နိုင်စေရန် တာဝန်ရှိသူများနှင့် မော်တော်ယာဉ်အသုံးပြုသူများအားလုံးက ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

## ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။



# ထေရဝါဒဗုဒ္ဓဘာသာစစ်စစ်ကို ယုံယုံကြည်ကြည်ကိုးကွယ်သည်မှာ မြန်မာတစ်နိုင်ငံတည်းသာရှိ ဗုဒ္ဓသာသနာ၏ဂုဏ်ကျက်သရေနှင့် မြန်မာနိုင်ငံ၏ဂုဏ်သိက္ခာအတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်

ရန်ကုန် အောက်တိုဘာ ၁၉

**မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပမည့် စတုတ္ထအကြိမ် ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံ နိုင်ငံတကာအဆင့်မီ ကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့မွန်းလွဲ ၁ နာရီက ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိ ဝိဇယမင်္ဂလာခမ္မသဘင်၌ ကျင်းပသည်။**

### အမှာစကားပြောကြား

လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ရှေးဦးစွာစတုတ္ထအကြိမ် ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ သာသနာရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်**(အပေါ်ပုံ)**က အမှာစကားပြောကြားရာ၌ စတုတ္ထအကြိမ် ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် သာသနာရေး ဝန်ကြီးဌာနအပါအဝင် ဝန်ကြီးဌာနအားလုံးက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ခဲ့ရာ ကြိုတင်ပြင်ဆင်မှုလုပ်ငန်းများအားလုံးနီးပါး ပြီးစီးနေပြီဖြစ်ကြောင်း။

### တစ်ကမ္ဘာလုံးကလက်ခံ

ကမ္ဘာပေါ်တွင် ဗုဒ္ဓဘာသာနိုင်ငံများရှိသော်ငြားလည်း ထေရဝါဒဗုဒ္ဓဘာသာ စစ်စစ်ကို အပြည့်အဝ ယုံယုံကြည်ကြည်လက်ခံ ကိုးကွယ်ကြသည်မှာ မြန်မာနိုင်ငံတစ်နိုင်ငံတည်းသာရှိသည်ဟု တစ်ကမ္ဘာလုံးက လက်ခံထားကြကြောင်း။

ထေရဝါဒ ဗုဒ္ဓသာသနာ၏ ဂုဏ်ကျက်သရေနှင့် မြန်မာနိုင်ငံ၏ ဂုဏ်သိက္ခာအတွက် အားလုံးဝိုင်းဝန်း ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ အစည်းအဝေးသို့ တက်ရောက်လာကြသော အခမ်းအနားပြင်ဆင်ရေး ဆပ်ကော်မတီ၊ စိမ်းလန်းစိုပြည်ရေး ဆပ်ကော်မတီ၊ ဖိတ်ကြားရေးနှင့်ကြိုဆိုနေရာချထားရေး ဆပ်ကော်မတီ၊ ကြိုဆိုပို့ဆောင်ရေး ဆပ်ကော်မတီ၊ ပြန်ကြားရေးနှင့်သတင်းမှတ်တမ်းထုတ်ပြန်ရေးဆပ်ကော်မတီ၊ ဘဏ္ဍာရေး ဆပ်ကော်မတီ၊ ကျန်းမာရေးဆပ်ကော်မတီနှင့် လုံခြုံရေးနှင့်စည်းကမ်းထိန်းသိမ်းရေး ဆပ်ကော်မတီတို့မှ ဥက္ကဋ္ဌများနှင့် အတွင်းရေးမှူးများက မိမိတို့ဆပ်ကော်မတီအလိုက် လုပ်ငန်းဆောင်ရွက်ပြီးစီးမှုများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ အစည်းအဝေးသို့ တက်ရောက်လာသူများက အကြံပြုဆွေးနွေးကြသည်။

**(သတင်းစဉ်)**

# ဆီမီး၉၀၀၀ပူဇော်ပွဲကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၁၉**

ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ ပုလဲမြို့သစ်၊ ပေါင်းငူညာဏရပ်ကွက်၊ ရွှေနံ့သာကျေးရွာ၊ နဝင်းကျောင်းတိုက်ကြီး၌ နဝင်းဆရာတော် အရှင်ခေမာစာရအားအမှူးထား၍ တပည့်ဒါယကာ ဒါယိကာမအပေါင်းတို့က သီတင်းကျွတ်လပြည့်နေ့ နံနက်၅နာရီတွင် ဆီမီး၉၀၀၀၊ ပန်း၉၀၀၀၊ နံ့သာ ၉၀၀၀ သစ်သီးဝလံတို့ဖြင့် ခုနစ်ကြိမ်မြောက် စကြာမုနိဆုတောင်းပြည့် ရုပ်ပွားတော်ကြီးအား ဆက်ကပ်ပူဇော်ကန်တော့ကြမည် ဖြစ်သည်။ နံနက်၉နာရီတွင် ရေစက်ချ လှူဒါန်းကြပြီး အာယုဒီဃပျိုးဥယျာဉ်စာသင်တိုက်ကြီး၌ သုခမ္မာရာပြည့် မဟာပဝါရဏာပြု သံဃာပူဇော်ပွဲကြီးမှ ဆရာတော် သံဃာတော်အပါး ၉၀၀ အား ဆွမ်းဆန်စိမ်းလှူဒါန်းကြမည်ဖြစ်ကြောင်း သိရသည်။ **(ကမ-ပ)**

## မြဝတီရုပ်မြင်သံကြား

၂၀-၁၀-၂၀၀၄

(ဗုဒ္ဓဟူးနေ့)

**နံနက်ပိုင်း**

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

**ညပိုင်း**

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄:၁၅ ၄။ လက်စွမ်းပြဟန်ဂီတသံ
၄:၂၀ ၅။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄:၃၀ ၆။ မျိုးချစ်တပ်မတော်
၄:၄၀ ၇။ ကျန်းမာကြံ့ခိုင်တို့နိုင်ငံ
၄:၅၀ ၈။ ရင်ခုန်စီးဆင်းအချစ်သီချင်း
၅:၀၀ ၉။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် (ပထမနှစ်-အင်္ဂလိပ်စာ (အထူးပြုများအားလုံး) First Year Guide
၅:၃၀ ၁၀။ မြတ်နိုးကြစေအမျိုးသားအမွေ
၅:၄၅ ၁၁။ သာယာသီကြွေး ခေတ်ဆန်းတေး
၆:၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၃။ နိုင်ငံတကာသတင်း
၆:၂၀ ၁၄။ မိုးလေဝသသတင်း
၆:၂၅ ၁၅။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၃၀ ၁၆။ မြန်မာ့ရှုခင်း
၆:၄၀ ၁၇။ လျှပ်တစ်ပြက်
၇:၀၀ ၁၈။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ရေသူမလေးရဲ့အချစ်"** (အပိုင်း-၉)
၈:၀၀ ၁၉။ မြဝတီရုပ်မြင်သံကြားသတင်း
၂၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၂၁။ လျှပ်တစ်ပြက်
၂၂။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
၂၃။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
၂၄။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"သိန်းငှက်သူရဲကောင်း"** (အပိုင်း-၁၃)

# မီးမြင်းမိုရ်ထွတ် သီတင်းကျွတ်

**မိုးထက်မြင့် (မြစ်ဝကျွန်းပေါ်)**

**“ကြာငါးမည် ကြိုင်သင်းလို့**
**လျှံဝင်းတဲ့ ပြောင်ထိန်။**
**ရွှေနန်းတောင်တော်ဦးမှာ**
**ကွန့်မြူးမြင်းမိုရ်မီး**
**ညီးတဲ့ခါချိန်။ ။”**
**(ဖိုးသူတော် ဦးမင်း)**

မိုးမေဃိန်၏စေတမန် တိမ်ယံညိုမည်း မြရည်ခဲတို့မှာ လွင့်ကျဲကွယ်ပျောက်ခဲ့လေပြီ။ အလမ္ဘရာ ဒိုဏ္ဍိမာ စည်တော်ကြီး၏ ရိုက်ဟည်းညောင်းဆော်ခတ်လောင်းသံလည်း စဲခဲ့လေပြီ။ လက်ပမ်းပေါင်းခတ်မျှ ပြက်လျက်ဝင်းထိန် ဂုဏ်ရှိန်ပြတတ်သည့် လျှပ်ပန်းလျှပ်နွယ်တို့လည်း ကွယ်ပျောက်ခဲ့လေပြီ။ မိဿ၊ ပြိဿ၊ မေထုန်၊ ကရကဋ် အစရှိသော ရာသီဆယ့်နှစ်ကွင်းတွင် ကန်ရာသီကုန်ကျွမ်း၍ တူရာသီသို့ တက်လှမ်းခဲ့လေပြီ။ ဝါလကင်းလွတ်သီတင်းကျွတ်သည် တမွတ်မှန်ကင်း လများမင်းပင် ဖြစ်ပေတော့သည်။

မြကန်တို့အတွင်း ကြာမျိုးငါးပါးတို့ ပွင့်လန်းသော အချိန်အခါဖြစ်သည်။ စံပယ်ပန်း၊ ကြာပန်းများ မြိုင်မြိုင်ဆိုင်ဆိုင်ပွင့်ကြ၍ ပန်းရနံ့တို့ဖြင့် သင်းပျံ့ကြိုင်လှိုင်နေသော ကာလဖြစ်သည်။

သီတင်းကျွတ်လတွင် ဗုဒ္ဓဘာသာဝင် သူတော်စင်တို့သည် ရှေးရိုးစဉ်လာ ထုံးတမ်းမပျက် ကုသိုလ်ဆက်သည့်အနေဖြင့် မီးမြင်းမိုရ်ပွဲကို ရွှင်ပျော်စွာ နွှဲလေ့ရှိကြသည်။

သုံးလောကထွတ်ထား သဗ္ဗညုမြတ်စွာဘုရားသည် ခုနစ်ဝါမြောက်ဝါဆိုလသို့ ရောက်ဆဲကာလ သာဝတ္ထိပြည်တွင် သရက်ဖြူပင်ရင်း၌ အယူလွဲမှားနေသော တိတ္ထိတစ်သင်းတို့အား တန်ခိုးပြဋ္ဌိဟာပြကာ နှိမ်နင်းချေချွတ်တော်မူ၏။ ထို့နောက် တာဝတိံသာနတ်ပြည်သို့ ဝါကပ်ရန် ကြွတော်မူ၏။ မြတ်စွာဘုရားသခင်သည် မယ်တော်ဖြစ်ခဲ့ဖူးသော သန္တုသိတ နတ်သားအားအမှူးပြု၍ တာဝတိံသာနတ်နန်းဝယ် ဝါတွင်းသုံးလပတ်လုံး နက်နဲလှစွာ အဘိဓမ္မာဒေသနာတော်ကို ဟောကြားတော်မူခဲ့သည်။ ယင်းသို့ တရားရေအေး အမြိုက်ဆေးကို တိုက်ကျွေးတော်မူပြီးနောက် ဤဝါကျွတ်ချိန်ခါ ရက်မြတ်အခါ တာဝတိံသာနတ်နန်းမှသည် လူ့ပြည်ဖြစ်သော သင်္ကဿနဂိုရ်သို့ ရွှေစောင်းတန်း၊ ငွေစောင်းတန်း၊ ပတ္တမြားစောင်းတန်း စောင်းတန်းသုံးသွယ်ဖြင့် နှိုင်းတုကင်း အသရေတော်ဆောင်၍ နတ်ဗြဟ္မာအပေါင်းတို့ခြံရံလျက် ဆင်းသက်ကြွမြန်းတော်မူလာခဲ့သည်။

အဘိဓမ္မာတရားတော်ကို တာဝတိံသာနတ်ပြည်တွင် ဝါကပ်ဟောသည်ဟု ဆိုသော်လည်း နတ်ပြည်၌ အကျယ်နည်းတစ်ပွဲ၊ စန္ဒကူးတော၌ အကျဉ်းနည်းတစ်ပွဲ၊ လူ့ပြည်၌ ရဟန်းငါးရာအား အရှင်သာရိပုတ္တရာက မကျဉ်းမကျယ်နည်းဖြင့် ဟောသည်ကတစ်ပွဲ၊ တစ်ပြိုင်တည်း သုံးပွဲဟောခြင်းဖြစ်ပါသည်။ ဝါဆိုလပြည့်နေ့တွင် စတင်ဟောကြား၍ သီတင်းကျွတ်လပြည့်နေ့၌ တစ်ပြိုင်တည်း ပြီးဆုံးပါသည်။

သီတင်းကျွတ်လပြည့်နေ့တွင် ရဟန်းသံဃာတော်တို့ ပဝါရဏာပွဲပြုလုပ်ကျင်းပကြသည်။ ရဟန်းတော်များသည် မြတ်စွာဘုရား၏ ပညတ်တော်အရ လပြည့်လကွယ်နေ့တိုင်း စတုဒ္ဒသီဥပုသ်၊ ပန္နရသီဥပုသ်များကို ပြုတော်မူကြ၏။ သီတင်းကျွတ်လပြည့်နေ့တွင်မူ ဝိနည်းဒေသနာတော်အရ ဥပုသ်အစား ‘ပဝါရဏာ’ ပြုတော်မူကြသည်။

ပဝါရဏာဟူသော ပါဠိ၏အဓိပ္ပာယ်မှာ ဖိတ်ကြားခြင်း၊ တောင်းပန်တိုက်တွန်းခြင်းဟူ၍ အဓိပ္ပာယ်ရ၏။ အကျဉ်းချုပ်မှာ ရဟန်းတော်အချင်းချင်း အပြန်အလှန် တိုက်တွန်းတောင်းပန်သည့်ပွဲ၊ အပြန်အလှန် ဖိတ်ကြားသည့်ပွဲဖြစ်လေ၏။

**“ငါ့ရှင်တို့ တပည့်တော်သည် သံဃာကို ဖိတ်ကြားပါ၏။ တပည့်တော်၏ အပြစ်ကို မြင်သော်လည်းကောင်း၊ ကြားသော်လည်းကောင်း၊ သံသယရှိသော်လည်းကောင်း တပည့်တော်အား သနားသောအားဖြင့် ပြောဆိုသတိပေးကြပါ။ အပြစ်ကို ကုစားပါမည်ဟူ၍ ပဝါရဏာပြုကြပါသည်။”**

အဘိဓမ္မာဒေသနာတော်သည် ဓမ္မက္ခန္ဓာပေါင်း ရှစ်သောင်းလေးထောင်အနက် ထက်ဝက်မျှပင်ရှိ၏။ လွန်စွာများပြားရှည်လျား၏။ ဝါတွင်းသုံးလပတ်လုံး ဆက်တိုက်ဟောမှ ပြီးဆုံး၏။ ထိုမျှလောက်ရှည်လျားသော ဒေသနာတော်ကို လူ့ပြည်တစ်နေရာတည်း ဣရိယာပုထ်တစ်မျိုးတည်းဖြင့် ဆက်တိုက်နာကြားနိုင်သော ပုဂ္ဂိုလ်မျိုးမရှိပေ။ နတ်ပြည်၌သာရှိပေ၏။ ထို့ကြောင့် အဘိဓမ္မာဒေသနာတော်ကို လူ့ပြည်၌ ဟောကြားတော်မမူဘဲ နတ်ပြည်၌သာ ဟောကြားတော်မူခြင်းဖြစ်ပါသည်။

အဘိဓမ္မာတရားဒေသနာတော်သည် ကျမ်းအရေအတွက်အားဖြင့် ခုနစ်ကျမ်းရှိရာ ယင်းခုနစ်ကျမ်းကို စိတ်၊ စေတသိက်၊ ရုပ်၊ နိဗ္ဗာန် ဟူသော ပရမတ္ထသစ္စာ၊ ပရမတ္ထအားဖြင့် ထင်ရှားရှိသော ဝိဇ္ဇမာနပညတ်၊ ပရမတ္ထအားဖြင့် ထင်ရှားမရှိသော အဝိဇ္ဇမာနပညတ်ဟူသော သမ္မုတိသစ္စာနှစ်ပါးဖြင့် ဝေဖန်ရသော် ဓမ္မသင်္ဂဏီကျမ်း၊ ဝိဘင်းကျမ်း၊ ဓာတုကထာကျမ်းတို့၌ ပရမတ္ထသစ္စာကို အကျယ်အားဖြင့် ဟောကြားတော်မူ၍ ပုဂ္ဂလပညတ်ကျမ်း၌ကား သမ္မုတိသစ္စာကို အကျယ်အားဖြင့် ဟောကြားတော်မူသည်။ ကထာဝတ္ထုကျမ်း၊ ယမိုက်ကျမ်း၊ ပဋ္ဌာန်းကျမ်းတို့၌မူ ပရမတ္ထသစ္စာ၊ သမ္မုတိသစ္စာနှစ်ပါးလုံးကို အကျယ်အားဖြင့် ဟောတော်မူသည်။

မြတ်ဘုရားရှင်သည် တာဝတိံသာနတ်ပြည်၌ အဘိဓမ္မာတရားတော်ကို ဟောကြားတော်မူပြီးနောက် လူ့ပြည်သို့ ပြန်လည်ကြွမြန်းရာ၌ သင်္ကဿနဂိုရ်မြို့တောင်ဘက်တံခါးဝသို့ လက်ယာခြေတော်ချရာ နေရာဌာနသည် ဗုဒ္ဓဘုရားရှင်တိုင်း မစွန့်အပ်သော အဝိဇဟိတလေးပါးအနက် တစ်ပါးအပါအဝင် ဖြစ်ပါသည်။ သို့ဖြစ်၍လည်း သီတင်းကျွတ်လပြည့်နေ့သည် ဗုဒ္ဓဘာသာဝင်တို့အတွက် ထူးကဲမြင့်မြတ် အလေးဂရုပြုအပ်သောနေ့ ဖြစ်ခဲ့ပေသည်။ ထိုသို့ ဘုရားရှင် ပထမဦးဆုံး လက်ယာခြေတော်ချရာအရပ်သည် နောင်တစ်ချိန်တွင် ‘အစလစေတိယဌာန’ ဟူ၍ အမည်ထင်ရှားလေသည်။

ခပ်သိမ်းသော ဘုရားရှင်တို့ မစွန့်ပစ်အပ်သောနေရာ၊ အပြောင်းအလဲမရှိဘဲ ဆောင်ရွက်မြဲအရပ်ဌာနကို ‘အဝိဇဟိတဌာန’ ဟု ခေါ်ဆို၍ အဝိဇဟိတဌာနလေးပါး ရှိသည်။

**အဘိဓမ္မာတရားတော်သည် အလွန်ထူးကဲသော တရားတော်မြတ်ဖြစ်သည်။ ထိုတရားတော်မြတ်အား ရွတ်ပွားသရဇ္ဈာယ်နေသူတို့မှာ တရားတော်အား ရွတ်ပွားနာကြားနေချိန်တွင် တဒင်္ဂ၌ လောဘ၊ ဒေါသ၊ မောဟ၊ ကိလေသာများ ချုပ်ငြိမ်းနေခြင်းအကျိုးတရားများနှင့်အတူ ပစ္စက္ခ၊ သံသရာ ကောင်းကျိုးများစွာကို ရရှိဖြစ်ထွန်းနိုင်မည်ဖြစ်ပေသည်။**

မြတ်စွာဘုရားရှင် တာဝတိံသာနတ်ပြည်မှ သင်္ကဿနဂိုရ်ပြည်သို့ ကြွတော်မူသည်မှာ ရောင်ခြည်တော်ခြောက်သွယ်ကွန့်မြူးလျက် ပတ္တမြားစောင်းတန်းမှ ကြွမြန်းတော်မူလာပြီး ဗြဟ္မာကြီးများက ရွှေထီး၊ ငွေထီး၊ သန္တာထီးများ အမျိုးမျိုးမိုးကာလျက် ငွေစောင်းတန်းမှ ရွှေတံခွန်၊ ငွေတံခွန်၊ ပုလဲတံခွန်များကို ကိုင်ဆောင်ကာ ပဥ္စသိခ်နတ်သားက ဗေလုဝစောင်းကို တီး၍ပူဇော်ပြီး မာတလိနတ်သားက စာမရီသားမြီးယပ်ကိုခတ်လျက် မြတ်စွာဘုရားအား ပူဇော်ကာ ကြွမြန်းတော်မူလာသည်။

ပွဲသဘင်များတွင် သင်္ကြန်ပွဲတော်နှင့် သီတင်းကျွတ်ပွဲတော်တို့သည် အစည်ကားဆုံးပွဲတော်များဖြစ်သည်ဟု ဆိုနိုင်သည်။ အထူးသဖြင့် သီတင်းကျွတ်ပွဲတော်ရက်သည် ခြေခင်းလက်ခင်းသာချိန်ဖြစ်၍ လူတိုင်း စိတ်လက်ကြည်နူးကြသည်။ မိသားစုစုံစုံညီညီ ပွဲတော်ရက်အတွင်း အလည်အပတ် သွားရောက်ကြသည်။

သီတင်းကျွတ်လသည် မိုးရာသီကုန်ဆုံးသည့် လလည်းဖြစ်သည်။ မိုးလေကင်းလွတ်၍ ရာသီဥတု ကောင်းမွန်သာယာသည့် အချိန်အခါဖြစ်သည်။ ထိုအချိန်တွင် ဘိုးဘွား၊ မိဘ၊ ဆရာသမားများအား တပည့်သားမြေးဖြစ်သူတို့က လှူဖွယ်ပစ္စည်းများဖြင့် သွားရောက်ကန်တော့ကြသည်။ မိဘနှင့်သားသမီး၊ ဆရာနှင့်တပည့်တို့အကြား ချစ်ခင်မြတ်နိုးမှု၊ ရိုသေလေးစားမှုများ တိုးပွား၍ ကြည်နူးချမ်းမြေ့စရာ အချိန်အခါဖြစ်ပေသည်။

**“ဘုန်းကြီးပါစေ၊ သက်ရှည်ပါစေ၊ အန္တရာယ်ကင်းပါစေ၊ သည်မိ သည်ဖ၊ သည်လင် သည်မယား၊ သည်သား သည်သမီးတို့နှင့် အိုအောင်မင်းအောင် ချစ်ချစ်ခင်ခင် ကြင်ကြင်နာနာ ပေါင်းရပါစေ”**

အစရှိသည့် အကြင်နာတရားပြည့်ဝသော ဆုပေးသံများ၊ ‘ပေးတဲ့ဆုနဲ့ ပြည့်ပါစေ’ဟု လိုလားနှစ်သက်စွာ ခံယူသောဆုယူသံများသည် မြန်မာ့မြေတစ်ခွင်တွင် ပဲ့တင်ထပ်သော အချိန်အခါပင် ဖြစ်ပေသည်။

ရိုသေထိုက်သောသူတို့အား ရိုသေခြင်း၊ ရိုသေခြင်းအဖြစ် ရှိခိုးပူဇော်ကန်တော့ခြင်းသည် မင်္ဂလာတရားတော်နှင့်အညီဖြစ်သောကြောင့် မင်္ဂလာရှိပေသည်။ သက်ကြီးပူဇော်ပွဲသည် ထိုမျှသာမက ပူဇာစပူဇနေယျာနံ မင်္ဂလာ၊ ဒါနမင်္ဂလာ၊ နိဝါတမင်္ဂလာ၊ ကတညုတမင်္ဂလာ၊ သောဝစဿတာမင်္ဂလာတို့နှင့်ပါ ညီညွတ်ပြည့်စုံလေသည်။

မြတ်စွာဘုရား သက်တော်ထင်ရှားရှိတော်မူစဉ်အခါက ဝါကျွတ်ချိန်ရောက်လျှင် တပည့်သားရဟန်း သံဃာတော်များသည် မြတ်စွာဘုရားအားဖူးမြော်ကန်တော့ရန် အနယ်နယ်အရပ်ရပ်ရှိ ဝါကပ်နေရာများမှ ရောက်လာကြကာ ကန်တော့လေ့ရှိကြသည်။

သံဃာတော်အရှင်မြတ်များသည် မြတ်စွာဘုရား၏ ပညတ်တော်မူချက်အရ ဝါတွင်းသုံးလလုံးလုံး ဝါဆိုတော်မူကြရသည်။ ဝါဆိုပုံမှာ ဝါဆိုလပြည့်ကျော် ၁ ရက်နေ့ ညနေဖြစ်စေ၊ ညဉ့်ဦးဖြစ်စေ “ဤကျောင်းအရာမ်အတွင်း၌ ဝါတွင်းသုံးလပတ်လုံးနေထိုင်မည်”ဟူ၍ မြတ်စွာဘုရားရှေ့တော်၌ ဝန်ခံကတိပြုကာ ဝါဆိုကြရသည်။ ဝန်ခံသည့်အတိုင်း ဝါဆိုလပြည့်ကျော် ၁ရက်နေ့မှ သီတင်းကျွတ်လပြည့်နေ့အထိ မိမိတို့ဆိုင်ရာ ကျောင်းအရာမ်နယ်နိမိတ်အတွင်း၌ ညအချိန် ကျိန်းစက်ကြရသည်။

သီတင်းကျွတ်ပွဲတော်အချိန်တွင်ကား ထိုကဲ့သို့ ချုပ်တည်းခြိုးခြံစွာ နေထိုင်သီတင်းသုံးချိန်သည် ကျွတ်လွတ်ခဲ့ပြီ။

သီတင်းကျွတ်လပြည့်နေ့တွင် ထွန်းလင်းတောက်ပလှသော အသရေတော်တို့ဖြင့် မြတ်စွာဘုရားရှင်သည် နတ်ဗြဟ္မာအပေါင်းခြံရံလျက် တာဝတိံသာနတ်ပြည်မှ သင်္ကဿနဂိုရ်ပြည်သို့ ပြန်လည်ကြွချီတော်မူလာသည်ကို ပူဇော်သောအားဖြင့် ဗုဒ္ဓဘာသာဝင်သူတော်စင်အပေါင်းတို့က ကျောင်း၊ ကန်၊ ဘုရား၊ ဓမ္မာရုံတို့၌လည်းကောင်း၊ မိမိတို့အိမ်ဝင်းခြံမြေ တိုက်တာအဆောက်အအုံတို့၌လည်းကောင်း၊ လမ်းဥပစာတို့၌လည်းကောင်း၊ ရောင်စုံဆီမီးများ၊ ဖယောင်းတိုင်မီးများထွန်းညှိ၍ မြတ်စွာဘုရားရှင်အား ကြိုဆိုဖူးမြော်ကြသည်။ ဤသည်ကို အစွဲပြု၍ ဤရာသီကာလ၌ တောရောမြို့ပါ မြန်မာပြည်အနှံ့ ဆီမီးညှိထွန်းပွဲတော်ကို ကျင်းပလေ့ရှိကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။



**အောက်တိုဘာ ၁၆ရက်က မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ လှိုင်မြို့နယ် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးစင်တာ၌ Thantronic မှ စက်ပြုပြင်မှု လုပ်ငန်းခွင်သင်တန်းကျင်းပရာ မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌ ဗိုလ်မှူးစစ်အေး(ငြိမ်း)နှင့် သင်တန်းအုပ်ချုပ်ရေးမှူး ဦးခင်မောင်သန်းတို့က ကြီးကြပ်ဆောင်ရွက်စဉ်။ (က-ပ)**

## နှင်းဆီကုန်းဘိုးဘွားများအား ကျန်းမာရေးစောင့်ရှောက်ဆောင်ရွက်

**ရန်ကုန် အောက်တိုဘာ ၁၉**

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ကမ္ဘာအေးစေတီလမ်းရှိ နှင်းဆီကုန်းဘိုးဘွားရိပ်သာမှ အဘိုးအဘွားများအား တိုင်းရင်းဆေးဆရာအသင်းနှင့် တိုင်းရင်းဆေးပညာဦးစီးဌာနမှ ဆရာဆရာမများက တိုင်းရင်းဆေးပညာဖြင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို အောက်တိုဘာ ၁၇ ရက်က လာရောက်ဆောင်ရွက်ပေးကြသည်။

**ပေးအပ်လှူဒါန်း**

အဆိုပါဆေးဆရာများအဖွဲ့ကို မှန်ချိုဆေးတိုက်မှ ဆရာကြီးဦးလှရွှေ၊ သပြေဆေးတိုက်မှ ဆရာကြီးဦးမြင့်ဟန်၊ မိခင်ဆေးတိုက်မှ ဆရာကြီးဦးမြင့်သောင်းနှင့် (ရန်ကုန်တိုင်း) တိုင်းရင်းဆေးပညာဦးစီးဌာနမှ တိုင်းဦးစီးဌာနမှူး ဒေါ်သန်းသန်းမြင့်တို့ ဦးဆောင်၍ ဆရာ ဆရာမ ၁၅ ဦးပါဝင်သောအဖွဲ့က အဘိုးအဘွားများ၊ အုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ဝန်ထမ်းများအား တိုင်းရင်းဆေးပညာဖြင့် ကုသပေးပြီး ဆေးပဒေသာပင်ငွေကျပ် ၈၀၀၀၀နှင့် တိုင်းရင်းဆေးမျိုးစုံတို့ကို အုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ဗိုလ်မှူးအောင်သန်း(ငြိမ်း)သို့ ပေးအပ်လှူဒါန်းသွားကြောင်းသိရသည်။

**(အောက်ပုံ) (က-ပ)**



# အောက်တိုဘာ ၁၈ရက်အထိ အီရတ်၌ သေဆုံးသော အမေရိကန်တပ်ဖွဲ့ဝင် ၁၁၀၂ ဦး ရှိသွားပြီ

ဘဂ္ဂဒက် အောက်တိုဘာ ၁၉

**အီရတ်နိုင်ငံအား အမေရိကန်နှင့်အပေါင်းပါတပ်ဖွဲ့များသည် ၂၀၀၃ ခုနှစ် မတ် ၂၀ ရက်က စတင်ပြီး ဝင်ရောက်ကျူးကျော် တိုက်ခိုက်ခဲ့ကြသည်။ ထိုသို့တိုက်ခိုက်ခဲ့ချိန်မှစပြီး အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များသည် ယနေ့တိုင် အီရတ်နိုင်ငံ၌ သေဆုံးဒဏ်ရာ ရလျက်ရှိကြသည်။**

အောက်တိုဘာ ၁၈ ရက် တနင်္လာနေ့၌ အမေရိကန်ကာကွယ်ရေးဌာနက ထုတ်ပြန်သော သေဆုံးစာရင်းတွင် ၁၁၀၂ ဦးရှိသွားပြီဖြစ်ကြောင်း ဖော်ပြထားရာ ယင်းအနက် ၈၄၆ဦးမှာ တိုက်ပွဲ၌သေဆုံးပြီး ၂၅၆ ဦးမှာ အခြားအကြောင်းများကြောင့် သေဆုံးခဲ့ကြသည်။

**သေဆုံး**

ထို့အပြင် အီရတ်နိုင်ငံ၌ အခြားတပ်ဖွဲ့ဝင်များလည်း သေဆုံးမှုရှိခဲ့ရာ ဗြိတိသျှ ၆၇ ဦး၊ အီတလီ ၁၉ ဦး၊ စပိန် ၁၁ ဦး၊ ဘူဂေးရီးယား ခြောက်ဦးနှင့် ပိုလန် ၁၃ဦး၊ ယူကရိန်း ကိုးဦး၊ ဆလိုဗက်ကီးယား သုံးဦး၊ အခြား နှစ်ဦး၊ နယ်သာလန် နှစ်ဦး၊ ဒိန်းမတ်၊ ဆာဗေဒို၊ အက်စ်တိုးနီးယား၊ ဟန်ဂေရီ၊ လတ်ဗီးယားတို့ တစ်ဦးစီ သေဆုံးခဲ့ကြသည်။

**ပြောကြား**

သမ္မတဘုရှ်က ၂၀၀၃ ခုနှစ် မေ ၁ ရက်၌အီရတ်တွင် စစ်ပွဲပြီးဆုံးကြောင်း ကြေညာခဲ့ချိန်မှ စပြီး အီရတ်၌ သေဆုံးခဲ့သော အမေရိကန်တပ်ဖွဲ့ဝင် အရေအတွက်မှာ ၉၆၄ ဦးဖြစ်ပြီး ယင်းအနက် ၇၃၇ဦးမှာ တိုက်ပွဲ၌သေဆုံး၍ ၂၂၇ ဦးမှာအခြားအကြောင်းများကြောင့် သေဆုံးကြောင်း စစ်ဘက်ဆိုင်ရာက ပြောကြားသည်။ **(အင်တာနက်)**




**အီရတ်မှ တောင်ကိုရီးယားတပ်ဖွဲ့ဝင်များ ရုပ်သိမ်းရန် တောင်းဆိုဆန္ဒပြနေသူများအား ဆိုးလ်မြို့တော်တွင် အောက်တိုဘာ ၁၇ရက်က တွေ့ရစဉ်။**
(ဓာတ်ပုံ-အင်တာနက်)

**မြန်မာ့အလင်း**



**နိုင်ငံတကာသတင်းများ**

# ဘဂ္ဂဒက်မြို့လယ်ရှိ ဟိုတယ်တစ်ခုအနီး ဒုံးကျည်တစ်လုံး ကျရောက်ပေါက်ကွဲ

**ဘဂ္ဂဒက် အောက်တိုဘာ ၁၉**

ဘဂ္ဂဒက်မြို့လယ်ကောင်ရှိ ဟိုတယ်တစ်ခုအား စနေနေ့အစောပိုင်း၌ ဒုံးကျည်တစ်လုံးထိမှန်ခဲ့ကြောင်း မျက်မြင်တွေ့ရှိသူများက ပြောကြားသည်။

**ပေါက်ကွဲ**

ဒုံးကျည်သည် တိုက်ဂရစ်မြစ် အနောက်ဘက်ကမ်းရှိ ကြယ်ငါးပွင့်ဟိုတယ် မန်ဆူ၏ ကားရပ်နားရာနေရာ၌ ကျရောက်ပေါက်ကွဲခဲ့ရာ ပြတင်းပေါက်မှန်များ ကွဲကုန်သော်လည်း ထိခိုက်ဒဏ်ရာရရှိသည့်သတင်း မသိရသေးဟု ဆိုသည်။

**စိုးရိမ်ပူပန်**

အမေရိကန်နှင့် အီရတ်အာဏာပိုင်များက ထပ်မံတိုက်ခိုက်မှုများ ဖြစ်ပွားလာမည်ကို စိုးရိမ်ပူပန်နေကြသည်။

**အမ်အင်အေ၊ဆင်ဟွာ**

# ဖော်လူဂျာမြို့ဝန်းကျင်တွင် တိုက်ပွဲများပြင်းထန်စွာဖြစ်ပွား ကန်တပ်ဖွဲ့ဝင်များအားခုခံရေးသမားတို့ စိန်ပြောင်း၊ ဒုံးပစ်လောင်ချာများဖြင့်ပစ်ခတ်

ဖော်လူဂျာ အောက်တိုဘာ ၁၈

**အမေရိကန်၊ အီရတ်တပ်ဖွဲ့ဝင်များနှင့် ဖော်လူဂျာမြို့တွင် ခုခံတိုက်ခိုက်နေသောအီရတ်များ တနင်္ဂနွေနေ့ နံနက်ပိုင်း၌ တိုက်ပွဲပြင်းထန်စွာဖြစ်ပွားခဲ့ရာတွင် အီရတ်ခုနစ်ဦးသေဆုံးပြီး၊ အခြား၁၀ဦးဒဏ်ရာရရှိခဲ့ကြောင်း ဆေးဘက်ဆိုင်ရာအမှုထမ်းများက ပြောကြားသည်။**

ဝိုင်းထားသော ဖော်လူဂျာမြို့၏ အရှေ့မြောက်ပိုင်းရှိ အယ်လ်အက်စ်ကာရီ အရပ်တွင် ခုခံတိုက်ခိုက်ရေးသမားများရှိမည့် နေရာများကို အမေရိကန် တင့်ကားများနှင့် အမြောက်များက ပစ်ခတ်ခဲ့ကြပြီး ခုခံတိုက်ခိုက်ရေးသမားနှင့် အမေရိကန်တပ်ဖွဲ့ဝင်များသည် တနင်္ဂနွေနေ့မွန်းလွဲပိုင်းအထိ တိုက်ပွဲပြင်းထန်စွာ ဆက်လက်ဖြစ်ပွား ခဲ့သည်။

ခုခံတိုက်ခိုက်ရေးသမားများက စိန်ပြောင်းများ၊ ဒုံးပစ်လောင်ချာများဖြင့် ပြန်လည်ပစ်ခတ်ခဲ့ကြကြောင်း အမေရိကန် တင့်ကားနှစ်စီး မီးလောင်သည်ကို တွေ့ရကြောင်း၊ နံနက်ပိုင်းကလည်း ပျက်စီးနေသော ဟမ်းဗီးစစ်ယာဉ်တစ်စီးကို တွေ့ရကြောင်း ဒေသခံများက ပြောဆိုကြသည်။

တိုက်ပွဲများကြောင့် မြို့တွင်းမှနေ၍ မိသားစုအများစုသည် မြို့ကိုစွန့်ခွာထွက်ပြေးခဲ့ကြရာ မြို့မှာလူသူကင်းမဲ့သလောက် ဖြစ်ခဲ့သည်။ အမေရိကန်တို့က မြို့တွင်းရှိ ဂိုလန်နှင့် အယ်လ်အက်စ်ကာရီ အရပ်များကို တိုက်ခိုက်သဖြင့် အိမ်လေးလုံး ပျက်စီးခဲ့ရသည်။

**သတိပေး**

အကယ်၍ ဖော်လူဂျာမြို့က ဂျော်ဒန်လူမျိုးတိုက်ခိုက်ရေးအဖွဲ့ခေါင်းဆောင် အဘူမူဆက်အယ်လ်ဇာကာဝီနှင့် နောက်လိုက်များကို မအပ်လျှင် မြို့ကို အကြီးအကျယ် ထိုးစစ်ဆင်မည်ဟု အီရတ်ကြားဖြတ် အစိုးရက ကြေညာပေးထားသည်။

**အမ်အင်အေ၊ဆင်ဟွာ**




**လုံခြုံရေးစောင့်ကြပ်**

**ဘာဆာရာမြို့တွင် လမ်းဘေးဗုံးပေါက်ကွဲမှုဖြစ်ပွားသည့် နေရာအနီး လုံခြုံရေးစောင့်ကြပ်နေသော ဗြိတိသျှတပ်ဖွဲ့ဝင် တစ်ဦးကို အောက်တိုဘာ ၁၇ ရက်က တွေ့ရစဉ်။**
(ဓာတ်ပုံ-အင်တာနက်)

# ကန်တပ်ဖွဲ့အတွက် သူလျှိုလုပ်ပေးသော မက်ဆီဒိုးနီးယားနှစ်ဦး အီရတ်ခုခံတိုက်ခိုက်ရေးပြောက်ကျားများကသတ်ဖြတ်

ဒိုဟာ အောက်တိုဘာ ၁၈

**အမေရိကန်တပ်ဖွဲ့ဝင်များအတွက် ထောက်လှမ်းပေးသည်ဟူသောစွပ်စွဲချက်ဖြင့် မက်ဆီဒိုးနီးယားလူမျိုး နှစ်ဦးအား အီရတ်ခုခံတိုက်ခိုက်ရေးသမားများက သတ်ပစ်လိုက်သည်ဟု အယ်ဂျာဇီရာ ရုပ်မြင်သံကြားဌာနက ထုတ်လွှင့်ခဲ့ကြောင်း အင်တာနက်မှလာသော ဝက်ဘ်ဆိုက်သတင်း၌ ဖော်ပြထားသည်။**

မက်ဆီဒိုးနီးယားလူမျိုး တစ်ဦးချင်းအား သတ်ပစ်လိုက်ကြောင်း အီရတ်ခုခံတိုက်ခိုက်ရေးသမားများက ပြောကြားသည်ဟု ကာတာအခြေစိုက် ရုပ်မြင်သံကြားဌာနက သတင်းထုတ်လွှင့်ခဲ့သည်။

အီရတ်ရှိ အမေရိကန်စစ်စခန်းမှ ထွက်လာသော မက်ဆီဒိုးနီးယား လူမျိုးနှစ်ဦးအား ဖမ်းဆီးခဲ့ပြီးနောက် ၎င်းတို့အား စစ်ကြောဖော်ထုတ်ချက်နှင့် ၎င်းတို့ထံမှ တွေ့ရှိသော စာရွက်စာတမ်းများအရ အမေရိကန်တပ်ဖွဲ့အတွက် ထောက်လှမ်းပေးခဲ့ကြောင်း အထောက်အထားခိုင်လုံသည်ဟု အီရတ် ခုခံတိုက်ခိုက်ရေးသမားအုပ်စုက ပြောကြားသည်။

**ရိုက်ကူးပြသ**

အယ်ဂျာဇီရာ ရုပ်မြင်သံကြားမှ ထုတ်လွှင့်ပြသခဲ့သော ဗီဒီယိုတိပ်ခွေတွင် ဖမ်းဆီးထားသော မက်ဆီဒိုးနီးယားလူမျိုးနှစ်ဦးအား ပြန်ပေးအုပ်စု နဖူးစည်းစာတမ်းများ နောက်ခံထားပြီး ၎င်းတို့၏ အထောက်အထားကတ်များနှင့် အတူ ရိုက်ကူးပြသထားသည်။ **(အင်တာနက်)**

**အီရတ် မိသားစုများ၏ ဒုက္ခဆင်းရဲကို မြင်တွေ့ရသဖြင့် စိတ်ပျက်မိဟု ကန်အမျိုးသား အစောင့်တပ်ဖွဲ့ဝင် ပြောကြား**

**ဝါရှင်တန် အောက်တိုဘာ ၁၉**

အမေရိကန်တပ်ဖွဲ့များသည် အီရတ်သို့ အလှည့်ကျသွားရောက် တာဝန်ထမ်းဆောင်ရလျက်ရှိရာ နယူးယောက်မှ အမျိုးသားအစောင့်တပ်ဖွဲ့သည် ယခုနှစ် ဖေဖော်ဝါရီလမှစတင်ပြီး အီရတ်တွင် ရောက်ရှိနေသည်။ နယူးယောက် အမျိုးသားအစောင့်တပ်ဖွဲ့ဝင်များသည် ရဲတပ်ဖွဲ့ဝင်များ၊ သူနာပြုများ၊ လက်သမားများနှင့် ရှေ့နေများအဖြစ် အသက်မွေးဝမ်းကျောင်းပြုသူများ ဖြစ်ကြသည်။

**မလုပ်ချင်**

ဆာမာရာမြို့တိုက်ပွဲ၌ ၎င်းတပ်ဖွဲ့မှ တပ်ကြပ်ကြီးတစ်ဦး သေဆုံးခဲ့ရာ အမျိုးသားအစောင့်တပ်ဖွဲ့မှ ဒုတိယမြောက် သေဆုံးသူဖြစ်သည်။ အခြားတပ်ဖွဲ့ဝင်ခုနစ်ဦးမှာ ဒဏ်ရာပြင်းထန်စွာရရှိပြီး ဆေးကုသမှု ခံယူနေရသည်။ ဆေးတပ်သား အင်ဒီဖလင်းသည် ဒဏ်ရာရသူများကို ကိုယ်တိုင်ပြုစုရသဖြင့် ဆေးတပ်သားပင် မလုပ်ချင် တော့ကြောင်း ပြောကြားခဲ့သည်။

**အန္တရာယ်အရှိဆုံး**

အခြားတပ်ဖွဲ့ဝင်တစ်ဦးကလည်း အကြမ်းဖက်ဝါဒကိုတိုက်ဖျက်ရေး စစ်ပွဲဆင်နွှဲရသည်ဟု ယခင်က ယူဆခဲ့သော်လည်း အီရတ်မိသားစုများ၏ ဒုက္ခဆင်းရဲကို မြင်တွေ့ရသဖြင့် စိတ်ပျက်မိကြောင်း ပြောကြားခဲ့သည်။ ၎င်းတပ်ဖွဲ့ဝင်များတွင်လည်း အကြီးဆုံးတပ်ဖွဲ့ဝင်သည် အသက်(၄၄)နှစ်ဖြစ်ပြီး ကျန်တပ်ဖွဲ့ဝင်များမှာ ဆယ်ကျော်သက်များသာဖြစ်ကြသည်။ ၎င်းတို့သည် အီရတ်တွင် ဘေးအန္တရာယ်အရှိဆုံးဒေသ၌ တာဝန်ထမ်းဆောင်နေကြရကြောင်း သိရသည်။ **(စီအင်န်အင်န်)**

# အေအိုင်ဒီအက်စ်ကာကွယ်ထိန်းချုပ်ရေး တရုတ်ကြိုးပမ်းမှု ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ကိုဖီအာနန်ချီးကျူး

ပေကျင်း အောက်တိုဘာ ၁၉

**တရုတ်ပြည်သို့ အလည်အပတ်ရောက်ရှိနေသော ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ကိုဖီအာနန်သည် တရုတ်ပြည်၏ အေအိုင်ဒီအက်စ်ကာကွယ်ရေးနှင့်ထိန်းချုပ်ရေး ကြိုးပမ်းဆောင်ရွက်မှုများအား ချီးကျူးလိုက်ပြီး အေအိုင်ဒီအက်စ်လူနာများအား မပစ်ပယ် မခွဲခြားရန်နှင့် ၎င်းတို့ရောဂါဝေဒနာကို ကူညီပြုစုရန် ပြည်သူများအား တိုက်တွန်းခဲ့သည်။**

တရုတ်ပြည် ချိုယန်ခရိုင်ရှိ ရောဂါထိန်းချုပ်ရေးနှင့်ကာကွယ်ရေး ဗဟိုဌာနသို့ သွားရောက်ခဲ့စဉ် အာနန်က စမ်းသပ်မှုများနှင့် အထောက်အကူ ပစ္စည်းများကို စစ်ဆေးကြည့်ရှုခဲ့ပြီး ပေကျင်းအိတ်ချ်အိုင်ဗွီဝေဒနာရှင်များကို အားပေးစကား ပြောကြားခဲ့သည်။

ထို့ပြင် ကုလသမဂ္ဂအကြီးအကဲသည် အဆိုပါဌာန၏ ကျန်းမာရေးဝန်ထမ်းများ၏ အံ့မခန်းဆောင်ရွက်ချက်များကို ချီးကျူးဂုဏ်ပြုခဲ့ပြီး အေအိုင်ဒီအက်စ် ဆန့်ကျင်တိုက်ဖျက်ရေးတွင် တရုတ်ပြည်သည် ကြီးမားသောကြိုးပမ်းမှုများဆောင်ရွက်လျက်ရှိသည်ကို တွေ့မြင်ရသဖြင့် အလွန်ပင်ကျေနပ်အားရမိကြောင်း ပြောကြားသည်။

**အသိပညာရှိထားသင့်**

အဆိုပါရောဂါနှင့်ပတ်သက်၍ အရေးအကြီးဆုံးတစ်ခုမှာ လူမှုရေးနယ်ပယ်အတွင်း လှုပ်ရှားရန်းကန်နေကြသည့် လူအားလုံးသည် ထိုရောဂါအကြောင်းကို အသိပညာရှိထားသင့်ကြောင်း အာနန်က ပြောကြားသည်။

**အချိန်မီထိန်းချုပ်**

တရုတ်ပြည်တွင် ကူးစက်မှုနှုန်းသည် လက်ရှိကာလတွင် အတော်အတန်ကန့်သတ်မှုရှိသော်လည်း အချိန်မီထိန်းချုပ်ခြင်းမရှိပါက ပိုဆိုးလာနိုင်ကြောင်း ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၏ ပြောရေးဆိုခွင့်ရှိသူ ဖရက်အက်ဟတ်က ပြောကြားသည်။

**အမ်အင်အေ၊ဆင်ဟွာ**



**ဂျပန်နိုင်ငံသည် မိုဘိုင်းဖုန်းများတွင် ယင်းတို့၏စိတ်အားထက်သန်မှုကြောင့် နည်းပညာမျက်နှာစာသစ်ဆီသို့ ဦးတည်လျှောက်လှမ်းလျက်ရှိသည်။** (ပုံတွင် မိုဘိုင်းဖုန်း အရောင်းဝန်ထမ်းတစ်ဦးက စီဒီအရည်အသွေးမီသီချင်းများကို မိုဘိုင်းဖုန်းမှတစ်ဆင့် နားဆင်နေစဉ်။) **(ဓာတ်ပုံ-အင်တာနက်)**

## မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

# အေအိုင်ဒီအက်စ်နှင့် အဆုတ်ရောဂါကုသနှိမ်နင်းရေး မဟာမဲခေါင်ဒေသနှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ဆွေးနွေး

ဟန္နွိုင်း အောက်တိုဘာ ၁၉

**မဟာမဲခေါင်ဒေသ (ဂျီအမ်အက် စ်)နှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့(ဒဗလျူအိတ်ချ်အို)တို့မှ အဓိကပါဝင်သော ကျန်းမာရေးအရာရှိနှင့် ကျွမ်းကျင်သူ ၁၂၀ကျော်တို့သည် အိတ်ချ်အိုင်ဗွီ အေအိုင်ဒီအက်စ်နှင့် အဆုတ်ရောဂါများကို ကုသနှိမ်နင်းရေးအတွက် ဆွေးနွေးလျက်ရှိကြောင်း ဒေသထုတ်သတင်းစာက အင်္ဂါနေ့တွင် ဖော်ပြသည်။**

ဟိုချီမင်းမြို့တွင် တနင်္လာနေ့က ဖွင့်လှစ်ခဲ့သော လေးရက်ကြာ အဆိုပါညီလာခံအတွင်း ကိုယ်စားလှယ်များသည် အထူးသဖြင့် ဆင်းရဲနွမ်းပါးသော အေအိုင်ဒီအက်စ် ဝေဒနာရှင်များ ရောဂါတိုက်ဖျက်ရေးဆေးဝါးများ ထိရောက်စွာအသုံးပြုရေးအတွက် မဟာဗျူဟာချမှတ်ရေး၊ ကူးစက် ရောဂါပြန့်ပွားမှုကို အနီးကပ်စောင့်ကြည့် လေ့လာရေး၊ အိတ်ချ်အိုင်ဗွီနှင့် အဆုတ်ရောဂါအတွက် ပေါင်းစပ်ပြုစုမှုအပေါ် အကဲဖြတ်ဆုံးဖြတ်ရေး၊ အတွေ့အကြုံများ ဖလှယ်ရေးနှင့် နိုင်ငံတကာအဖွဲ့အစည်းများ၏ နည်းပညာအကူအညီ ရရှိရေးများကို ဦးစားပေးဆွေးနွေးခဲ့ကြသည်။

**ဆွေးနွေးကြမည်**

အထူးသဖြင့် ၎င်းတို့သည် ၂၀၀၅ခုနှစ်ကုန်၌ ဖွံ့ဖြိုးဆဲနိုင်ငံများတွင် အိတ်ချ်အိုင်ဗွီ၊ အေအိုင်ဒီအက်စ် ရောဂါရရှိမည့် လူသုံးသန်းအား တိုက်ဖျက်ရေးဆေးဝါးဖြင့် ကုသမည့်ရောဂါကုထုံးကို ခွင့်ပြုရန် ရည်ရွယ်ထားသော ဒဗလျူအိတ်ချ်အို၏ ပဏာမခြေလှမ်းအပေါ် ဆွေးနွေးကြမည်ဖြစ်သည်။

ဒဗလျူအိတ်ချ်အို၏ ကြေညာချက်အရ ကမ္ဘာတစ်ဝန်းလုံးရှိ အိတ်ချ်အိုင်ဗွီရောဂါပိုး သယ်ဆောင်ထားသူများအနက် ၆၀ရာခိုင်နှုန်းသည် တစ်ချိန်ချိန်၌ အဆုတ်ရောဂါ ဖြစ်လာနိုင်သည်ဟု ဆိုသည်။ဂျီအမ်အက်စ်နိုင်ငံများရှိ အဆုတ်ရောဂါဝေဒနာရှင် ပျမ်းမျှ သန်း၁၀၀အနက် ၈၀၀၀၀၀သည် အိတ်ချ်အိုင်ဗွီပိုး ကူးစက်ခံစားနေရသည်။ အဆုတ် ရောဂါကို ပြုစုကုသမှုမရှိလျှင် အဆုတ်ရောဂါရှိထားသော အိတ်ချ်အိုင်ဗွီပိုးသယ်ဆောင်ထားသူသည် လပိုင်းအတွင်း သေဆုံးသည်ဟု ဆိုသည်။

**အမ်အင်အေ၊ဆင်ဟွာ**

# အာဆီယံနှင့်ဆွေးနွေးဖက်သုံးနိုင်ငံ ပတ်ဝန်းကျင်ဆိုင်ရာ ဝန်ကြီးများ ပတ်ဝန်းကျင်အစီအစဉ်များနှင့် လှုပ်ရှားမှုများပိုမိုပူးပေါင်းဆောင်ရွက်ကြမည်

စင်ကာပူ အောက်တိုဘာ ၁၉

**ကြာသပတေးနေ့ကပြီးဆုံးခဲ့သော အာဆီယံနှင့်ဆွေးနွေးဖက် သုံးနိုင်ငံဝန်ကြီးအဆင့်အစည်းအဝေး၌ ပတ်ဝန်းကျင်ဆိုင်ရာ အစီအစဉ်များနှင့် လှုပ်ရှားမှုများတွင် ပိုမိုပူးပေါင်းဆောင်ရွက်ရန် အလေးထားဆွေးနွေးခဲ့ကြသည်။**

အဆိုပါအစည်းအဝေးပွဲ၌ ထုတ်ပြန်သော ပူးတွဲကြေညာချက်တွင် အာဆီယံ+သုံးနိုင်ငံအတွင်း ပတ်ဝန်းကျင်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေး စုပေါင်းညှိနှိုင်းမှု အကျိုးရလဒ်ကို အသိအမှတ်ပြုကြောင်းနှင့် ပတ်ဝန်းကျင်ဆိုင်ရာ အစီအစဉ်များနှင့် လှုပ်ရှားမှုများတွင်ပိုမိုပူးပေါင်းဆောင်ရွက်ရန် လိုအပ်သည်ဟု သတိပြုမိကြောင်း ဖော်ပြပါရှိသည်။

အရှေ့တောင်အာရှနိုင်ငံများအသင်း (အာဆီယံ) ၁၀နိုင်ငံမှ ဝန်ကြီးများနှင့် တရုတ်၊ တောင်ကိုရီးယားနှင့် ဂျပန်နိုင်ငံတို့မှ ဝန်ကြီးများသည် အကျိုးဖြစ်ထွန်းစွာဆွေးနွေးခဲ့ကြပြီးတစ်နိုင်ငံချင်းနှင့် ဒေသတွင်း ပူးပေါင်းဆောင်ရွက်ရန် သတင်းအချက်အလက်များ ဖလှယ်ခဲ့ကြသည်။

အဆိုပါ အစည်းအဝေး၌ လက်ရှိဆောင်ရွက်လျက်ရှိသောပူးပေါင်းဆောင်ရွက်မှုများနှင့်အာဆီယံနိုင်ငံများနှင့်အတူ ပတ်ဝန်းကျင်ဆိုင်ရာ အတွေ့အကြုံများကို မျှဝေပေးရန်အတွက် တရုတ်၊တောင်ကိုရီးယားနှင့်ဂျပန်နိုင်ငံတို့၏ ညှိနှိုင်းဆွေးနွေးပွဲ ခရီးစဉ်များကို တန်ဖိုးထားကြောင်း အာဆီယံ ဝန်ကြီးများက ပြောကြားခဲ့သည်။

**(အင်တာနက်)**



## နေရောင်ခြည်စွမ်းအင်သုံးကား

**တရုတ်နိုင်ငံ ရှန်ဟဲမြို့၌ စီးပွားရေးတွက်ခြေကိုက်သော ကားများပြပွဲတွင် နေရောင်ခြည်စွမ်းအင်သုံး မော်တော်ကားတစ်စီးအား အောက်တိုဘာ ၁၇ရက်က ပြသထားသည်ကို တွေ့ရစဉ်။** (ဓာတ်ပုံ-အင်တာနက်)

# တရုတ် အာကာသနည်းပညာ ဓာတ်ပုံပြပွဲ ဖွင့်လှစ်

**မကာအို အောက်တိုဘာ ၁၉**

တရုတ် အာကာသနည်းပညာ ဖွံ့ဖြိုးတိုးတက်မှုသမိုင်းကို ပြသမည့် တရုတ်အာကာသ နည်းပညာဆိုင်ရာ ဓာတ်ပုံပြပွဲကို မကာအို၌ စနေနေ့က ဖွင့်လှစ်ခဲ့သည်။

**ပြသ**

ကမ္ဘာ့အာကာသ ရက်သတ္တပတ် အခမ်းအနား လှုပ်ရှားဆောင်ရွက်မှုများအနက် တစ်ခုအဖြစ် နှစ်ရက်ကြာပြသသည့် အဆိုပါပြပွဲတွင် တရုတ်အာကာသ နည်းပညာ အောင်မြင်မှု သမိုင်းဓာတ်ပုံ ၇၀ကို ပြသထားသည်။

**မကြုံစဖူး**

တရုတ် ပြည်၏ ပထမဆုံး အာကာသယာဉ်မှူးဖြစ်သူယန်လီဝေသည် လွန်ခဲ့သည့် နိုဝင်ဘာလက မကာအိုသို့ လာရောက်ခဲ့သည့် ခရီးစဉ် အာကာသနည်းပညာကို မကာအို၌ မကြုံစဖူး စိတ်အား ထက်သန်စွာ ဆင်နွှဲခဲ့သည်။

**အမ်အင်အေ၊ဆင်ဟွာ**

# စပါးမျိုးသစ် တရုတ်ပြည်၌ ကမ္ဘာ့စံချိန်တင် ထွက်ရှိ

**ဖူကျို့ အောက်တိုဘာ ၁၉**

တရုတ်နိုင်ငံသည် သီးနှံဖြစ်ထွန်း မှုရှိသော စမ်းသပ်မြေဧရိယာ ၆ဒသမ ၇၄ဟက်တာမှ စပါးမျိုးသစ် ကီလို ၁၄၄၉ ဒသမ၇ကို ယခုနှစ်တွင် ရိတ်သိမ်းရရှိခြင်းဖြင့် စပါးအထွက်နှုန်းသည် ကမ္ဘာ့စံချိန်တင်နိုင်ခဲ့ကြောင်း တနင်္လာနေ့က ကြေညာသည်။

**စပါးမျိုးသစ်**

အဆိုပါ စပါးမျိုးသစ်ကို အာကာသနည်းပညာရပ်ကို အသုံးချပြီး ထွန်ယက်စိုက်ပျိုးခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။ ယင်းစပါးမျိုးသစ်မှာ ဟန်ကျိုး ၂-၁ ဟု ထင်ရှားသည်။

ယင်းဟန်ကျိုး ၂-၁ စပါးမျိုးသစ်ကို မျိုးစပ်စပါး အထူးကျွမ်းကျင်ပညာရှင်နှင့် ဖူကျင်းပြည်နယ် စိုက်ပျိုးရေးသိပ္ပံအကယ်ဒမီဥက္ကဋ္ဌ စီဟွာအန်က ဦးဆောင်ပြီး တရုတ်ကျွမ်းကျင်ပညာရှင်များအဖွဲ့က စိုက်ပျိုးခဲ့ခြင်းဖြစ်သည်။

**အမ်အင်အေ၊ဆင်ဟွာ**

# အီရတ်မှ ဗြိတိသျှတပ်ဖွဲ့ဝင်များ ရုပ်သိမ်းရေးတောင်းဆို လန်ဒန်မြို့လမ်းမကြီးများပေါ်တွင် လူထောင်ပေါင်းများစွာဆန္ဒပြ

လန်ဒန် အောက်တိုဘာ ၁၉

**ဘဂ္ဂဒက်သို့ ဗြိတိသျှတပ်ဖွဲ့ဝင် ၆၀၀ခန့်စေလွှတ်ရန် ဗြိတိန်နိုင်ငံက စဉ်းစားနေကြောင်း သတင်းများထွက်ပေါ်နေစဉ် အတောအတွင်း စစ်ဆန့်ကျင်ရေး ဆန္ဒပြသူ ထောင်ပေါင်းများစွာသည် အီရတ်၌ရှိသော ဗြိတိသျှတပ်ဖွဲ့ဝင်များရုပ်သိမ်းရေးကို လန်ဒန်မြို့ လမ်းမကြီးများပေါ်တွင် တနင်္ဂနွေနေ့က ဆန္ဒပြတောင်းဆိုကြသည်။**

**မျှော်လင့်**

စစ်ပွဲရပ်တန့်ရေးပူးပေါင်းအဖွဲ့က စီစဉ်ကျင်းပခဲ့သည့် ဆန္ဒပြပွဲသည် လန်ဒန်၌ သုံးရက်ကြာကျင်းပခဲ့သည့် ပတ်ဝန်းကျင်နှင့် ငြိမ်းချမ်းရေးစည်းရုံးလှုံ့ဆော်သူများ၊ နိုင်ငံရေးသမားများနှင့် အလုပ်သမားသမဂ္ဂဝင်များ တက်ရောက်ခဲ့ကြသော ဥရောပလူမှုရေး ဖိုရမ်၏ အရေးပါဆုံးဖြစ်ခဲ့သည်။ အီရတ်နိုင်ငံ၌ ဖြစ်ပွားနေသော ပဋိပက္ခမှုပြီးဆုံးရေးအတွက် ရုပ်စ်ဆဲလ်ရင်ပြင်နှင့် ထရာဖာဂါရင်ပြင်ကြားတွင် လူ ၅၀၀၀၀ခန့် ပါဝင်ချီတက်ကြမည်ဟု ဆန္ဒပြပွဲ ကျင်းပသူများက မျှော်လင့်ထားကြသည်။

**တိုက်တွန်း**

အီရတ်နိုင်ငံအား မတရားသိမ်းပိုက်ထားမှု မပြီးဆုံးမချင်း အီရတ်၌ ငြိမ်းချမ်းရေးရမည်မဟုတ်ကြောင်း လူအများစုက ယုံကြည်ကြသည်ဟု စစ်ပွဲရပ်တန့်ရေး ပူးပေါင်းအဖွဲ့ ပြောရေးဆိုခွင့်ရ အမျိုးသမီးက စကိုင်းတီဗွီသို့ ပြောကြားသည်။ အောက်တိုဘာ ၈ရက်၌ ပြန်ပေးသမားများ၏ သတ်ဖြတ်ခြင်းခံခဲ့ရသော ကင်းနက်ဘစ်ဂလီ၏ ညီဖြစ်သူ ပေါလ်ဘစ်ဂလီက ဆန္ဒပြပွဲ၌ပူးပေါင်းဆင်နွှဲကြရန် ပြည်သူလူထုအား အစောပိုင်း၌ တိုက်တွန်းနှိုးဆော်ခဲ့သည်။

**အမ်အင်အေ၊ဆင်ဟွာ**



**ဘာဆာရာမြို့ပြင်၌ လုံခြုံရေးစောင့်ကြပ်နေသော ဗြိတိသျှတပ်ဖွဲ့ဝင် တစ်ဦးကို အောက်တိုဘာ ၁၈ရက်က တွေ့ရစဉ်။** (ဓာတ်ပုံ-အင်တာနက်)

## နိုင်ငံတကာသတင်းများ

# သင်တန်းပြီးဆုံး၍ပြန်လာသော အီရတ်ရဲတပ်ဖွဲ့ဝင်ကိုးဦး ပြောက်ကျားတို့ ချုံခိုတိုက်ခိုက်ခံရပြီး သေဆုံး

ကာဘာလာ အောက်တိုဘာ ၁၉

**ဂျော်ဒန်နိုင်ငံတွင် လေ့ကျင့်ရေး သင်တန်းတက်ခဲ့ပြီးနောက် ပြန်လာသော အီရတ်ရဲတပ်ဖွဲ့ဝင်သစ်များ စီးလာသည့်ကားကို သေနတ်သမားများက ချုံခိုတိုက်ခိုက်သဖြင့်ရဲတပ်ဖွဲ့ဝင်သစ် ကိုးဦးစလုံး သေဆုံးသွားကြောင်း ကာဘာလာရှိ ရဲတပ်ဖွဲ့က ပြောကြားသည်။**

တိုက်ခိုက်မှုသည် ဘဂ္ဂဒက် အနောက်တောင်ဘက် မိုင်၂၀ခန့်ရှိ ယူဆူဖီယာနှင့် လာကီဖီယာကြားတွင် စနေနေ့ ညပိုင်း၌ ဖြစ်ပွားခဲ့ခြင်း ဖြစ်သည်။ ၎င်းတို့သည် အမ္မန်၌ သင်တန်းတက်ခဲ့ပြီးနောက် ပြန်လာကြခြင်း ဖြစ်ကြောင်း၊ အသက်ရှင်သူ တစ်ယောက်မျှမရှိဘဲ တိုက်ခိုက်ရေးသမားများ လွတ်မြောက်သွားကြောင်း ရဲတပ်ဖွဲ့ပြောရေးဆိုခွင့်ရှိသူက ပြောကြား သည်။ဘဂ္ဂဒက်မှ ကာဘာလာသို့ သွားသော လမ်းမကြီးပေါ်၌ နိုင်ငံခြားသား ကန်ထရိုက်များ လိုက်ပါလာသော မော်တော်ယာဉ်များနှင့် စစ်ဘက်ယာဉ်တန်းများကို ပြောက်ကျားများက ပုံမှန် တိုက်ခိုက်လေ့ရှိသည်။

**တိုက်ခိုက်**

အီရတ်လုံခြုံရေးတပ်ဖွဲ့ တစ်ခုတည်း ရပ်တည်နိုင်ရန် အမေရိကန်တို့၏ ကြိုးပမ်းချက် မအောင်မြင်ရေး အတွက်ပြောက်ကျားများသည် ပြီးခဲ့သည့်နှစ်မှစပြီး အီရတ်ရဲတပ်ဖွဲ့ဝင်များကို ဗုံးခွဲတိုက်ခိုက်ခြင်း၊ ပစ်ခတ်ပြီးမောင်း ပြေးခြင်းနှင့် ချုံခိုတိုက်ခိုက်ခြင်းများ ပြုလုပ်ခဲ့ကြရာ အီရတ်ရဲတပ်ဖွဲ့နှင့် တပ်ဖွဲ့ဝင်သစ်ရာပေါင်းများစွာ သေဆုံးခဲ့ကြရသည်။ ဘဂ္ဂဒက်မြို့လယ်၌ တပ်ဖွဲ့ဝင်သစ်စုဆောင်းရေးဌာန အပြင်ဘက်တွင် အသေခံကား ဗုံးခွဲသူတစ်ဦးက ပြီးခဲ့သည့်လ၌ ၎င်း၏ကားကို ဗုံးခွဲတိုက်ခိုက်ခဲ့သဖြင့် လူ၄၀ကျော် သေဆုံးခဲ့သည်။ **အမ်အင်အေ၊ရိုက်တာ**

# အီရတ်စစ်ပွဲသည် ကမ္ဘာကြီးအား ပိုပြီးမလုံမခြုံဖြစ်လာစေခဲ့ ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ကိုဖီအာနန်ပြောကြား

လန်ဒန် အောက်တိုဘာ ၁၉

**ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ကိုဖီအာနန်သည် ဗြိတိန်ဝန်ကြီးချုပ် တိုနီဘလဲအပါအဝင် အခြားသော အရာရှိများနှင့် တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်ရန်အတွက် ဗြိတိန်နိုင်ငံသို့ ရောက်ရှိလျက်ရှိသည်။**

**ထောက်ပြ**

**ကိုဖီအာနန်သည် ထိုသို့ရောက်ရှိနေစဉ်အတွင်း အီရတ်စစ်ပွဲသည် ကမ္ဘာကြီးအား ပိုမိုမလုံမခြုံဖြစ်လာစေကြောင်း၊ အီရတ်နိုင်ငံ အနှံ့အပြားတွင် အကြမ်းဖက်တိုက်ခိုက်မှုများတိုးပွားလာခြင်းကို ထောက်ပြကာ ဗြိတိန် ရုပ်မြင် သံကြားဌာနတစ်ခုသို့ ပြောကြားခဲ့သည်။ အဆိုပါကိစ္စကို နိုင်ငံတကာ အသိုင်းအဝိုင်းက အရေးတယူ ဆောင်ရွက်ရမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။**

**ဤအတော အတွင်း အီရတ်ရှိ ဗြိတိန်တပ်ဖွဲ့ဝင်များ လတ်တလော တာဝန်ထမ်းဆောင် လျက်ရှိရာနေရာ ပြင်ပတွင် ဗြိတိန်တပ်ဖွဲ့ဝင်များအား ပြန်လည် ချထားပေးရန် အမေရိကန် ပန်ကြားချက်အား ဗြိတိန် အစိုးရက အချိန်ယူစဉ်းစားလျက်ရှိသည်။ အဆိုပါ ပန်ကြားချက်အား ဗြိတိန် အောက်လွှတ်တော်တွင် ကြေညာချက် တစ်ရပ် ထုတ်ပြန်ပြောကြားရန်ရှိကြောင်း ဗြိတိန် ကာကွယ်ရေးဝန်ကြီး ဂျက်ဖ်ဟွန်းက ပြောကြားသည်။**

**အဆိုပါ ကိစ္စအတွက် ဆုံးဖြတ်ချက်ချမှတ်ခြင်း မရှိသေးကြောင်း၊ သို့သော် ဘဂ္ဂဒက်နှင့် ဖော်လူဂျာမြို့များသို့ ဗြိတိန်တပ်ဖွဲ့ဝင်များအား စေလွှတ်ရန်ကို ငြင်းပယ်ခဲ့ကြောင်း သိရသည်။**

**တုံ့ပြန်နိုင်**

**သို့သော် ဘဂ္ဂဒက်အနီးရှိ စစ်ဆင်ရေး နေရာများသို့ ဗြိတိန်တပ်ဖွဲ့ဝင် ၆၀၀ခန့်ကို စေလွှတ်ဖွယ်ရှိကြောင်း သတင်းမီဒီယာအချို့က ထောက်ပြပြောကြားလျက်ရှိရာ ထိုသို့အကြမ်းဖက်မှု ပိုမိုဖြစ်ပွားလေ့ရှိရာ နေရာများသို့ တပ်ဖွဲ့ဝင်များစေလွှတ်ခြင်းသည် ဗြိတိန်ဝန်ကြီးချုပ် တိုနီဘလဲအတွက် နိုင်ငံရေးအရ တုံ့ပြန်မှုများရှိလာနိုင်ဖွယ်ရှိကြောင်း သိရသည်။** (စီအင်န်အင်န်)

# ဘဂ္ဂဒက်ရှိ လက်နက်ခဲယမ်းသိုလှောင်ရာ နေရာ စိန်ပြောင်းကျည်များ ကျရောက်ပေါက်ကွဲ

**ဘဂ္ဂဒက် အောက်တိုဘာ ၁၉**

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့ရှိ လက်နက်ခဲယမ်းများစုဆောင်းသိုလှောင်ရာ ဂိုဒေါင်အဖြစ်အသုံးပြုသည့်နေရာအနီး၌ စိန်ပြောင်းကျည်များ ကျရောက်ပေါက်ကွဲခဲ့သည်။ ယင်းဒေသသို့ အီရတ်ကြားဖြတ်အစိုးရ ဝန်ကြီးချုပ် လာရောက်မလည်ပတ်မီ မိနစ်ပိုင်းအလိုတွင် စိန်ပြောင်းကျည် ကျရောက်ပေါက်ကွဲမှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ဘဂ္ဂဒက်မြို့၏ ဆာဒါစီးတီးဒေသသို့ အီရတ်နိုင်ငံ ဝန်ကြီးချုပ် အီယာ့ဒ်အလာဝီသွားရောက်ခဲ့ပြီး လက်နက်ပြန်အပ်ရေး အစီအစဉ်နှင့် အဓိကရည်ရွယ်ချက်မှာ မူတာဒါအယ်ဆာဒါ၏သစ္စာခံလက်နက်ကိုင်များထံမှ လက်နက်ဖျက်သိမ်းရေးဖြစ်ကြောင်း သိရသည်။

ဝန်ကြီးချုပ် အလာဝီမရောက်မီ မိနစ်ပိုင်းအလိုတွင် ထိုဒေသရှိ ဘောလုံးအားကစားကွင်း၌ စိန်ပြောင်းကျည် ကျရောက်ထိမှန်ပေါက်ကွဲခဲ့သဖြင့် အီရတ်သုံးဦးသေဆုံးခဲ့သည့် ဖြစ်ရပ်ဖြစ်ပွားခဲ့ခြင်းကြောင့် ဝန်ကြီးချုပ်၏ခရီးစဉ်ကို ပြန်လည် ပြင်ဆင်ခဲ့ရကြောင်း သိရသည်။

ဤအတောအတွင်း ဖော်လူဂျာမြို့၌ ယမန်နေ့က တစ်နေ့လုံးနီးပါး အမေရိကန်မရိန်းတပ်ဖွဲ့ဝင်များနှင့် လက်နက်ကိုင်များ၊ တိုက်ပွဲများဆက်တိုက်ဖြစ်ပွားခဲ့ပြီး အမေရိကန်စစ်ဘက်လေယာဉ်များက ဗုံးကြဲချကာ အမေရိကန်တင့်ကားများကလည်း မြေပြင်မှ စစ်ဆင်ခဲ့ကြသည်။ အီရတ် လက်နက်ကိုင်များကလည်း လက်နက်ကြီးများ၊ စက်သေနတ်များ၊ စိန်ပြောင်းကျည်များ၊ ဒုံးပစ်လောင်ချာများဖြင့် ပြန်လည်ပစ်ခတ် တိုက်ခိုက်ခဲ့ကြသည်။

အီရတ်နိုင်ငံတောင်ပိုင်း ကာဘာလာမြို့တွင်လည်းတိုက်ခိုက်ရေးသမားများက သတ်ဖြတ်ခဲ့သည့် အီရတ်ရဲတပ်ဖွဲ့ဝင်ကိုးဦးကို ယနေ့မြုပ်နှံခဲ့ကြောင်း၊ သေဆုံးသူ ရဲတပ်ဖွဲ့ဝင်များသည်လွန်ခဲ့သောသီတင်းပတ်ကျော်က အမေရိကန်တို့၏ပံ့ပိုးမှုဖြင့် ဂျော်ဒန်နိုင်ငံ၌ ရဲသင်တန်းတက်ရောက်ပြီးဆုံးကာ နေအိမ်သို့အပြန် လမ်းတွင် ချုံခိုအသတ်ခံခဲ့ရခြင်းဖြစ်ကြောင်း သိရသည်။ **(စီအင်န်အင်န်)**

# ဂွာတာနာမိုမှ အကျဉ်းသားများ ကာလကြာမြင့်စွာ ညှဉ်းပန်းနှိပ်စက်ခြင်း ခံနေကြရ

နယူးယောက် အောက်တိုဘာ ၁၈

**ပူးပေါင်းဆောင်ရွက်မှုမရှိသော ဂွာတာနာမိုမှအကျဉ်းသားများသည်အစောင့်များ၏ ကာလကြာမြင့်စွာ ပုံမှန်ညှဉ်းပန်းနှိပ်စက်ခြင်းခံကြရသည်ဟု လုံခြုံရေးများနှင့် အကျဉ်းစခန်း၌ အလုပ်လုပ်သော အခြားသူများက နယူးယောက်တိုင်းမ်သို့ ပြောကြားသည်။**

**ပြစ်တင်ရှုတ်ချ**

ဂွာတာနာမိုအကျဉ်းစခန်းရှိ အကျဉ်းသမားများတွင် အာဖဂန်နစ္စတန်၊ အီရတ်နှင့် အစွန်းရောက်အဖွဲ့အစည်းများမှဟုဆိုသော မသင်္ကာသူများပါဝင်ခဲ့ကြသည်။ အဆိုပါ အကျဉ်းစခန်း၌ အကျဉ်းသားများအား စွဲချက်မရှိဘဲ မရေမရာချုပ်နှောင်ထားခြင်းအား လူ့အခွင့်အရေးအုပ်စုများက ပြစ်တင်ရှုတ်ချခဲ့ကြသည်။

တနင်္ဂနွေနေ့ထုတ် တိုင်းမ်သတင်းစာ၌ ပူးပေါင်းဆောင်ရွက်ခြင်း မရှိဟု ယူဆသော ဂွာတာနာမိုမှ အကျဉ်းသားများကို ခြေထိပ်လက်ထိပ်ခတ်ခြင်း၊ တဖျတ်ဖျတ်လင်းသော အလင်းရောင်ကို ကြည့်ရှုခံစားစေခြင်း၊ အနားကပ်ပြီး အသံချဲ့စက်ကို ကျယ်လောင်စွာ ဖွင့်ခြင်းတို့ဖြင့် နှိပ်စက်သည့်အပြင် အအေးဓာတ်ကိုလည်း ၁၄နာရီကြာမျှ အမြင့်ဆုံးဖွင့်ပြီး နှိပ်စက်ခဲ့ကြောင်း ဖော်ပြသည်။

**အမ်အင်အေ၊ရိုက်တာ**



**ဘဂ္ဂဒက်မြို့တောင်ဘက်တွင် အီရတ်လက် နက်ကိုင် တိုက်ခိုက်ရေး သမားများ၏ ပစ်ခတ် တိုက်ခိုက်မှုကြောင့် ဒဏ်ရာရရှိခဲ့သော အမေရိကန် တပ်ဖွဲ့ဝင်တစ်ဦးအား သယ်ဆောင်လာသည်ကို အောက်တိုဘာ ၁၈ ရက်က တွေ့ရစဉ်။** (ဓာတ်ပုံ-အင်တာနက်)

20-10 (06).p65 1 24.03.1905, 9:21 PM

■ *ကျောဖုံးမှ*

ယနေ့ကျင်းပသည့် ဒွါဒသမ အကြိမ် (၁၂ကြိမ်) မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲများသို့ပြိုင်ပွဲကျင်းပရေး နာယက အဖွဲ့ဝင် ယဉ်ကျေးမှု ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ကြည်အောင်၊ ပြိုင်ပွဲ ကျင်းပရေးဦးစီးကော်မတီ ဒုတိယ ဥက္ကဋ္ဌ ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယ ဝန်ကြီး ဗိုလ်မှူးချုပ်စိုးဝင်းမောင်၊ ပြိုင်ပွဲ ကျင်းပရေး လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီအသီးသီးမှ တာဝန်ရှိ သူများ၊ မြန်မာ့ရိုးရာယဉ်ကျေးမှု အနုသုခုမပညာကို ချစ်ခင်လေးစားမြတ်နိုးကြသော ပြည်သူများ တစ်ခဲနက် လာရောက်၍ နားသောတဆင်ကြည့်ရှုအားပေးကြသည်။

## အဆိုပြိုင်ပွဲ

ဒွါဒသမအကြိမ်(၁၂ကြိမ်)မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊ အတီးပြိုင်ပွဲ၏ ဆဋ္ဌမမြောက်နေ့ အဆိုပြိုင်ပွဲကို နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် ပြည်လမ်းရှိ ယဉ်ကျေးမှုဝန်ကြီးဌာန ယဉ်ကျေးမှု ဗိမာန်ဦးစီးဌာန အမျိုးသားပြတိုက် ဘက်စုံခန်းမ၌ ဆက်လက်ကျင်းပရာ အဆိုအကဲဖြတ်လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား လက်ထောက် ညွှန်ကြားရေးမှူး(ဂီတ) ဒေါ်တင်တင်မြ၊ အတွင်းရေးမှူး လက်ထောက်အင်ဂျင်နီယာ ဒေါ်မေပြုံးခိုင်နှင့် အဆိုအကဲဖြတ်လုပ်ငန်း အဖွဲ့ဝင်များက ကြီးကြပ်၍ အကဲဖြတ်အမှတ်ပေးကြသည်။

ရှေးဦးစွာ အဆင့်မြင့်ပညာအဆင့် (အမျိုးသား)ဓမ္မပူဇာတေးအဆိုပြိုင်ပွဲကိုကျင်းပရာ ဒဂုံဆရာတင်ရေးစပ်သီကုံးပြီး အဆိုတော် မသိန်းဟံ သီဆိုခဲ့သည့် **'သတ္တဠာန'** သီချင်းဖြင့် ဧရာဝတီတိုင်းမှ စညီညီဇော်၊ ပဲခူးတိုင်းမှ မောင်ကြာခိုင်၊ ရန်ကုန်တိုင်းမှ မောင်ဘုန်းမြင့်ထွန်း(ခ)ဘုန်းမြင့်၊ တနင်္သာရီတိုင်းမှ မောင်ဇော်ထွန်းသောင်း၊ ရခိုင်ပြည်နယ်မှ မောင်ညီညီအောင်၊ မကွေးတိုင်းမှ မောင်အောင်ညီညီဇော်၊ရန်ကုန်တိုင်းမှ မောင်အောင်ကိုသက်၊ စစ်ကိုင်းတိုင်းမှ မောင်မျိုးဇော်ထွန်း၊ မွန်ပြည်နယ်မှ မောင်ဝင်းမင်းထွန်း၊ ကရင်ပြည်နယ်မှ မြိုင်ကြီးငူ စောစိုင်းလင်းအောင်၊ကချင်ပြည်နယ်မှ မောင်အောင်ကြည်စိုး၊ ကယားပြည်နယ်မှ မောင်ထက်အောင်ပြည့်ဖြိုးနှင့် မန္တလေးတိုင်းမှ မောင်ကျော်စွာသွင်တို့ သီဆိုပြိုင်ပွဲဝင်ကြပြီး နံနက် ၁၁ နာရီတွင် ပြိုင်ပွဲကို ခေတ္တရပ်နားသည်။

ထို့နောက် အခြေခံပညာအဆင့် အသက်(၅-၁၀)နှစ်(အမျိုးသမီး)ဓမ္မပူဇာတေး အဆိုပြိုင်ပွဲကို မွန်းတည့် ၁၂နာရီတွင် ဆက်လက်ကျင်းပရာ ဂီတာတင်အုန်းရေးစပ်သီကုံးပြီး အဆိုတော် လှလှရီသီဆိုခဲ့သည့် **'မေတ္တာသံဝေ'**သီချင်းဖြင့် ရခိုင်ပြည်နယ်မှ မလှဲ့ရည်ကို၊ မွန်ပြည်နယ်မှ မမို့မို့ မောင်ဇင်၊ ဧရာဝတီတိုင်းမှ မလှဲ့လှဲ့ဝင်း၊ မကွေးတိုင်းမှ မနွယ်နီဗို၊ ရန်ကုန်တိုင်းမှ မဥမ္မာမွန်၊ မန္တလေးတိုင်းမှ မအိဝါထွေး၊ တနင်္သာရီတိုင်းမှ မဇင်ပွင့်ငယ်၊ စစ်ကိုင်းတိုင်းမှ မယမင်းထွန်း၊ ရှမ်းပြည်နယ်မှ မယွန်းဇာနည်ဖူး၊ ပဲခူးတိုင်းမှ မဇင်မာဖြိုး၊ မန္တလေးတိုင်းမှ မသိမ့်ကြည်လင်လင်စိမ့်၊ ကရင်ပြည်နယ်မှ မသဇင်ခိုင်၊ ရန်ကုန်တိုင်းမှ မနန်းသက်မှူးကြွယ်၊ ချင်းပြည်နယ်မှ မဖန်ဆီမွေး၊ ကယားပြည်နယ်မှ မချို့သဥ္ဇာသိမ့်နှင့် ကချင်ပြည်နယ်မှ မကြည်ကြည်ဝါတို့သီဆို ပြိုင်ပွဲဝင်ကြပြီး ပြိုင်ပွဲကိုခေတ္တရပ်နားသည်။

ယင်းနောက် အခြေခံပညာအဆင့် အသက်(၁၅-၂၀)နှစ် (အမျိုးသမီး) ခေတ်ဟောင်း/ကာလပေါ်တေး သီချင်းအဆိုပြိုင်ပွဲကို မွန်းလွဲ ၂ နာရီ မိနစ် ၂၀ တွင် ဆက်လက်ကျင်းပရာ နန်းတော်ရှေ့ ဆရာတင်ရေးစပ်သီကုံးပြီး အဆိုတော်မန္တလာမြင့်သီဆိုခဲ့သည့် 'ရွှေဘိုသနပ်ခါး'သီချင်းဖြင့် တနင်္သာရီတိုင်းမှ မဇင်မေခိုင်၊ ချင်းပြည်နယ်မှ မတီးလ်တလဲမ်၊ရှမ်းပြည်နယ်မှ မယုဖြူအေး၊ ရခိုင်ပြည်နယ်မှ မခင်သက်စု၊ မွန်ပြည်နယ်မှ မစိုးယုမော်၊ စစ်ကိုင်းတိုင်းမှ မကြူကြူလွင်၊ ကရင်ပြည်နယ်မှ မဖြူဖြူကျော်၊ မန္တလေးတိုင်းမှ မသော်တာချမ်းမြေ့နှင့် မလွင်မာနိုင်၊ ရန်ကုန်တိုင်းမှ မအိအိချွန်နှင့် မအိအိလှိုင်၊ မကွေးတိုင်းမှ မဇင်မာတူး၊ ပဲခူးတိုင်းမှ မချစ်သူဇာဝင်း၊ ဧရာဝတီတိုင်းမှ မဇင်မာဦးနှင့် ကချင်ပြည်နယ်မှ မလှဲ့လှဲ့ဝင်းတို့သီဆိုပြိုင်ပွဲဝင်ကြပြီး ဆဋ္ဌမမြောက်နေ့အဆိုပြိုင်ပွဲ အစီအစဉ်များကို ညနေ ၄ နာရီခွဲတွင် ရပ်နားလိုက်သည်။

အောက်တိုဘာ ၂၀ရက် နံနက်ပိုင်းတွင် ဝါသနာရှင်အဆင့် (အမျိုးသား) ဓမ္မပူဇာတေးအဆိုပြိုင်ပွဲနှင့် အခြေခံပညာအဆင့်အသက်(၅-၁၀) နှစ်(အမျိုးသမီး)ခေတ်ဟောင်း/ကာလပေါ်တေးအဆိုပြိုင်ပွဲတို့ကို အမျိုးသားပြတိုက် ဘက်စုံခန်းမ၌ ဆက်လက်ကျင်းပမည်ဖြစ်သည်။



အတီး ယှဉ်ပြိုင်

**အခြေခံပညာအဆင့် အသက် (၁၀ - ၁၅) နှစ် (အမျိုးသား) ပတ္တလား အတီးပြိုင်ပွဲတွင် ကယားပြည်နယ်မှ မောင်ကောင်းထက် ပါဝင် ယှဉ်ပြိုင်စဉ်။**
(သတင်းစဉ်)

## အကပြိုင်ပွဲ

ဒွါဒသမအကြိမ်(၁၂ကြိမ်)မြန်မာ့ရိုးရာယဉ်ကျေးမှုအဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ အကပြိုင်ပွဲကိုနံနက် ၉နာရီတွင် ရန်ကုန်မြို့ မြို့မကျောင်းလမ်းရှိအမျိုးသားဇာတ်ရုံ၌ ဆက်လက်ကျင်းပရာ အက အကဲဖြတ်လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ ဝဏ္ဏကျော်ထင် ဦးစိန်အောင်မင်း၊ အတွင်းရေးမှူးဒေါ်မူမူခင်နှင့်အက အကဲဖြတ်လုပ်ငန်း အဖွဲ့ဝင်များက ကြီးကြပ်၍အကဲဖြတ် အမှတ်ပေးကြသည်။

ရှေးဦးစွာ ဝါသနာရှင်အဆင့် (အမျိုးသမီး)အကပြိုင်ပွဲကို ကျင်းပရာ ရန်ကုန်တိုင်းမှ မမြင့်သန္တာစိုး၊ ကယားပြည်နယ်မှ မစန်းစန်းငွေ၊ မန္တလေးတိုင်းမှမထက်ထက်လင်း(ခ) ရွှန်းလဲ့လဲ့ရည်နှင့် မမြတ်သူဇာအေး(ခ)မြတ်နုသွေး၊ ရှမ်းပြည်နယ်မှ မတင်မာလှိုင်၊ မကွေးတိုင်းမှမအေးအေးသီ(ခ)အီးတီ၊ ကရင်ပြည်နယ်မှ မြိုင်ကြီးငူနန်းသန္တာဝင်း၊ ရခိုင်ပြည်နယ်မှ မချောစုဟန်၊ မွန်ပြည်နယ်မှ မမွန်မွန်ချမ်း၊ စစ်ကိုင်းတိုင်းမှမချိုတာလွင်၊ ပဲခူးတိုင်းမှ မချိုလွင်အောင်(ခ)မခင်မြတ်သူဇာအောင်နှင့် ရန်ကုန်တိုင်းမှ မမေနှင်းဝေတို့ ပါဝင်ယှဉ်ပြိုင်ကပြကြပြီး ပြိုင်ပွဲကို ခေတ္တရပ်နားသည်။

ထို့နောက် အခြေခံပညာအဆင့် အသက်(၅-၁၀)နှစ်(အမျိုးသား)အက ပြိုင်ပွဲကို မွန်းလွဲ၁နာရီတွင် ဆက်လက်ကျင်းပရာ ဧရာဝတီတိုင်းမှမောင်တင်လင်းထွန်း၊ မန္တလေးတိုင်းမှမောင်နေထက်လင်း၊ ရှမ်းပြည်နယ်မှမောင်ပြည်သိမ်းကျော်၊ ရန်ကုန်တိုင်းမှ မောင်နိုးနိုးလပြည့်နှင့်မောင်ကျော်ထွန်းမင်း၊ မွန်ပြည်နယ်မှ မောင်ကျော်မျိုးသန့်၊ ကချင်ပြည်နယ်မှ မောင်ဖြိုးမင်းဇော်၊ စစ်ကိုင်းတိုင်းမှမောင်ပိုင်ထက်အောင်၊ ချင်းပြည်နယ်မှ မောင်ဖြိုးရာဇာနိုင်(ခ) ဗန်ထာကျုံး၊ မကွေးတိုင်းမှမောင်မိုးဟိန်းကျော်၊ ကရင်ပြည်နယ်မှ စောမိုးမင်းအောင်၊ မန္တလေးတိုင်းမှမောင်မင်းပိုင်ဇေ၊ တနင်္သာရီတိုင်းမှမောင်သူရဇော်နှင့် ပဲခူးတိုင်းမှမောင်ဝေဖြိုးတို့ ပါဝင်ယှဉ်ပြိုင်ကပြကြသည်။

အောက်တိုဘာ ၂၀ရက် နံနက်ပိုင်းတွင် ဝါသနာရှင်အဆင့် ရုပ်သေး အကပြိုင်ပွဲကို အမျိုးသားဇာတ်ရုံ၌ ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။

## အရေးပြိုင်ပွဲ

ဒွါဒသမအကြိမ်(၁၂ကြိမ်)မြန်မာ့ရိုးရာ ယဉ်ကျေးမှုအဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ၏ အခြေခံပညာအဆင့် အသက် (၁၀-၁၅)နှစ်အရေးပြိုင်ပွဲတွင် ပြည်နယ်နှင့်တိုင်းများမှ ပြိုင်ပွဲဝင်များ ရေးသားခဲ့ကြသော သီချင်းစာသားများကို တူရိယာများဖြင့်တွဲဖက်၍ နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကမ္ဘာအေးစေတီလမ်းရှိ အနုပညာဦးစီးဌာန ပန်တျာကျောင်း၌ သီချင်းတိုက် လေ့ကျင့်ကြသည်။



အဆို ယှဉ်ပြိုင်

**ဓမ္မပူဇာတေး အဆင့်မြင့်(အမျိုးသား) ပြိုင်ပွဲတွင် ရခိုင်ပြည်နယ်မှ မောင်ညီညီအောင် ယှဉ်ပြိုင်နေစဉ်။**
ဓာတ်ပုံ-သိန်းဝင်းလေး (မြန်မာ့အလင်း)

## အတီးပြိုင်ပွဲ

ဒွါဒသမအကြိမ်(၁၂ကြိမ်)မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊ အတီးပြိုင်ပွဲ၏ အတီးပြိုင်ပွဲကို နံနက် ၉နာရီတွင် စမ်းချောင်းမြို့နယ် ဗားကရာလမ်းရှိ ပဒုမ္မာဇာတ်ရုံ၌ ဆက်လက်ကျင်းပသည်။

ရှေးဦးစွာ အခြေခံပညာအဆင့် အသက်(၅-၁၀)နှစ် (အမျိုးသား) ဆိုင်းအဖွဲ့လိုက်ပြိုင်ပွဲတွင် ရန်ကုန်တိုင်းမှ မောင်ရှိုင်းဗိုလ်ဗိုလ်ဦးနှင့်အဖွဲ့၊ ရန်ကုန်တိုင်းမှ မောင်ဝေယံမောင်မောင်နှင့်အဖွဲ့၊ မန္တလေးတိုင်းမှ မောင်သန့်ဇော်နှင့်အဖွဲ့နှင့် ဧရာဝတီတိုင်းမှ မောင်ကျော်ထက်နှင့်အဖွဲ့တို့ ပြိုင်ပွဲဝင်ကြပြီး ပြိုင်ပွဲကို နံနက် ၁၀နာရီ ၄၅ မိနစ်တွင် ခေတ္တရပ်နားသည်။

ထို့နောက် အခြေခံပညာအဆင့် အသက်(၁၀-၁၅)နှစ် (အမျိုးသား) ဆိုင်းအဖွဲ့လိုက်ပြိုင်ပွဲကို မွန်းလွဲ၁နာရီတွင် ဆက်လက်ကျင်းပရာ ရန်ကုန်တိုင်းမှ မောင်အောင်ဆန်းမင်းနှင့်အဖွဲ့၊ ဧရာဝတီတိုင်းမှ မောင်ဘိုဘိုနှင့်အဖွဲ့၊ မန္တလေးတိုင်းမှ မောင်နေမျိုးလွင်နှင့်အဖွဲ့၊ မန္တလေးတိုင်းမှ မောင်ချမ်းသာနှင့်အဖွဲ့နှင့် ရန်ကုန်တိုင်းမှ မောင်ထက်အာကာနှင့်အဖွဲ့တို့ ပြိုင်ပွဲဝင်ကြသည်။

## ကြီးကြပ်အမှတ်ပေး

ယနေ့ပြိုင်ပွဲဝင်ကြသည့် ဆိုင်းအဖွဲ့လိုက် ပြိုင်ပွဲများကို ဗဟိုအကဲဖြတ်အဖွဲ့ခေါင်းဆောင်ဦးစိန်စတင်းနှင့် အကဲဖြတ်အဖွဲ့ဝင်များက ကြီးကြပ်၍ အမှတ်ပေးကြသည်။

အောက်တိုဘာ ၂၀ ရက် နံနက်ပိုင်းတွင် ဝါသနာရှင်အဆင့်(အမျိုးသမီး)ဆိုင်း(တစ်ဦးချင်း)ပြိုင်ပွဲ၊ မွန်းလွဲပိုင်းတွင် အဆင့်မြင့်ပညာအဆင့်(အမျိုးသမီး)ဆိုင်း(တစ်ဦးချင်း)နှင့် အခြေခံပညာအဆင့် အသက်(၁၀-၁၅)နှစ်(အမျိုးသမီး)ဆိုင်း(တစ်ဦးချင်း)ပြိုင်ပွဲတို့ကို ပဒုမ္မာဇာတ်ရုံ၌ ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။

## ပတ္တလားအတီးပြိုင်ပွဲ

ဒွါဒသမအကြိမ်(၁၂ကြိမ်)မြန်မာ့ရိုးရာယဉ်ကျေးမှုအဆို၊အက၊အရေး၊ အတီးပြိုင်ပွဲ၏ ပတ္တလားအတီးပြိုင်ပွဲကို ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကမ္ဘာအေးစေတီလမ်းရှိ အနုပညာဦးစီးဌာန ကမ္ဘောဇဇာတ်ရုံ၌ ဆဋ္ဌမမြောက်နေ့အဖြစ် နံနက် ၉ နာရီတွင် ဆက်လက်ကျင်းပရာ အဆင့်မြင့်ပညာအဆင့် (အမျိုးသမီး)ပတ္တလားအတီးပြိုင်ပွဲတွင် **'စံရာဘုံမြင့်(ကြီး)'**သီချင်းဖြင့် ရန်ကုန်တိုင်းမှ မတင်ဇာအေးလွင်၊ စစ်ကိုင်းတိုင်းမှ မအောင်ဗိုလ်မ၊ ရန်ကုန်တိုင်းမှ မသဉ္ဇာထွန်းနှင့် ရခိုင်ပြည်နယ်မှ မလွင်လွင်ချိုထွန်းတို့ ပါဝင်ယှဉ်ပြိုင် တီးခတ်ကြသည်။

ထို့နောက် အခြေခံပညာအဆင့် အသက်(၁၀-၁၅)နှစ် (အမျိုးသား) ပတ္တလားအတီးပြိုင်ပွဲကိုကျင်းပရာ **'မှိုင်းမှိုင်းမြ(သီချင်းခန့်)'**သီချင်းဖြင့် ရန်ကုန်တိုင်းမှ မောင်ထက်အာကာ၊ မကွေးတိုင်းမှ မောင်ခင်မောင်ချစ်၊ တနင်္သာရီတိုင်းမှ မောင်မြတ်လင်းဟန်၊ ပဲခူးတိုင်းမှ မောင်သန်းတိုးအောင်၊ ကယားပြည်နယ်မှ မောင်ကောင်းထက်၊ စစ်ကိုင်းတိုင်းမှ မောင်သိန်းဘိုဘို၊ မွန်ပြည်နယ်မှ မောင်ဇင်နိုင်လင်း၊ မန္တလေးတိုင်းမှ မောင်ကြည်သာစိုးနှင့် မောင်ရန်ပိုင်၊ ရခိုင်ပြည်နယ်မှ မောင်အေးနိုင်၊ ရန်ကုန်တိုင်းမှ မောင်စိန်ဗိုလ်ထူး(ခ)နေလင်းအောင်၊ ဧရာဝတီတိုင်းမှ မောင်မျိုးမင်းပိုင်နှင့် ချင်းပြည်နယ်မှ မောင်အောင်ကိုကိုတို့ပါဝင်ယှဉ်ပြိုင်တီးခတ်ကြသည်။

ပတ္တလားအတီးပြိုင်ပွဲကို ဗဟိုအကဲဖြတ်ခေါင်းဆောင် ဦးရီနွယ်နှင့် အဖွဲ့ဝင်များက ကြီးကြပ်၍အကဲဖြတ်အမှတ်ပေးကြသည်။

အောက်တိုဘာ ၂၀ ရက်တွင် ဝါသနာရှင်အဆင့် (အမျိုးသား) ပတ္တလားအတီးပြိုင်ပွဲနှင့် အခြေခံပညာအဆင့် အသက်(၁၅-၂၀)နှစ် (အမျိုးသမီး)ပတ္တလားအတီး ပြိုင်ပွဲများကို ဆက်လက်ကျင်းပမည်ဖြစ်သည်။

**(သတင်းစဉ်)**

## ဒွါဒသမအကြိမ်(၁၂ကြိမ်)မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲ ပြိုင်ပွဲကျင်းပရေးဆပ်ကော်မတီ၏ ပြိုင်ပွဲအစီအစဉ်ဇယား

| နေရာ | | (အမျိုးသားပြတိုက်) | (အမျိုးသားဇာတ်ရုံ) | (ပန်တျာကျောင်း) | (ကမ္ဘောဇဇာတ်ရုံ) | (ပဒုမ္မာဇာတ်ရုံ) |
|---|---|---|---|---|---|---|
| စဉ် | ရက်စွဲ | အဆို | အက/ဇာတ်သဘင် | အရေး | အတီး | အတီး |
| ၇။ | ၂၀-၁၀-၂၀၀၄<br>(ဗုဒ္ဓဟူးနေ့) | **ဓမ္မပူဇာတေး**(နံနက်)<br>(၁) ဝါသနာရှင်(ကျား)<br><br>**ခေတ်ဟောင်း/ကာလပေါ်**<br>**(နေ့လယ်)**<br>(၂) အခြေခံ(၅-၁၀)(မ) | **ရုပ်သေး**<br>(၁) ဝါသနာရှင်<br><br>**ရာမာယဏဇာတ်တော်ကြီး**<br>**(ညပိုင်း)**<br>ရန်ကုန်တိုင်း<br>မဟာရာမဇာတ်အဖွဲ့ | **အရေးပြိုင်ပွဲဝင်များ**<br>**သီချင်းလေ့ကျင့်ခြင်း**<br>(၁) အခြေခံ(၁၅-၂၀) | **ပတ္တလား**<br>(၁) ဝါသနာရှင်(ကျား)<br>(နံနက်)<br>(၂) အခြေခံ(၁၅-၂၀)<br>(မ)(နေ့လယ်) | **ဆိုင်းတစ်ဦးချင်း**<br>(၁) ဝါသနာရှင်(မ)<br>(နံနက်)<br>(၂)အဆင့်မြင့်(မ)<br>(နေ့လယ်)<br>(၃) အခြေခံ(၁၀-၁၅)<br>(မ)(နေ့လယ်) |
| ၈။ | ၂၁-၁၀-၂၀၀၄<br>(ကြာသပတေးနေ့) | **မဟာဂီတ**(နံနက်)<br>(၁) ဝါသနာရှင်(မ)<br>**မဟာဂီတ**<br>(နေ့လယ်)<br>(၂) အခြေခံ(၁၀-၁၅)(ကျား) | **စန္ဒရား**<br>(၁)ပညာရှင်(ကျား-မ)<br>(နံနက်)<br>(၂)အခြေခံ(၁၀-၁၅)(မ)<br>(နေ့လယ်)<br>**ရုပ်သေးဇာတ်တော်ကြီး**<br>(ညပိုင်း) | **အရေးပြိုင်ပွဲဝင်များ**<br>**သီချင်းလေ့ကျင့်ခြင်း**<br>(၁) ဝါသနာရှင် | **တယော**<br>(၁) အဆင့်မြင့်(ကျား-မ)<br>(နံနက်)<br>(၂) အခြေခံ(၁၅-၂၀)<br>(ကျား-မ)(နေ့လယ်) | **ဒိုးပတ်**<br>(၁) အဆင့်မြင့် (နံနက်)<br>(၂) အခြေခံ(၁၅-၂၀)<br>(နေ့လယ်) |

## မော်လမြိုင်ကျွန်းမြို့နယ်အသင်း မိခင်ဌာနေပြန်မိတ်ဆုံခရီး

**ရန်ကုန် အောက်တိုဘာ ၁၉**

မော်လမြိုင်ကျွန်းမြို့နယ်အသင်းသူအသင်းသားများသည် အောက်တိုဘာ ၂၈ရက် ညနေ ၅ နာရီတွင် ရန်ကုန်ဆိပ်ကမ်းမှ စင်းလုံးငှားရေယာဉ်ဖြင့် မော်လမြိုင်ကျွန်းမြို့နယ်သို့ မိခင်ဌာနေပြန် မိတ်ဆုံခရီးထွက်၍ အောက်တိုဘာ ၂၉ရက်ညနေတွင် မရမ်းချောင်းကျေးရွာ မီးဖောင်မျှောပွဲဆင်နွှဲခြင်း၊ ညပိုင်းတွင် တာဝတိံသာဘုရားပွဲနွှဲပျော်ခြင်းနှင့် အောက်တိုဘာ၃၀ရက် နံနက်စနေပတ်အရဏ်ဆွမ်းလောင်းလှူခြင်း၊ နေ့လယ်ပိုင်းတွင် အင်ကြင်းတစ်ထောင် ဘုရားဖူးဆင်နွှဲခြင်းတို့ကို ပျော်ရွှင်စွာ သွားရောက်ဖူးမြော်ခြင်းနှင့် အရုဏ်ဆွမ်းလောင်းလှူခြင်းများ ပြုကြမည်ဖြစ်သဖြင့် လိုက်ပါလိုသူများနှင့် အရုဏ်ဆွမ်းလောင်းလှူဒါန်းလိုသူများသည် အမှတ် ၂၃၃/၂၃၅ ရွှေဘုံသာလမ်း(လယ်) မြန်မာမျက်မှန် ဦးစိုးပိုင် ဖုန်း-၃၇၅၆၈၀သို့ ဆက်သွယ်၍ သဘော်လက်မှတ်များ ဝယ်ယူနိုင်ကြောင်းနှင့် အလှူငွေများလှူဒါန်းနိုင်ကြောင်းသိရသည်။ **(က-ပ)**



လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး အောက်တိုဘာ ၁၇ ရက်က ပဲခူးတိုင်း ညောင်လေးပင်မြို့နယ် တော်ဝိကျေးရွာ မိုးစပါးစံပြကွက်များတွင် တောင်သူလယ်သမားများနှင့် တွေ့ဆုံ၍ ဒေသတွင်း သီးနှံစိုက်ပျိုးထုတ်လုပ်မှုအခြေအနေများကို ရင်းရင်းနှီးနှီးဆွေးနွေးမေးမြန်းစဉ်။ (လယ်ယာ/ဆည်မြောင်း)

❀ ရှေ့ဖုံးမှ

ထို့နောက် ဝန်ကြီးအား ရှင်းလင်းဆောင်၌ ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၁) ညွှန်ကြားရေးမှူး ဦးခင်မောင်ယုက ပင်မတမံတည်ဆောက်မှုနှင့် ရေပိုလွှဲတည်ဆောက်မှုတို့တွင် မြေကြီးကျင်း လုပ်ငန်းနှင့် ကွန်ကရစ် လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေ၊ ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းနှင့် ပံ့ပိုးပစ္စည်းများ ရရှိအသုံးပြုမှု အခြေအနေ၊ လိုအပ်ချက်နှင့် ရေလှောင်တမံဘက်စုံ စီမံကိန်းပြီးစီးမည့် အချိန်ကာလတို့ကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဦးကျော်စန်ဝင်းက ရေလှောင်တမံ ဘက်စုံစီမံကိန်းနှင့် ဆက်စပ်လုပ်ငန်းများကို ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

တင်ပြချက်များအပေါ် ဝန်ကြီးက လုပ်ငန်းများသေသပ်ခိုင်ခံ့ရေး၊ အကျိုးပြုဆည်ရေသောက်ဧက တစ်သိန်းကျော်ရှိသဖြင့် ရေပေးတူးမြောင်းများကို ရေလှောင်တမံ တည်ဆောက်မှု စီမံကိန်းနှင့် တစ်ပြိုင်တည်း ပြီးစီးရေးတို့ကို မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးသည် အောက်တိုဘာ ၁၈ ရက်တွင် ရဲနွယ် ရေလှောင်တမံ ဘက်စုံစီမံကိန်း၏ ရေပိုလွှဲ ကွန်ကရစ်လောင်းပြီးစီးမှု၊ ရေပိုလွှဲ အဆောက်အအုံအောက်ခြေပိုင်း၌ ရေဆင်းမြောင်းကို စက်ယန္တရားများဖြင့် တူးဖော်မှု၊ ရေလွှဲဥမင်အဝင်ပိုင်းနှင့် ရေလွှဲဥမင်အထွက်ပိုင်းမှ ရေထွက်မှု၊ ရဲနွယ်ချောင်းကို ပင်မတမံပိတ်ထားသည့် ချောင်းပိုင်း၌ ဆောင်ရွက်ဆဲ ကျောက်စီကျောက်ကပ်လုပ်ငန်းတို့ကို ကြည့်ရှု စစ်ဆေးကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# ဗဟိုအလုပ်အမှုဆောင်ဒုတိယဝန်ကြီးဦးသိန်းစိန် အမျိုးသားရေးမူဝါဒများမှန်မြတ်မှန်ကန်ပုံဟောပြော

ရန်ကုန် အောက်တိုဘာ ၁၉

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသိန်းစိန်သည် ယနေ့မွန်းတည့် ၁၂ နာရီမှ ညနေ ၄ နာရီအထိ ရန်ကုန်တိုင်း ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးဖွင့်လှစ်သော အခြေခံစည်းရုံးရေးသင်တန်းအမှတ်စဉ်(၄၀)မှ သင်တန်းသူ ၈၀ အား အမျိုးသားရေးမူဝါဒများ မှန်မြတ်မှန်ကန်ပုံ၊ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်လျက်ရှိပုံတို့နှင့်စပ်လျဉ်း၍ ဟောပြောပို့ချသည်။

(သတင်းစဉ်)

# အပျော်စီးရွက်လှေလွှဲပြောင်းပေးအပ်ပွဲအခမ်းအနားကျင်းပ မြန်မာ့သင်္ဘောကျင်းကပြင်သစ်နိုင်ငံအတွက်တည်ဆောက်ပေးခဲ့

ရန်ကုန် အောက်တိုဘာ ၁၉

**ပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့သင်္ဘောကျင်းလုပ်ငန်းက တာဝန်ယူတည်ဆောက်ပေးခဲ့သည့် 69' LWL Fife Schooner "Sunshine" အပျော်စီးရွက်လှေ လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်မြို့ နန်းသီတာဆိပ်ကမ်း၌ကျင်းပသည်။**

အခမ်းအနားသို့ ပို့ဆောင်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ၊ ရထားပို့ဆောင်ရေး ဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်အောင်မင်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီး ဌာနဝန်ကြီး ဗိုလ်ချုပ်စိန်ထွား၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်း၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများ ဖြစ်ကြသည့် ဦးဖေသန်းနှင့် ဗိုလ်မှူးကြီး ဉာဏ်ထွန်းအောင်၊ အထူးအရာရှိ ဗိုလ်မှူးချုပ်မျိုးတင်နှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ပြင်သစ်နိုင်ငံ Corvette Shipping Co., Ltd. မှ တာဝန်ရှိ သူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဝန်ကြီးများနှင့်တက်ရောက်လာကြသူများသည် မြန်မာ့သင်္ဘောကျင်းလုပ်ငန်းက တာဝန်ယူ တည်ဆောက်ပေးခဲ့သည့် 69' LWL Fife Schooner "Sunshine" အပျော်စီးရွက်လှေပေါ်သို့ တက်ရောက်၍ လှည့်လည်ကြည့်ရှု စစ်ဆေးကြသည်။

ထို့နောက် ရေယာဉ်လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို နန်းသီတာဆိပ်ကမ်းခန်းမ၌ ကျင်းပရာ ပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့သင်္ဘောကျင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး (ပူးတွဲတာဝန်)ဦးကြည်စိုးနှင့် ပြင်သစ်နိုင်ငံ Corvette Shipping Co., Ltd. မှ Mr. Peter John Wood တို့က ရေယာဉ်လွှဲပြောင်းခြင်းဆိုင်ရာ စာရွက်စာတမ်းများကို အပြန်အလှန် လက်မှတ်ရေးထိုး လဲလှယ်ကြသည်။

အဆိုပါ အပျော်စီးရွက်လှေမှာ ပြင်သစ်နိုင်ငံ Corvette Shipping Co., Ltd. အတွက် မြန်မာ့ သင်္ဘောကျင်းလုပ်ငန်းက ပထမဆုံးတည်ဆောက်ပေးခဲ့သည့် ရွက်လှေအမျိုးအစား ရေယာဉ်ဖြစ်သည်။ ရေယာဉ်၏ကိုယ်ထည်ကို သံကိုယ်ထည်ဖြင့် တည်ဆောက်ထားပြီး အလျား ၃၁ ဒသမ ၂၇ မီတာ၊ အနံ ၅ ဒသမ ၆ မီတာ၊ ဇောက် ၄ ဒသမ ၅၅ မီတာ၊ ရေစူး၃ ဒသမ ၃၄ မီတာရှိ Fife Schooner အမျိုးအစား ရွက်လှေဖြစ်သည်။ ရေယာဉ်တွင် မြင်းကောင်ရေ ၃၀၀ ရှိ ဒီဇယ်စက်မကြီးတစ်လုံးနှင့် ၁၇ ဒသမ ၅ ကီလိုဝပ်ရှိ မီးစက်တစ်လုံး တပ်ဆင်ထားရာ ရေယာဉ်ကို စက်အားဖြင့် မောင်းနှင်ပါက ရေမိုင် ၉ ဒသမ ၅မိုင် ခုတ်မောင်းနိုင်ကြောင်း သိရသည်။

ထို့အပြင် အဆိုပါရေယာဉ်ပေါ်တွင် ရေယာဉ်ဝန်ထမ်း အပါအဝင် လူ ၇ ဦး လိုက်ပါနိုင်ပြီး ခေတ်မီဆက်သွယ်ရေးကိရိယာများ၊ဂြိုဟ်တုသုံး ရေကြောင်းပြ ကိရိယာများတပ်ဆင်ထားကာ ရေယာဉ်၏ တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၅၀၀၀၀ ခန့် ဖြစ်သည်။



ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ၊ ဝန်ကြီးများနှင့်တာဝန်ရှိသူများ ပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့သင်္ဘောကျင်းလုပ်ငန်းက တာဝန်ယူတည်ဆောက်ပေးခဲ့သည့် 69' LWL Fife Schooner "Sunshine" အပျော်စီးရွက်လှေကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

မြန်မာ့သင်္ဘောကျင်းလုပ်ငန်းက တာဝန်ယူ တည်ဆောက်ပေးခဲ့သော အဆိုပါအပျော်စီးရွက်လှေသည်လက်ရာ လက်သားကောင်းမွန်ခြင်း၊ နိုင်ငံတကာရေကြောင်းဆိုင်ရာ စည်းမျဉ်းဥပဒေများနှင့် ပြည့်မီကိုက်ညီအောင် တည်ဆောက်ပေးနိုင်ခြင်းတို့ကြောင့် အပြည်ပြည်ဆိုင်ရာ ရေယာဉ်တည်ဆောက်မှု စစ်ဆေးရေးအဖွဲ့အစည်းတစ်ခုဖြစ်သည့် Lloyd's Register of Shipping (LRS)၏ အသိအမှတ်ပြုလက်မှတ်ကို ရရှိခဲ့သည်။

**အောင်မြင်စွာတည်ဆောက်**

မြန်မာ့သင်္ဘောကျင်းလုပ်ငန်းသည် ၁၉၉၅ခုနှစ်မှ စတင်၍ အင်ဒိုနီးရှားသမ္မတနိုင်ငံ၊ စင်ကာပူသမ္မတ နိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့ရှိ ကုမ္ပဏီများအတွက် တွန်းဆွဲရေယာဉ်၊ ပင်လယ်ပြင်ညစ်ညမ်းမှု ထိန်းသိမ်းရေးရေယာဉ်၊ ရေတိမ်သွားနှစ်ထပ် ခရီးသည်တင်ရေယာဉ်၊ ကမ်းလွန်ပင်လယ်ပြင်သုံး ထောက်ပံ့ရေး ရေယာဉ်၊ ယန္တရားတင်ရေယာဉ်စသည့် ရေယာဉ်အမျိုးအစားအမျိုးမျိုးကို အောင်မြင်စွာ တည်ဆောက်ပေးခဲ့ပြီးဖြစ်သည်။

(သတင်းစဉ်)

**တိမ်အသင့်အတင့်**

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။


**စက်မောင်းဆီ ချွေတာဖို့ သဘာဝဓာတ်ငွေ့ယာဉ်များ သုံးစွဲစို့**

* မော်တော်ယာဉ်များတွင် ဓာတ်ဆီ၊ ဒီဇယ်ဆီအစား သဘာဝဓာတ်ငွေ့ အစားထိုးသုံးစွဲနိုင်သည်။
* သဘာဝဓာတ်ငွေ့ သုံးစွဲခြင်းဖြင့် စက်မောင်းဆီ ချွေတာနိုင်သည့်အပြင် အင်ဂျင်သက်တမ်းကိုလည်း ပိုရှည်စေသည်။
* ပြည်တွင်းထွက် သဘာဝဓာတ်ငွေ့ကို အကျိုးရှိရှိ၊လုံခြုံစိတ်ချစွာ အသုံးပြုနိုင်သည်။
* သဘာဝဓာတ်ငွေ့သည် ရာနှုန်းပြည့် လောင်ကျွမ်းမှုရှိသဖြင့် ပတ်ဝန်းကျင် သန့်ရှင်းမှုကို အထောက်အကူပြုသည်။
* အလုံအလောက် သုံးစွဲနိုင်သဖြင့် ခရီးသည်ပို့ဆောင်ရေးနှင့် ကုန်စည်စီးဆင်းမှု ပိုမိုမြန်ဆန် သွက်လက်စေသည်။


# ကာကွယ်ရေးဦးစီးချုပ်(လေ)တံခွန်စိုက်ဒိုင်း ဘော်လီဘောပြိုင်ပွဲဗိုလ်လုပွဲနှင့်ဆုပေးပွဲမိတ္ထီလာ၌ကျင်းပ

ရန်ကုန် အောက်တိုဘာ ၁၉

၂၀၀၄ခုနှစ် ကာကွယ်ရေးဦးစီးချုပ်(လေ) တံခွန်စိုက်ဒိုင်း ဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုပေးပွဲကို အောက်တိုဘာ ၁၈ ရက်နံနက် ၈နာရီက မိတ္ထီလာမြို့ ခရိုင်မိုးလုံလေလုံအားကစားရုံ၌ကျင်းပရာ လေကြောင်းအတတ်သင်လေတပ်စခန်း၊ လေတပ် စခန်းမှူး ဗိုလ်မှူးချုပ်ခင်မောင်တင်၊ မြေပြင်အတတ်သင်လေတပ်စခန်း လေတပ်စခန်းမှူး ဗိုလ်မှူးကြီးသူရခင်မောင်ဝင်း၊ မိတ္ထီလာတပ်နယ်မှတပ်မတော်အရာရှိကြီးများ၊ လေကြောင်းအတတ်သင်လေတပ်စခန်းနှင့် မြေပြင်အတတ်သင်လေတပ်စခန်းတို့မှ အရာရှိ၊ စစ်သည်မိသားစုဝင်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။

အစီအစဉ်အရ ဗိုလ်လုပွဲ ပွဲစဉ်အဖြစ် မြေပြင်အတတ်သင်လေတပ်စခန်းအသင်းနှင့်အမှတ်(၁)တပ်ထိန်းတပ်(လေ) အသင်းတို့ယှဉ်ပြိုင်ကစားကြရာ အမှတ်(၁)တပ်ထိန်း(လေ)အသင်းက သုံးပွဲပြတ်ဖြင့် အနိုင်ရဗိုလ်စွဲသွားသည်။

ပြိုင်ပွဲအပြီးတွင် ပထမဆုရရှိသည့်အသင်းမှ အားကစားသမားများအား လေကြောင်းအတတ်သင်လေတပ်စခန်း လေတပ်စခန်းမှူး ဗိုလ်မှူးချုပ်ခင်မောင်တင်ကလည်းကောင်း၊ ဒုတိယဆုရရှိသည့်အသင်းမှ အားကစားသမားများအား လေကြောင်းအတတ်သင်လေတပ်စခန်းမှ ဒုတိယဗိုလ်မှူးကြီးအောင်ကျော်လှိုင်ကလည်းကောင်း၊ တံခွန်စိုက်ဒိုင်းဆု ဆွတ်ခူးရရှိသွားသော အမှတ်(၁) တပ်ထိန်းတပ်(လေ)အသင်းအား ကာကွယ်ရေးဦးစီးချုပ်(လေ)ကိုယ်စား လေကြောင်းအတတ်သင်လေတပ်စခန်း လေတပ်စခန်းမှူးဗိုလ်မှူးချုပ်ခင်မောင်တင်ကလည်းကောင်း ဆုများအသီးသီး ပေးအပ်ချီးမြှင့်၍ အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



## ဒီဂျီဆပ်ပြာစက်ရုံ လှိုင်သာယာစက်မှုဇုန်၌ဖွင့်လှစ်

ရန်ကုန် အောက်တိုဘာ ၁၉

**Dragon Group Co., Ltd.၏ ဒီဂျီဆပ်ပြာစက်ရုံဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၈ နာရီက အမှတ် ၉၁ မက္ခရာမင်းသားကြီး မောင်ပျိုးလမ်း စက်မှုဇုန်(၂) လှိုင်သာယာမြို့တွင်ကျင်းပရာ မြန်မာ့စက်မှုလက်မှု ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီဥက္ကဋ္ဌ အမှတ်(၁) စက်မှုဝန်ကြီးဌာနဝန်ကြီး ဦးအောင်သောင်း၊ မြန်မာ့စက်မှုလက်မှု ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌအမှတ်(၂) စက်မှုဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်စောလွင်နှင့်တာဝန်ရှိသူများ၊ အုပ်ချုပ်မှုဒါရိုက်တာ ဦးစိုင်းအောင်ထွန်းနှင့် ဒါရိုက်တာအဖွဲ့ဝင်များ၊ စက်ရုံဝန်ထမ်းများနှင့်ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။**

ရှေးဦးစွာ အမှတ် (၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းနှင့် အမှတ် (၂) စက်မှုဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်စောလွင်တို့က စက်ရုံဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း၊ အမှတ် (၂) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောလွင်နှင့် အုပ်ချုပ်မှု ဒါရိုက်တာ အဖွဲ့ဝင်များက ဖဲကြိုးဖြတ်ပြီး စက်ရုံကိုဖွင့်လှစ်ပေးသည်။

ထို့နောက် အမှတ် (၁) စက်မှုဝန်ကြီးဌာနဝန်ကြီး ဦးအောင်သောင်းက ဖွင့်ပွဲ အမှာစကားပြောကြားပြီး အုပ်ချုပ်မှုဒါရိုက်တာဦးစိုင်းအောင်ထွန်းက ကုမ္ပဏီဖြစ်ပေါ်လာပုံများကို ရှင်းလင်းပြောကြားကာဝန်ကြီးများနှင့် ဧည့်သည်တော်များအား စက်ရုံအတွင်း လှည့်လည်ရှင်းလင်းပြသသည်။

(အပေါ်ပုံ)

အမှတ် (၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းနှင့်အမှတ် (၂) စက်မှုဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်စောလွင်တို့ကစက်ရုံအတွင်းလှည့်လည်ကြည့်ရှုစစ်ဆေးပြီး စက်ရုံမှပြန်လည်ထွက်ခွာသွားကြပြီး ဖွင့်ပွဲအခမ်းအနားကိုရုပ်သိမ်းလိုက်သည်။

**(မြန်မာ့အလင်း)**

## ကျောက်ဆည်အထက(၁) အာစရိယပူဇော်ပွဲကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၁၉**

ကျောက်ဆည်မြို့ အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်းတွင် ၁၉၅၃မှ၂၀၀၄ခုနှစ်အထိတာဝန်ထမ်းဆောင်ခဲ့ကြသော အသက်(၆၀) နှင့် အထက်ဆရာကြီး၊ဆရာမကြီးများအား ကျောင်းသား ကျောင်းသူဟောင်းများက စတုတ္ထအကြိမ် အာစရိယပူဇော်ပွဲ အခမ်းအနားကို အောက်တိုဘာ ၂၄ ရက် တနင်္ဂနွေနေ့ နံနက်၉နာရီတွင် အဆိုပါကျောင်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

အာစရိယပူဇော်ပွဲသို့ အပူဇော်ခံ ဆရာကြီး ဆရာမကြီးများနှင့် ကျောင်းသား ကျောင်းသူဟောင်းများသည် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြရန်နှင့် အလှူငွေနှင့် လှူဖွယ်ပစ္စည်းများ လှူဒါန်းလိုပါက ဦးဝင်းကျော်ဦး (ဇော်ဂျီမောင်သစ်ဆိုင်၊ ကျောက်ဆည်မြို့) ဖုန်း-၀၆၆-၅၀၁၉၀၊ ကျောက်ဆည်အသင်း (ရန်ကုန်)ဒုတိယဥက္ကဋ္ဌ ဦးမြင့်လွင် ဖုန်း-၅၇၃၃၇၂၊ တွဲဖက်အတွင်းရေးမှူး ဦးခင်မောင်မြင့် ဖုန်း-၆၆၆၄၇၈ နှင့် အမှုဆောင် ဒေါ်ခင်မျိုးသန့် ဖုန်း-၆၆၄၆၂၈ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**(က-ပ)**

## မန္တလေးတိုင်းအတွင်း လူမှုဝန်ထမ်းလုပ်ငန်းများ ဝန်ကြီးဗိုလ်ချုပ်စိန်ထွား လှည့်လည်ကြည့်ရှုစစ်ဆေး

ရန်ကုန် အောက်တိုဘာ ၁၉

**လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်စိန်ထွားသည် တာဝန်ရှိသူများလိုက်ပါလျက် အောက်တိုဘာ ၁၅ ရက်တွင် မန္တလေးတိုင်း ပြင်ဦးလွင်မြို့နယ် ဇီးပင်ကြီး အိမ်တွင်းမှု သက်မွေးပညာသင်ကျောင်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး ဇီးပင်ကြီးမူလတန်းကြိုကျောင်းသို့လည်း သွားရောက်၍ မူကြိုကလေးငယ်များအား ကြည့်ရှုကာ ကစားစရာအရုပ်များနှင့်မုန့်များကို ပေးအပ်သည်။**

ထို့နောက် ဝန်ကြီးသည် ပြင်ဦးလွင် ခရိုင် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနပိုင် စိုက်ခင်းသို့သွားရောက်၍ စိုက်ပျိုးရေးဆောင်ရွက်ထားရှိမှုအခြေအနေနှင့် ဆွတ်ခူးပြီးပြောင်းဖူးများကို ကြည့်ရှုစစ်ဆေးကာ ခရိုင်ဦးစီးဌာနမှူးရုံး၌ ဝန်ထမ်းများနှင့်တွေ့ဆုံ၍ လိုအပ်သည်များကို မှာကြားသည်။

ထိုမှတစ်ဆင့် ဝန်ကြီးသည်မန္တလေး ပြန်လည်ထူထောင်ရေးစခန်းသို့ သွားရောက်၍ စေတနာ့ဝန်ထမ်း မူးယစ်ကြီးကြပ်ရေးအသင်းမှတာဝန်ရှိသူများနှင့်တွေ့ဆုံပြီး လိုအပ်သည်များကို ဖြည့်ဆည်းပေးသည်။ ဆက်လက်၍ ဝန်ကြီးသည် မန္တလေးလူငယ်သင်တန်းကျောင်း၌ မန္တလေးမြို့ပေါ်ရှိ လူမှုဝန်ထမ်းဦးစီးဌာနမှ ကျောင်းအုပ်များ၊ တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ လိုအပ်သည်များကို မှာကြားပြီး လက်ဆောင်ပစ္စည်းများကို ပေးအပ်ကာ သင်တန်းသားများ၏ စားရိပ်သာများကို ကြည့်ရှုစစ်ဆေးသည်။

### မှာကြား

ထိုမှတစ်ဆင့် ဝန်ကြီးသည် မန္တလေး ကလေးပြုစုရေးဌာနသို့သွားရောက်၍ ကလေးများ၏ ကျန်းမာရေးအခြေအနေကို ကြည့်ရှုစစ်ဆေးပြီး ကလေးစက်ဘီးများနှင့် မုန့်များကို ပေးအပ်သည်။ထို့နောက်ဝန်ကြီးသည် မန္တလေးတိုင်း လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနရုံးဝင်းအတွင်း တည်ဆောက်ထားသည့် ဓမ္မာရုံကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးဌာနမှူးရုံး၌ ဝန်ထမ်းများနှင့် တွေ့ဆုံ၍လိုအပ်သည်များကိုမှာကြားသည်။

### ပညာသင်ကြား

ထို့နောက် ဝန်ကြီးသည် စစ်ကိုင်းမြို့ မျက်မမြင်ကျောင်းသို့သွားရောက်၍ ကျောင်း၏အခြေအနေ၊ မျက်မမြင် သင်တန်းသားများ၏ စာပေနှင့် ကွန်ပျူတာသင်ကြားမှု အခြေအနေ၊ လက်မှုပညာသင်ကြားမှု အခြေအနေ၊ အိပ်ဆောင်နှင့် စားရိပ်သာများ အခြေအနေနှင့် အနုပညာဖျော်ဖြေမှုတို့ကို ကြည့်ရှုပြီး ထောက်ပံ့ငွေနှင့် လက်ဆောင်ပစ္စည်းများကို ပေးအပ်သည်။ ဆက်လက်၍ ဝန်ကြီးသည် စစ်ကိုင်းတိုင်း လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနရုံး၌ ဝန်ထမ်းများနှင့် တွေ့ဆုံ၍ လိုအပ်သည်များကို မှာကြားသည်။

ဝန်ကြီးသည် အောက်တိုဘာ ၁၇ ရက်တွင်ဇဟိုမီးသတ်သင်တန်းကျောင်းသို့ရောက်ရှိလာရာ ကျောင်းအုပ်ကြီးက သင်တန်းများ အခြေအနေ၊ စိုက်ပျိုးရေး၊ မွေးမြူရေး ဆောင်ရွက်ထားရှိမှု အခြေအနေတို့ကို ရှင်းလင်းတင်ပြပြီး ဝန်ကြီးသည် အင်္ဂလိပ်စကားပြောသင်တန်းနှင့် ကွန်ပျူတာသင်တန်းခန်းမ၊ ကျောင်းစာကြည့်တိုက် အပါအဝင်ကျောင်းဌာနချုပ်အဆောက်အအုံ အတွင်း လှည့်လည် ကြည့်ရှုစစ်ဆေးသည်။ထို့နောက် ဝန်ကြီးသည် ကျောင်းအတွင်း စိုက်ပျိုးထားရှိသော နှစ်ရှည်ပင်များ၊ ရာသီသီးနှံပင်များနှင့် သဘာဝရေထွက်များမှတစ်ဆင့် သွယ်ယူထားရှိသော ရေကန်များ၏ အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး သင်တန်းသား စားရိပ်သာများနှင့် စားဖိုဆောင်များကိုလည်း ကြည့်ရှုစစ်ဆေးသည်။

### မွေးမြူရေး

ယင်းနောက် ဝန်ကြီးသည် ဒေသမျိုး ကြက်ခြံ၊ ဝက် မွေးမြူရေးခြံ၊ ကုန်ပဒေသာဆိုင်၊ ဥစားကြက်မွေးမြူရေးခြံတို့ကို ကြည့်ရှုစစ်ဆေးပြီး အသက်ကယ် နည်းစနစ် ကျွမ်းကျင်မှု သင်တန်းသားများ၏ လေ့ကျင့်မှုများကို ကြည့်ရှု၍ သင်တန်းသားများအတွက် ဆုငွေများကို ပေးအပ်သည်။ ဆက်လက်၍ ဝန်ကြီးသည် အနော်ရထာခန်းမ၌တပ်ဖွဲ့ဝင်များနှင့် မိသားစုများအားတွေ့ဆုံ၍ လုပ်ငန်းဆိုင်ရာများကို မှာကြားပြီး **(ဝဲပုံ)** တပ်ဖွဲ့ဝင်များအတွက် အဝတ်အထည်များ ပေးအပ်သည်။ ထို့နောက် ဝန်ကြီးသည် သင်တန်းကျောင်းမှ တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ သင်တန်းများ၊ စိုက်ပျိုးရေး၊ မွေးမြူရေး ကိစ္စရပ်များ၊ အုပ်ချုပ်ရေး ကိစ္စရပ်များအတွက် လိုအပ်သည်များကို မှာကြားကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



## ၂၀၀၅ ခုနှစ် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ဖွံ့ဖြိုးသာယာပြည်မြန်မာ ရောင်စုံဓာတ်ပုံပြိုင်ပွဲဆုရသူများ

**ရန်ကုန် အောက်တိုဘာ ၁၉**

၂၀၀၅ခုနှစ် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် "ဖွံ့ဖြိုးသာယာပြည်မြန်မာ"ရောင်စုံဓာတ်ပုံပြိုင်ပွဲကို ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြိုင်ပွဲကျင်းပရေးကော်မတီက ဆုရရှိသူများစာရင်းကို အောက်တိုဘာ ၁၈ ရက်က ထုတ်ပြန်ကြေညာထားသည်။

အဆိုပါ ၂၀၀၅ခုနှစ် လွတ်လပ်ရေးနေ့အထိမ်းအမှတ် "ဖွံ့ဖြိုးသာယာ ပြည်မြန်မာ"ရောင်စုံဓာတ်ပုံပြိုင်ပွဲ၌ ဆုရရှိသူများမှာ ပထမဆု ရွှေလှ မျိုးအောင်၊ ဒုတိယဆု ကျော်ကျော်ဝင်း (မြန်မာနိုင်ငံ ဓာတ်ပုံအသင်း)၊ တတိယဆု ညောင်ဦးဖိုးချိုတို့ဖြစ်ပြီး အထူးဆုရရှိသူများမှာ စောအောင်မင်း (နယူးအာရှဓာတ်ပုံ)၊ ကျော်ကျော်ဝင်း (မြန်မာနိုင်ငံ ဓာတ်ပုံအသင်း)၊ ဦးသန်းဝေ(တောင်ကြီး)၊ A.K.MOE (သတ္တဗေဒ)၊တက္ကသိုလ် ဟန်မင်းဦး (Best Photo)၊ ထင်အောင် (အင်းစိန်)၊ A.K.MOE (သတ္တဗေဒ)၊ A.K. MOE (သတ္တဗေဒ)၊ ကျော်ဝင်းလှိုင် (ယဉ်ကျေးမှုတက္ကသိုလ်)နှင့် ဝေကြည်မိုး (ရန်ကုန်တက္ကသိုလ်) တို့ ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်) သံဃာတော် ဆရာတော်များအား နယ်စပ်/စည်ပင်ဝန်ကြီးဌာန ဝန်ထမ်းမိသားစုများ ဆွမ်းဆက်ကပ်လှူဒါန်း

ရန်ကုန် အောက်တိုဘာ ၁၉

**နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ထမ်းမိသားစုများက နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)မှ နာယကချုပ်ဆရာတော်အမှူးပြုသော သံဃာတော်များအား ဆွမ်းဆက်ကပ်လှူဒါန်းသည့် အခမ်းအနားကို ယနေ့နံနက် ၁၀နာရီတွင် ရန်ကုန်မြို့သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိ မိုးကုတ်ဆွမ်းစားဆောင်၌ကျင်းပရာ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့်စည်ပင်သာယာရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းထွန်း၊ ဝန်ကြီးဌာနလက်အောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်နှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ ဝန်ထမ်းမိသားစုများ တက်ရောက်ကြသည်။**

### ဆက်ကပ်လှူဒါန်း

ရှေးဦးစွာ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)၏ နာယကချုပ်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တပဏ္ဍိတာဘိဝံသထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး ဒုတိယဝန်ကြီးနှင့်ဌာနအကြီးအကဲများက ဆရာတော် သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)ရှိ သံဃာတော်များအတွက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့်စည်ပင်သာယာရေးဝန်ကြီးဌာန၏ တစ်နေ့တာဆွမ်းအလှူတော်ငွေကျပ်နှစ်သိန်းနှစ်သောင်းကို ဒုတိယဝန်ကြီးဗိုလ်မှူးချုပ်သန်းထွန်းက ပေးအပ်လှူဒါန်းရာ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြအောင်က လက်ခံသည်။

ထို့နောက် နာယကချုပ်ဆရာတော်ထံမှ အနုမောဒနာတရားနာယူ၍ ရေစက်သွန်းချအမျှပေးဝေကြပြီး ဆရာတော်သံဃာတော်များအား ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းထွန်းနှင့် ဌာနအကြီးအကဲများ၊ ဝန်ထမ်းမိသားစုများက နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**


**၂၀၀၄ ခုနှစ်**

**အောက်တိုဘာလ ၂၃ ရက် (စနေနေ့)**

**ကျောင်းနှင့်ဝန်းကျင် သန့်ရှင်းရေးနေ့**

**အခြေခံပညာကျောင်းအားလုံး**

**ပါဝင်ဆင်နွှဲကြပါစို့။**

**ပညာရေးဝန်ကြီးဌာန**


## မြန်မာ့ရုပ်မြင်သံကြား

**၁၃၆၆ ခုနှစ်**
**သီတင်းကျွတ်လဆန်း ၇ ရက်**
**(အဖိတ်နေ့)**
**၂၀-၁၀-၂၀၀၄ (ဗုဒ္ဓဟူးနေ့)**

**နံနက်ပိုင်း**

၇:၀၀ ၁။ ကျေးဇူးရှင် မင်းကွန်းဆရာတော်ဘုရားကြီး နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်
၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
၇:၅၅ ၅။ မျိုးမျိုးကွဲကွဲ ယဉ်ကျေးမှုအက
၈:၁၀ ၆။ အဆိုပြိုင်ပွဲ
၈:၂၀ ၇။ ဗိုလ်မြတ်ထွန်းတံတား
၈:၃၀ ၈။ International News
၈:၄၀ ၉။ Learning English the Easy and Happy Way for Children and Beginners.
၉:၀၀ ၁၀။ အစီအစဉ်ပြီး၏။

**ညပိုင်း**

၁၄:၅၀ ၁။ ၂၀၀၄ ခုနှစ် အကြိမ်(၂၀) မြောက်တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား အသက်(၂၀)နှစ်နှင့် အောက်တပ်မတော် (ကြည်း၊ရေ၊လေ) ဘောလုံးပြိုင်ပွဲတိုက်ရိုက်ထုတ်လွှင့်မှု အစီအစဉ်(ဗိုလ်လုပွဲ) (အနောက်တောင်တိုင်း စစ်ဌာနချုပ် ဘောလုံးအသင်းနှင့် ကာကွယ်ရေးဝန်ကြီးဌာန (စခန်းမှူးရုံးဘောလုံးအသင်း)
၁၆:၄၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၁၇:၀၀ ၃။ ရန်ကုန်တိုင်း အမှတ်(၃) အခြေခံပညာ ဦးစီးဌာန စတုတ္ထအကြိမ်မြောက် ဓမ္မစကြာဝတ်ရွတ်ပြိုင်ပွဲ (ပထမဆု) အထက-၂၊ စမ်းချောင်း (အမျိုးသမီးဝတ်ရွတ်အဖွဲ့)
၁၇:၂၀ ၄။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ ဒုတိယနှစ် (သချာ်အထူးပြု) (သင်္ချာ)
၁၇:၃၅ ၅။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
၁၇:၅၀ ၆။ ဂီတမဟာပျော်စရာ
၁၈:၀၅ ၇။ ရှုဖွယ်စုံလင်အာဆီယံ အစီအစဉ်
၁၈:၁၅ ၈။ Discovery
၁၈:၃၀ ၉။ ညနေခင်းသတင်း
၁၉:၀၀ ၁၀။ မိုးလေဝသအခြေအနေ
၁၉:၀၅ ၁၁။ ကြံ့ခိုင်ကျန်းမာပြည်မြန်မာ
၁၉:၁၅ ၁၂။ တေးဂီတအစီအစဉ်
၁၉:၃၀ ၁၃။ မဟာဝံသမြတ်ဗုဒ္ဓ (ဒုတိယပိုင်း)
၂၀:၀၀ ၁၄။ ပြည်တွင်းသတင်း
၁၅။ နိုင်ငံတကာသတင်းများ
၁၆။ မိုးလေဝသအခြေအနေ
၁၇။ ၂၀၀၄ ခုနှစ် ဒွါဒသမအကြိမ် (၁၂ကြိမ်)မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ
၁၈။ ယဉ်ကျေးမှုတက္ကသိုလ် (ရန်ကုန်) (၂၀၀၃-၂၀၀၄) ပညာသင်နှစ် အဌမအကြိမ် ဘွဲ့ယူကျောင်းသား ကျောင်းသူများ၏စင်တင်တင်ဆက်မှု အစီအစဉ်

# ဘိုင်းဒါးကျေးရွာ လျှပ်စစ်မီးလင်းပါပြီ

## ရဲမောင်

မိုးက တဖွဲဖွဲရွာနေသည်။

ပဲခူးခရိုင် ညောင်လေးပင်မြို့နယ်ထဲက ဘိုင်းဒါးကျေးရွာသားများ မိုးတဖွဲဖွဲတွင် သွားလာလှုပ်ရှား အလုပ်များနေကြသည်။

၂၀၀၄ ခုနှစ်၊ ဩဂုတ်လ ၉ရက်၊ တနင်္လာနေ့။

သည်နေ့သည် သူတို့ဘိုင်းဒါး ကျေးရွာအတွက် မင်္ဂလာနေ့၊ ပဲခူးတိုင်းအတွက် မင်္ဂလာနေ့။ သည်နေ့မှာ ဘိုင်းဒါးကျေးရွာ စပါးခွံဓာတ်ငွေ့သုံး လျှပ်စစ်ဓာတ်အားပေး စက်ရုံငယ် ဖွင့်သည့်နေ့ဖြစ်သည်။

ဖွင့်ပွဲအခမ်းအနားတွင် ပဲခူးတိုင်း ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ဘိုင်းဒါးကျေးရွာ စပါးခွံဓာတ်ငွေ့သုံး လျှပ်စစ်ဓာတ်အားပေး စက်ရုံငယ် အတွက် ငွေကျပ် ၁၀သိန်း ပံ့ပိုးပေးအပ်သည်မှာလည်း အားတက် ဖွယ်ရာပင် ဖြစ်သည်။

ညောင်လေးပင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးရဲနိုင်နှင့် ကျေးရွာလျှပ်စစ်မီးလင်းရေးကော်မတီဥက္ကဋ္ဌ ဦးတင်စိုးတို့က စက်ရုံကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ဘိုင်းဒါးကျေးရွာ လျှပ်စစ်မီးလင်းပါပြီ။

ဘိုင်းဒါးကျေးရွာ လျှပ်စစ်မီးရရှိခြင်းသည် ညောင်လေးပင်မြို့နယ်အတွင်း ပထမဦးဆုံးဖြစ်သလို ပဲခူးတိုင်းအတွင်း၌လည်း ပထမဦးဆုံးဖြစ်ပေသည်။

ဘိုင်းဒါးကျေးရွာ လျှပ်စစ်မီးလင်းနိုင်ရေးအတွက် မြန်မာ့တီထွင်သူများ သမဝါယမအသင်းက တီထွင်ထုတ်လုပ်ထားသည့် စပါးခွံဓာတ်ငွေ့သုံးလျှပ်စစ်ဓာတ်အားပေးစက်ကို အသုံးပြုထားကြောင်း သိရသည်။

ဘိုင်းဒါးကျေးရွာတွင် တည်ဆောက်ထားသည့် လျှပ်စစ်ဓာတ်အားပေး စက်ရုံငယ်မှာ RH-10 အမျိုးအစားမီးဖိုဖြင့် စပါးခွံမှဓာတ်ငွေ့ထုတ်ကာ မြင်းကောင်ရေ ၁၀၀အားရှိ TE-11အင်ဂျင်ကို အသုံးပြုထားကြောင်း၊ အင်ဂျင်လည်ပတ်မှု စွမ်းအားကို ဂျင်နရေတာဖြင့် ချိတ်ဆက်ပြီး လျှပ်စစ်ဓာတ်အား ထုတ်ယူခြင်းဖြစ်ကြောင်း၊ ကီလိုဝပ် ၅၀လျှပ်စစ်မီးထွက်ရှိကြောင်း စပါးခွံဓာတ်ငွေ့သုံး အင်ဂျင်စက်များ တီထွင်ထုတ်လုပ်နေသူ ဦးစိုးတင့်အောင်က ရှင်းပြသည်။

မြန်မာ့တီထွင်သူများ သမဝါယမအသင်းအနေဖြင့် မီးရှို့လျှင် လောင်ကျွမ်းသည့် ပစ္စည်းများ (Biomass) ကိုအသုံးပြုပြီး ဓာတ်ငွေ့ Producer Gas ထုတ်ယူကာ တီထွင်ပြုပြင်ထားသည့် အင်ဂျင်များကို လည်ပတ်စေကြောင်း၊ ဘိုင်းဒါးကျေးရွာမှာ စပါးခွံ ပေါသည့်အတွက် စပါးခွံဓာတ်ငွေ့သုံး အင်ဂျင်စက်ကို တည်ဆောက်ပေးခြင်း ဖြစ်ကြောင်း၊ မြေပဲခွံပေါသည့် ဒေသတွင် မြေပဲခွံ ဇီဝဓာတ်ငွေ့ထုတ်စက်၊ ကိုင်းပင်ပေါသည့်ဒေသတွင် ကိုင်းပင် ဇီဝဓာတ်ငွေ့ ထုတ်စက်များ တည်ဆောက်ပေးကြောင်း၊ ဇီဝဓာတ်ငွေ့သုံး အင်ဂျင်စက်များတွင် စက်၏စွမ်းအားမှာ တည်ငြိမ်မှုရှိကြောင်း၊ ဇီဝဓာတ်ငွေ့ သုံးအင်ဂျင်စက်များတွင် ဖြစ်ပေါ်လေ့ရှိသည့် ကတ္တရာပြဿနာကို လုပ်ငန်း သက်တမ်း ၁၀နှစ် အတွေ့အကြုံဖြင့် ဖယ်ရှားထားပြီးဖြစ်ကြောင်း၊ ဓာတ်ငွေ့ သုံးအင်ဂျင်စက်များနှင့် ဓာတ်ဆီ၊ ဒီဇယ်ဆီသုံးစက်များ၏ စက်စွမ်းအားမှာ ခြားနားမှုသိပ်မရှိကြောင်း၊ သို့သော် ဓာတ်ဆီ၊ ဒီဇယ်ဆီဖိုး ကုန်ကျစရိတ်ချင်းနှိုင်းယှဉ်လျှင် ကုန်ကျစရိတ် သက်သာမှုများစွာခြားနားကြောင်း ဦးစိုးတင့်အောင်က ဆက်လက်ရှင်းပြသည်။

ဘိုင်းဒါးကျေးရွာ လျှပ်စစ်မီးလင်းရေးကော်မတီဥက္ကဋ္ဌ ဦးတင်စိုးနှင့် တွေ့ဆုံ၍လည်း မေးမြန်းကြည့်မိသည်။

ဘိုင်းဒါးကျေးရွာ စပါးခွံဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံအား တွေ့ရစဉ်။



**လေးပေမီးချောင်း အချောင်း၁၂၅၀ဖြင့် ကျေးလက်မီးလင်းရေး ဆောင်ရွက်ပေးလျက်ရှိသည်။**

**ညောင်လေးပင်မြို့နယ် ဝဲဝန်းကျေးရွာ အုပ်စု ဘိုင်းဒါးကျေးရွာ လျှပ်စစ်မီးလင်းပါပြီ။**

ဘိုင်းဒါးကျေးရွာ လျှပ်စစ်ဓာတ်အားပေးစက်ရုံငယ်ကို စွန့်ပစ်စပါးခွံလောင်စာ သုံးစွဲပြီး ပြည်သူများ တန်ဖိုးချိုသာစွာဖြင့် လျှပ်စစ်ဓာတ်အားသုံးစွဲနိုင်ရန် ရည်ရွယ် တည်ဆောက်ခဲ့ခြင်းဖြစ်သည်။ ၂၀၀၄ခုနှစ် မေ၁၈ရက်မှစ၍ စုစုပေါင်းရင်းနှီးမြှုပ်နှံ ငွေကျပ် ၁၀၅သိန်းဖြင့် တည်ဆောက်ခဲ့ခြင်း ဖြစ်သည်။

စက်ရုံမှ မြင်းကောင်ရေ ၁၀၀အင်ဂျင်ဖြင့် ကီလိုဝပ်၅၀ လျှပ်စစ်မီးထွက်ရှိပြီး ဘိုင်းဒါးကျေးရွာမှ ကျေးလက်နေပြည်သူ အိမ်ထောင်စု ၃၂၆စုအတွက် လေးပေ မီးချောင်း အချောင်း ၁၂၅၀ဖြင့် ကျေးလက်မီးလင်းရေး ဆောင်ရွက်ပေးလျက်ရှိသည်။

ညောင်လေးပင်မြို့နယ် ဝဲဝန်းကျေးရွာအုပ်စု ဘိုင်းဒါးကျေးရွာ လျှပ်စစ်မီး လင်းပါပြီ။

ဘိုင်းဒါးကျေးရွာမှ ပညာရည်နို့ သောက်စို့နေကြသူများ လျှပ်စစ်မီး အလင်း ရောင်ဖြင့် စာပေပညာသင်ယူနိုင်ကြပြီ။ ဘိုင်းဒါးကျေးရွာသားများ လျှပ်စစ်မီးကို အရင်းပြု၍ ဖွံ့ဖြိုးတိုးတက်မှုကို ထပ်ဆင့်အားထုတ်နိုင်ကြပေပြီ။

ဘိုင်းဒါးကျေးရွာမှစတင်ထွန်းလင်းလာသော ကျေးရွာလျှပ်စစ်မီးအလင်းရောင်သည် ပဲခူးတိုင်းအတွင်းရှိ မြို့နယ်များမှ ကျေးရွာများအားလုံးဆီသို့ တိုးပွားကာ မကြာမီသော ကာလအတွင်း ကျေးရွာတိုင်း လျှပ်စစ်မီးလင်း နိုင်တော့မည်ဖြစ်ပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။ ။

ဘိုင်းဒါးကျေးရွာ လျှပ်စစ်မီးလင်းရေးအတွက် ဘက်စုံစူးစမ်းလေ့လာခဲ့ကြောင်း၊ လုပ်ငန်းအတွက် အမှား မရှိစေရန် လေ့လာခြင်းဖြစ်ကြောင်း၊ စပါးခွံ ဓာတ်ငွေ့သုံး အင်ဂျင်စက်မှာ ဓာတ်ဆီ၊ ဒီဇယ်ဆီသုံးရန် မလိုသည့်အတွက် ကုန်ကျစရိတ်များစွာသက်သာသည်ကို တွေ့ရကြောင်း၊ စပါးခွံဓာတ်ငွေ့သုံး အင်ဂျင်စက် အသုံးပြုနေသူများထံ လိုက်လံအကဲခတ်ခဲ့ကြောင်း၊ အားလုံး အဆင်ပြေကြကြောင်း၊ သို့အတွက် စပါးခွံဓာတ်ငွေ့သုံး လျှပ်စစ်မီးပေးစက်တည်ဆောက်ရန် ဆုံးဖြတ်ခဲ့ကြကြောင်း ရှင်းပြသည်။

**ဘိုင်းဒါးကျေးရွာ လျှပ်စစ်ဓာတ်အားပေးစက်ရုံငယ်ကို စွန့်ပစ်စပါးခွံလောင်စာသုံးစွဲပြီး ပြည်သူများ တန်ဖိုးချိုသာစွာဖြင့် လျှပ်စစ်ဓာတ်အားသုံးစွဲနိုင်ရန် ရည်ရွယ်တည်ဆောက်ခဲ့ခြင်း ဖြစ်သည်။ ၂၀၀၄ခုနှစ် မေ ၁၈ရက်မှစ၍ စုစုပေါင်းရင်းနှီးမြှုပ်နှံငွေကျပ် ၁၀၅သိန်းဖြင့် တည်ဆောက်ခဲ့ခြင်း ဖြစ်သည်။**

**စက်ရုံမှမြင်းကောင်ရေ၁၀၀အင်ဂျင်ဖြင့် ကီလိုဝပ် ၅၀ လျှပ်စစ်မီးထွက်ရှိပြီး ဘိုင်းဒါးကျေးရွာမှ ကျေးလက်နေ ပြည်သူ အိမ်ထောင်စု ၃၂၆ စုအတွက်**

# ထားဝယ်ရိုးရာ သပိတ်မှောက်ပွဲကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၁၉**

ရန်ကုန်မြို့ရောက် ထားဝယ်သူ ထားဝယ်သားများနှင့် ခုနစ်ရက်သားသမီး အလှူရှင်များ၏ အဌမအကြိမ်မြောက် ထားဝယ်ရိုးရာ သပိတ်မှောက်ပွဲကို သီတင်းကျွတ်လပြည့်နေ့ (အောက်တိုဘာ ၂၈ ရက်)အရုဏ်တွင် ဗိုလ်တထောင်ဆိပ်ကမ်းမှ သပိတ်များမှောက်မည်ဖြစ်ရာ အလှူရှင်များသည် ပုဇွန်တောင်မြို့နယ် ရေကျော်ဈေးရှိ ထားဝယ် ဦးလှိုင်ထွန်းနှင့် ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)



**တာမွေမြို့နယ် မေတ္တာညွန့်ရပ်ကွက် သီရိမင်္ဂလာဘုန်းတော်ကြီးသင်ပညာရေးကျောင်း၏ ပညာရည်ထူးချွန်ဆုရသူများ၊ (၂၁)ကြိမ်မြောက် ယဉ်ကျေးမှုစာမေးပွဲအောင်မြင်သူများ ဆုပေးပွဲနှင့် စာအုပ်၊ စာရေးကိရိယာ၊ အဝတ်အထည်နှင့် အလှူငွေများပေးအပ်ပွဲအခမ်းအနားကို အောက်တိုဘာ ၉ရက်ကကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးအောင်ကျော်စိုးထံ မြို့နယ်ပညာရေးမှူး ဦးဝမ်းမောင်နှင့် လက်ထောက်မြို့နယ် ပညာရေးမှူး ဦးဝင်းထိန်တို့က စုပေါင်းလှူဒါန်းငွေကျပ် ၂၉၁၆၀၀ ကို ပေးအပ်လှူဒါန်းစဉ်။** (၁၁၅)

# စမ်းချောင်းလမ်းတွင် ၁၀ ရက် တရားစခန်းဖွင့်မည်

**ရန်ကုန် အောက်တိုဘာ ၁၉**

ကျေးဇူးရှင်လယ်တီဆရာတော်ကြီး၏ တပည့် အနာဂါမ်ဆရာသက်ကြီး၏ ကိုယ်တွေ့ဉာဏ်မြင် သမထဝိပဿနာအကျင့်မြတ် အလုပ်ပေးတရားတော်ကို ကမ္မဋ္ဌာန်းနည်းပြ ဆရာဦးကျော်နိုင်ထွန်းက အောက်တိုဘာ ၂၅ ရက်မှ နိုဝင်ဘာ ၃ ရက်အထိ စမ်းချောင်းမြို့နယ် စမ်းချောင်းလမ်း အမှတ် ၂၉ (ဒုတိယထွာ)တွင် နေ့စဉ် မွန်းတည့် ၁၂ နာရီမှ ညနေ ၅ နာရီအထိ ဓမ္မဒါနပြုမည်ဖြစ်ရာ မည်သူမဆို လာရောက်အားထုတ်နိုင်ကြောင်း သိရသည်။ **(က-ပ)**



**အမှတ် ၅၇၊ ၃ လမ်း လမ်းမတော်မြို့နယ်နေ ဒေါ်မြင့်မြင့်သန်း၏ နှစ်(၅၀)ပြည့် မွေးနေ့အလှူနှင့် မောင်ဟိန်းလတ်၏ (၂၇)နှစ်ပြည့် မွေးနေ့ အလှူအဖြစ် ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ထာဝရငွေပဒေသာပင် အလှူငွေကျပ်နှစ်သိန်းကို စက်တင်ဘာ ၁၂ရက်က ပေးအပ်လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် ဦးမြင့်ဟန် လက်ခံယူစဉ်။** (က-ပ)



**အောက်တိုဘာ ၈ ရက်က စမ်းချောင်းမြို့နယ် လင်းလွန်း (မြောက်)ရပ်ကွက် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးတွင် ကိုယ့်အားကိုယ်ကိုး နယ်လှည့်စာကြည့်တိုက်၊ နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့် ဟောပြောပွဲ ဖွင့်ပွဲကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ဝင်းဝင်းဌေးနှင့် ရပ်ကွက်ဥက္ကဋ္ဌ ဦးတင်မြင့်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။**

(မြို့နယ် ပြန်/ဆက်)

# ဟသ်ာတခရိုင်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းနှစ်လည်စည်းဝေး အတွင်းရေးမှူးဝန်ကြီးဗိုလ်ချုပ်တင်ထွတ် အမှာစကားပြောကြား

ရန်ကုန် အောက်တိုဘာ ၁၉

**ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်တင်ထွတ်သည် အောက်တိုဘာ၁၇ရက်တွင် ဟသ်ာတမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း ဟသ်ာတခန်းမ၌ကျင်းပသော ဟသ်ာတခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး(၂၀၀၄)သို့ တက်ရောက်၍ အမှာစကားပြောကြားပြီး စေတနာရှင်များက လှူဒါန်းသော ငွေကျပ် ၁၅၃ သိန်းတန်ဖိုးရှိ ကွန်ပျူတာနှင့်ဆက်စပ်ပစ္စည်းများကို ဟသ်ာတမြို့ပေါ်ရှိ အခြေခံပညာအထက်တန်းကျောင်း လေးကျောင်းနှင့် ခရိုင်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းတို့သို့ ပေးအပ်လှူဒါန်းရာ ကျောင်းအုပ်ကြီးများနှင့် ခရိုင်အတွင်းရေးမှူးတို့က လက်ခံကြသည်။**

ထို့နောက် အတွင်းရေးမှူး ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်နှင့် တာဝန်ရှိသူများသည် ဟသ်ာတခရိုင် အတွင်းမှ ပညာရေးထူးချွန်သူများ၊ ဗဟိုအဆင့်ပြိုင်ပွဲများတွင် ထူးချွန်သူများနှင့် အားကစား ထူးချွန်ဆုရရှိသူများအား ဆုများကို ချီးမြှင့်ကြသည်။

ဆက်လက်၍ ခရိုင်အတွင်းရေးမှူးက ရပ်ရွာပညာပဒေသာဌာနများ အတွက် စာအုပ်၊ စာစောင်များကို ပေးအပ်လှူဒါန်းရာ မြို့နယ်များမှ တာဝန်ရှိသူများက လက်ခံကြသည်။

ထို့နောက် ဟသ်ာတစက်မှုဇုန် တာဝန်ခံ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်သည် ဟသ်ာတမြို့ မြနဒီခန်းမ၌ စက်မှုဇုန် ကြီးကြပ်မှုကော်မတီဝင်များ၊ လုပ်ငန်းရှင်များနှင့် တွေ့ဆုံပြီး စက်မှုဇုန်မှ ထုတ်လုပ်သော ပစ္စည်းကိရိယာများ ပြည်ပသွင်းကုန်ပစ္စည်းထက်ဈေးနှုန်းသက်သာရေး၊ ပြည်တွင်းမှ ထုတ်လုပ်သော သံရည်ကျို နန်းဆွဲသံချောင်းများ စံချိန်စံညွှန်းအရည်အသွေးကောင်းမွန်ရေး၊ စက်မှုဇုန်မှထုတ်လုပ်သော စက်ပစ္စည်းကိရိယာများ သုံးစွဲသူများ အကြိုက်ဖြစ်စေရေးတို့ကို ရှင်းလင်းပြောကြားသည်။ ထို့နောက် ဝန်ကြီးသည် စက်မှုဇုန် ကြီးကြပ်မှုကော်မတီဝင်များ၊ လုပ်ငန်းရှင်များ၏ ဆွေးနွေးတင်ပြချက်များကို ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက် ပေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# အဖိတ်နေ့နှိုးဆော်ချက်

ဗုဒ္ဓဘာသာဝင် သူတော်စင်အပေါင်းတို့-

ယနေ့သည် ဗုဒ္ဓဘာသာဝင်တို့၏ အဖိတ်နေ့ဖြစ်ပါသည်။ မနက်ဖြန် ဥပုသ်နေ့တွင် သီတင်းသီလ ဆောက်တည်လိုကြသူများအတွက် ကြိုတင်သိရှိနိုင်ကြပါရန် နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော် အပ်ပါသည်။

# တနင်္သာရီတိုင်းပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းနှစ်လည်စည်းဝေး ဗဟိုအလုပ်အမှုဆောင်ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းအမှာစကားပြောကြား

ရန်ကုန် အောက်တိုဘာ ၁၉

**တနင်္သာရီတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး(၂၀၀၄) အခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် တနင်္သာရီတိုင်း မြိတ်မြို့ ပုလဲရတနာခန်းမတွင် ကျင်းပပြုလုပ်ရာ အခမ်းအနားသို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် တနင်္သာရီတိုင်းတာဝန်ခံ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။**

ဆက်လက်၍ အခမ်းအနားအစီအစဉ်အရ တနင်္သာရီတိုင်းဂုဏ်ဆောင် ထူးချွန်ကျောင်းသား၊ကျောင်းသူများ ဖြစ်သော ၂၀၀၄ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် သိပ္ပံဘာသာတွဲ တစ်တိုင်းလုံး အမှတ်အများဆုံးဆုရ မြိတ်မြို့ အထက(၁)မှမသဉ္ဇာသျှိုး၊ ဝိဇ္ဇာဘာသာတွဲ အမှတ်အများဆုံးဆုရ တနင်္သာရီမြို့ အထကမှ မောင်ရွှေလင်းဦးနှင့် တနင်္သာရီတိုင်း အောင်ချက်အကောင်းဆုံးဆုရ ထားဝယ်မြို့ အထက(၂) ကျောင်းတို့အားလည်းကောင်း၊အင်္ဂလိပ်ဘာသာပေးစာပြိုင်ပွဲ၊ မြန်မာတစ်နိုင်ငံလုံး ပထမရရှိသော မြိတ်မြို့ အထက (၃)မှ မောင်စိုးလတ်ထွန်းနှင့်နိုင်ငံတကာစာတတ်မြောက်ရေးနေ့ ပိုစတာပြိုင်ပွဲ တတိယဆုရ မဇင်ဖူးဝေတို့အားလည်းကောင်း၊ ဗဟိုအလုပ်အမှုဆောင်ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းက ဆုများအသီးသီးပေး အပ်ချီးမြှင့်သည်။

## ဆုများချီးမြှင့်

ထို့နောက် ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်ဟုန်ငိုင်း၏ဇနီးဒေါ်ဝါဝါက တိုင်းဂုဏ်ဆောင် အနုပညာရှင်များအားလည်းကောင်း၊တိုင်းဂုဏ်ထူးဆောင် အားကစားသမားများအား တနင်္သာရီတိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူးဒုတိယဗိုလ်မှူးကြီးမျိုးညွန့်ကလည်းကောင်း ဆုများချီးမြှင့်ပြီး နှစ်ပတ်လည် အစည်းအဝေး ပထမပိုင်းကို ရပ်နားသည်။

ထို့နောက် ဗဟိုအလုပ်အမှုဆောင်နှင့် အဖွဲ့ဝင်များသည် မြိတ်မြို့ ချောင်းကူးရပ်ကွက်တွင် တည်ဆောက်မည့် တနင်္သာရီတိုင်းပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းရုံး တည်ဆောက်ရေးအုတ်မြစ်စီ မင်္ဂလာအခမ်းအနားရှင်းလင်းဆောင်သို့ ရောက်ရှိပြီး တိုင်းရုံး ဆောက်လုပ်ရေးအတွက် အလှူရှင် ၁၅ဦးတို့က အလှူငွေကျပ် ၇၁၆ သိန်းအား ပေးအပ်လှူဒါန်းရာ ဗဟိုအလုပ်အမှုဆောင်နှင့် တနင်္သာရီတိုင်းပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးတို့က လက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်၍ ဗဟိုအလုပ်အမှုဆောင်ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းက ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

## ပက်ဖျန်းပေး

ဆက်လက်၍ မင်္ဂလာအချိန်တွင် တိုင်းရုံးတည်ဆောက်ရေးအတွက် အုတ်မြစ်စီ မင်္ဂလာအခမ်းအနားကို ကျင်းပရာ ရှေးဦးစွာ ဗဟိုအလုပ်အမှုဆောင်က ရတနာရွှေကြုတ်ထည့်သွင်း၍ အဖွဲ့ဝင်များနှင့်အတူ ရတနာအုတ်များစီကာ နံ့သာရေများ ပက်ဖျန်းပေးကြသည်။

ထို့နောက်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းရုံးတည်ဆောက်ရေး အုတ်မြစ်စီမင်္ဂလာအခမ်းအနားအောင်မြင်ခြင်းအထိမ်းအမှတ် ရတနာရွှေမိုးငွေမိုးများ ရွာသွန်းပြီး အခမ်းအနားကို ရပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန စီမံခန့်ခွဲရေးသင်တန်းဖွင့်

**ရန်ကုန် အောက်တိုဘာ ၁၉**

ပြည်ထဲရေးဝန်ကြီးဌာန အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန စီမံခန့်ခွဲရေးဝန်ထမ်းအဆင့်(၂)သင်တန်းအမှတ်စဉ်(၂/၂၀၀၄)သင်တန်းဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာ၁၇ရက် နံနက် ၈ နာရီက အုပ်ချုပ်ရေးပညာ ဖွံ့ဖြိုးမှုသင်တန်းကျောင်း၌ကျင်းပရာပြည်ထဲရေးဝန်ကြီးဌာနဝန်ကြီးဗိုလ်မှူးကြီးတင်လှိုင် တက်ရောက်၍ အမှာစကားပြောကြားသည်။

အခမ်းအနားသို့ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဘုန်းဆွေ၊ ပြည်ထဲရေးဝန်ကြီးဌာနအောက်ရှိ တပ်ဖွဲ့နှင့်ဦးစီးဌာနများမှ ရဲချုပ်နှင့် ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယရဲချုပ်နှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန(ရုံးချုပ်)မှ ညွှန်ကြားရေးမှူးများ၊ ရန်ကုန်တိုင်းအထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တိုင်းအုပ်ချုပ်ရေးမှူးနှင့် ခရိုင်အုပ်ချုပ်ရေးမှူးများ၊ သင်တန်းကျောင်း ကျောင်းအုပ်ကြီးနှင့် သင်တန်းနည်းပြများ၊ သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

အဆိုပါသင်တန်းသို့ သင်တန်းသားသင်တန်းသူ၇၄ဦးတက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တ ၁၀ပတ်ကြာ ဖွင့်လှစ်သွားမည် ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ကယားပြည်နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး(၂၀၀၄)ကျင်းပ

ရန်ကုန် အောက်တိုဘာ ၁၉

**ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် သစ်တောရေးရာဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်သည် အောက်တိုဘာ၁၇ရက်နံနက်ပိုင်းတွင် လွိုင်ကော်မြို့နယ် မိုက်ကန်းကျေးရွာ မူလတန်းကျောင်း ကျောင်းဆောင်သစ်ဖွင့်ပွဲသို့ တက်ရောက်သည်။**

ကျောင်းဆောင်သစ်အား ပြည်နယ်ပညာရေးမှူး ဦးဝင်းတင်၊ ပြည်နယ်အသင်း အတွင်းရေးမှူးဦးကျော်ဆွေ၊ ကျေးရွာဥက္ကဋ္ဌ ဦးဘဟန်တို့ကဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။

## အမှာစကားပြော

ထို့နောက် ဗဟိုအလုပ်အမှုဆောင်သည် ကျောင်းခန်းမတွင် မိုက်ကန်း၊ လောခလေ့၊ လောပိတ၊ မထောရူကျေးရွာများမှ ရွာသူရွာသားများအား တွေ့ဆုံ၍ အမှာစကားပြောကြားသည်။

အောက်တိုဘာ ၁၈ ရက် နံနက်ပိုင်းတွင် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်သည် လွိုင်ကော်မြို့ ပြည်နယ်ခန်းမတွင်ပြုလုပ်သည့် ကယားပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေး ၂၀၀၄သို့ တက်ရောက်ပြီး အဖွင့်အမှာစကား ပြောကြားသည်။

ဆက်လက်၍ အခမ်းအနားအစီအစဉ်အရပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးကျော်စွာမင်းက အမှာစကားပြောကြားသည်။

ထို့နောက် ဗဟိုအလုပ်အမှုဆောင်က ၂၀၀၃-၂၀၀၄ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ ကယားပြည်နယ် အဆင့်ပထမ၊ ဒုတိယ၊ တတိယရရှိကြသည့် ကျောင်းသားကျောင်းသူများ၊ ထူးချွန်ကြက်ခြေနီနှင့် ဆို၊က၊ရေး၊တီး ဗဟိုအဆင့်ပြိုင်ပွဲများတွင် ထူးချွန်ဆုရရှိကြသူများအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

## လက်ခံ

နေ့လယ်ပိုင်းတွင် ဗဟိုအလုပ်အမှုဆောင်သည် ဒီမောဆိုမြို့နယ် ဒေါ်ဒူကျေးရွာမူလတန်းကျောင်းဆောင်သစ်ဖွင့်ပွဲနှင့် ဒေါ်ကလိုရူးကျေးရွာ မူလတန်းကျောင်းဆောင်သစ်ဖွင့်ပွဲများသို့တက်ရောက်ပြီးအလှူငွေနှင့် ကျောင်းသုံးဗလာစာအုပ်များ ပေးအပ်ရာကျောင်းအုပ်ဆရာမကြီးက လက်ခံရယူသည်။

## ဖြည့်ဆည်းပေး

အောက်တိုဘာ ၁၉ ရက်နံနက်ပိုင်းတွင် သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်သည် ပြည်နယ်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးကျော်စွာမင်း၊ သစ်တောဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးအေးမြင့်မောင်တို့နှင့်အတူ လွိုင်ကော်မြို့နယ်ရှိ ၂၀၀၃-၂၀၀၄ ကျွန်း အထူးစိုက်ခင်းသို့ ရောက်ရှိစစ်ဆေးပြီး စိုက်ခင်းလုပ်ငန်းစဉ်များ စနစ်တကျဆောင်ရွက်ရေး၊ စိုက်ပျိုးပြီးသစ်ပင်များ ထိန်းသိမ်းရေးတို့နှင့်စပ်လျဉ်း၍ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



**အောက်တိုဘာ၁၉ရက်က သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ရန်ကုန်နည်းပညာတက္ကသိုလ်သို့ ရုရှားနိုင်ငံ Kursk State Technical University မှ သင်ကြားရေးအထောက်အကူပြုပစ္စည်းများအား လှူဒါန်းပွဲ အခမ်းအနားတွင် ရုရှားနိုင်ငံ Kursk State Technical University မှ ပါမောက္ခချုပ် Dr.Zakhardv နှင့် Dr. Zhubarev တို့က ရန်ကုန်နည်းပညာတက္ကသိုလ် ပါမောက္ခချုပ်ဒေါက်တာလှသန်းထံ သင်ကြားရေး အထောက်အကူပြုပစ္စည်းများ ပေးအပ်လှူဒါန်းစဉ်။** (သတင်း-ရွှေဖုံး) **(သတင်းစဉ်)**

# တောင်တွင်းကြီးအထက(၁) စိန်ရတုမဂ္ဂဇင်းထုတ်ဝေမည်

**ရန်ကုန် အောက်တိုဘာ ၁၉**

တောင်တွင်းကြီးမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၏ စိန်ရတုသဘင် အထိမ်းအမှတ် မဂ္ဂဇင်း(၁၉၃၀-၂၀၀၅)ကို ထုတ်ဝေမည်ဖြစ်ရာ ကျောင်းသား ကျောင်းသူဟောင်းများ၊ ဆရာ ဆရာမများနှင့် စာပေဝါသနာရှင်များအနေဖြင့် အထက(၁)၊ စိန်ရတုနှင့်ပတ်သက်သော ဝတ္ထု၊ ဆောင်းပါး၊ ကဗျာစာမူများကိုနိုဝင်ဘာ ၃၀ ရက်နောက်ဆုံးထား၍ ဦးတိုးမြင့် အထက်တန်းကျောင်းအုပ်ဆရာကြီး (ငြိမ်း) တောင်ပြင် (၂)ရပ်ကွက် တောင်တွင်းကြီးမြို့၊ ဦးဝင်းမောင် အထပြ(ငြိမ်း) သာသနဗိမာန်လမ်း၊ တောင်တွင်းကြီးမြို့ ဖုန်း-၀၆၃-၅၀၅၇၂၊ ဦးရဲဆွေ အလပြ၊အထက (၁) တောင်တွင်းကြီးမြို့ ဖုန်း-၀၆၃-၅၀၃၂၂တို့သို့ ပေးပို့နိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# အဆို၊အက၊အရေး၊အတီးပြိုင်ပွဲ ကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌနှင့် ဆပ်ကော်မတီဝင်များ၊အုပ်ချုပ်သူများညှိနှိုင်းစည်းဝေး

**ရန်ကုန် အောက်တိုဘာ ၁၉**

ဒွါဒသမအကြိမ်(၁၂ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ နှင့်ဆပ်ကော်မတီဝင်များ၊ ပြည်နယ်နှင့်တိုင်းများမှ အုပ်ချုပ်သူများ၏ ညှိနှိုင်းအစည်းအဝေးကို ယနေ့ ညနေ ၅ နာရီတွင် ရန်ကုန်မြို့ အမှတ်(၁)စစ်ကြောရေးနှင့် တည်းခိုရေးစခန်း (ဘုရင့်နောင်)၌ကျင်းပရာ ရှေးဦးစွာ ပြိုင်ပွဲကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ အမှတ်(၃)စစ်ဒေသမှူးဗိုလ်မှူးကြီးတင့်ဆန်းက အမှာစကားပြောကြားပြီး ဆပ်ကော်မတီဝင်များ၊ အုပ်ချုပ်သူများက ပြိုင်ပွဲနှင့်စပ်လျဉ်း၍ လုပ်ငန်းကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာကြသူများ၏ ဆွေးနွေး တင်ပြချက်များ၊ လုပ်ငန်းကိစ္စရပ်များနှင့်စပ်လျဉ်း၍ ပြိုင်ပွဲကျင်းပရေးလုပ်ငန်း ကော်မတီဥက္ကဋ္ဌ အမှတ်(၃)စစ်ဒေသမှူးဗိုလ်မှူးကြီးတင့်ဆန်းက ပြန်လည်သုံးသပ် ဆွေးနွေးမှာကြားပြီး လိုအပ်သည်များကို ညှိနှိုင်းစီစဉ်ဆောင်ရွက်ပေးသည်။ **(သတင်းစဉ်)**

ရန်ကုန် အနောက်ပိုင်းခရိုင် မော်တော်ယာဉ်လိုင်းပေါင်းစုံ ထိန်းသိမ်းရေး ကော်မတီ(ရုံးချုပ်) ယာဉ်လိုင်းမိသားစုများ၏ (၂၄)ကြိမ်မြောက် ဘုရားကိုးဆူပူဇော်ပွဲနှင့်ဘုရားအနေကဇာတင်ပွဲ အခမ်းအနားကို အောက်တိုဘာ ၁၇ရက်က ရုံးချုပ်ခန်းမတွင် ကျင်းပရာ အနောက်ပိုင်းခရိုင် ယာဉ်လိုင်းများ ကြီးကြပ်ကွပ်ကဲမှုအဖွဲ့ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးကျော်တင့် ကိုယ်စား တာဝန်ရှိသူများက သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (၁၂၉)



# သမဝါယမဒေသထွက်ကုန်အရောင်းပွဲတော် ကျင်းပရေးဦးစီးကော်မတီစည်းဝေး ဝန်ကြီးဗိုလ်မှူးကြီးဇော်မင်းတက်ရောက်အမှာစကားပြောကြား

ရန်ကုန် အောက်တိုဘာ ၁၉

**သမဝါယမဝန်ကြီးဌာန ဒေသထွက်ကုန်အရောင်းပွဲတော် ကျင်းပရေးဦးစီးကော်မတီ အစည်းအဝေးကို အောက်တိုဘာ ၁၅ ရက် မွန်းလွဲ ၁ နာရီက ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ သမဝါယမဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ သမဝါယမဒေသထွက်ကုန် အရောင်းပွဲတော် ကျင်းပရေးဦးစီးကော်မတီ နာယက သမဝါယမဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်း တက်ရောက် အမှာစကားပြောကြားသည်။**

ရှေးဦးစွာ ဦးစီးကော်မတီဥက္ကဋ္ဌ သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးစိုးဝင်းက ပွဲတော်ကျင်းပရေး ဆောင်ရွက်ပြီးစီးမှု အခြေအနေကို ကွန်ပျူတာပရိုဂျက်တာဖြင့် ရှင်းလင်းတင်ပြသည်။

**ဆက်လက်တင်ပြ**

ဆက်လက်၍ ဦးစီးကော်မတီ နာယကအဖွဲ့ဝင် အိမ်တွင်းစက်မှုလက်မှု လုပ်ငန်းဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူးချုပ်ဦးတင့်လွင်ဦးက ဆောင်ရွက်ထားရှိသည့် လုပ်ငန်းအခြေအနေများကို လည်းကောင်း၊ သမဝါယမ ပို့ကုန်သွင်းကုန်လုပ်ငန်း ဒုတိယအထွေထွေမန်နေဂျာ ဦးစောဦးက ဆောင်ရွက် ထားရှိသည့်လုပ်ငန်း အခြေအနေများကိုလည်းကောင်း ဆက်လက်တင်ပြကြသည်။

ထို့နောက် ပြည်နယ်၊ တိုင်းကိုယ်စားလှယ်များနှင့် တက်ရောက်လာကြသူများက ပွဲတော်၌ပါဝင်ဆင်နွှဲတင်ပြရောင်းချမည့် ဒေသထွက်ကုန်နှင့် အခြားကုန်ပစ္စည်းများ အခြေအနေတို့ကို တင်ပြကြသည်။

**အမှာစကားပြောကြား**

ယင်းနောက် ဦးစီးကော်မတီ နာယက သမဝါယမဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းက အမှာစကားပြောကြားသည်။

**စည်ကားသိုက်မြိုက်စွာကျင်းပမည်**

အဆိုပါ သမဝါယမ ဒေသထွက်ကုန်အရောင်းပွဲတော်ကို အောက်တိုဘာ ၂၆ ရက်မှ နိုဝင်ဘာ ၁ ရက်အထိ ဗဟန်းမြို့နယ် တက္ကသိုလ်ရိပ်သာလမ်းနှင့် ဆရာစံလမ်းထောင့်ရှိ သမဝါယမ ကူးသန်းရောင်းဝယ်ရေးဗဟိုဌာန (ဆရာစံပလာဇာ)၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



## တရားတော်များ ဟောကြားတော်မူမည်

**ရန်ကုန် အောက်တိုဘာ ၁၉**

ရန်ကုန်မြို့အင်းစိန်မြို့နယ် ညောင်ကန်အေးသာသနာ့ရိပ်သာ ဦးစီးပဓာန နာယက ပြည်တွင်းပြည်ပ ဗုဒ္ဓသာသနာပြု သင်တန်းကျောင်း ပဓာန နာယက(မဟာဓမ္မကထိကဗဟုဇနဟိတဓရ)ညောင်ကန်အေး ဆရာတော် ဘဒ္ဒန္တကုဏ္ဍကသည် အောက်တိုဘာ ၂၁ရက် မွန်းလွဲ ၁၂နာရီခွဲတွင် လည်းကောင်း၊ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် မန္တလေးတိုင်း မိတ္ထီလာမြို့နယ် ရွှေဘုံသာကျောင်း မြို့ရှေ့တိုက် ဦးစီးပဓာန နာယက ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဝိဇ္ဇောဒယသည် ညနေ ၃နာရီတွင် လည်းကောင်း ဗိုလ်တထောင် ကျိုက်ဒေးအပ်ဆံတော်ဦး စေတီတော်ရင်ပြင်ရှိ ဆိပ်ကမ်းလုပ်သားပေါင်းစုံ ဓမ္မာရုံ၌ တရားတော်များ ဟောကြားမည်ဖြစ်ကြောင်း သာသနာရေး ဦးစီးဌာနမှ သတင်းရရှိသည်။

**(သတင်းစဉ်)**



## နေ့စဉ်ဆွမ်းလောင်းအသင်းသို့ လှူဒါန်းနိုင်

**ရန်ကုန် အောက်တိုဘာ ၁၉**

ကျေးဇူးတော်ရှင် တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ အဘိဓဇ မဟာရဋ္ဌဂုရု မင်းကွန်းဆရာတော်ကြီး ဦးဝိစိတ္တသာရာဘိဝံသ အရှင်သူမြတ် ၇-၁-၈၄ ရက်တွင် ဩဝါဒပေး၍ ကိုယ်တော်တိုင် အသင်းအမည် ချီးမြှင့်ခဲ့သော မြင်းခြံမြို့ ဗိုလ်ချုပ်လမ်းရှိ ပုညသဟာယ နေ့စဉ်ဆွမ်းလောင်း အသင်းကြီးသည် နှစ်ပေါင်း ၂၀ကျော်တိုင် ဝါတွင်း၊ ဝါပဆွမ်းအလှူခံကြွလာသည့် သံဃာတော်များအား နေ့စဉ် အပါး ၁၂၀၀ ကျော်ကို အရဏ်ဆွမ်း လောင်းလှူလျက် ရှိသည်။ အရဏ်ဆွမ်း တစ်နပ် (အသားဟင်း) ကျပ်၁၂၀၀၀၀ (ပဲပြုတ်၊ ငါးပိကြော်)တစ်နပ် ကျပ် ၆၀၀၀၀ ဖြစ်ပြီး ရာသက်ပန်ပင်မ ဆွမ်းအလှူရှင်အဖြစ် လှူဒါန်းပါက ရရှိသည့် အတိုးဖြင့် မိမိကြိုက်နှစ်သက်ရာ ရက်၌ နှစ်စဉ် လောင်းလှူမည်ဖြစ်သဖြင့် ရာသက်ပန်ပင်မနှင့် မိမိတတ်စွမ်းသမျှ လှူဒါန်းလိုသူများ ဖုန်း-၀၆၆-၂၁၁၄၆ (အသင်း) ၂၁၈၅၉၊ ၂၁၈၆၀ဥက္ကဋ္ဌနှင့် အတွင်းရေးမှူး ၂၁၇၇၆ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

**လှိုင်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူး ဖွင့်လှစ်သော စာကြည့်တိုက်ပညာ ဆင့်ပွားသင်တန်း အမှတ်စဉ် (၁/၂၀၀၄)ဆင်းပွဲကို အောက်တိုဘာ ၁၅ ရက်က မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ ဆက်ဆံရေးဦးစီးဌာန သင်တန်းခန်းမတွင် ကျင်းပရာ မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှူး ဦးတင်ကိုက သင်တန်းဆင်း အမှာစကားပြောကြားစဉ်။**
(မြို့နယ် ပြန်/ဆက်)



## ဉာဏ စွမ်းရည်ပြိုင်

**အောက်တိုဘာ ၁၆ ရက်က လူမှုဝန်ထမ်း ဦးစီးဌာန တောင်ဥက္ကလာပ မူလတန်းကြို ကျောင်း ကလေးများ ကျောင်းတွင်း ဉာဏ စွမ်းရည်ပြိုင်ပွဲအခမ်းအနားကိုကျောင်းခန်းမ၌ ကျင်းပရာ မောင်ကောင်းစည်သူ က "ရွှေကြက်ဖ" ကဗျာဖြင့် ပါဝင်ယှဉ်ပြိုင်စဉ်။** (က-ပ)

## အခြေခံ အင်ဂျင်နီယာသင်တန်းနှင့် စာရေးဝန်ထမ်းသင်တန်းများ ဆင်းပွဲကျင်းပ

**ရန်ကုန် အောက်တိုဘာ ၁၉**

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးသန်းဝင်းသည် အောက်တိုဘာ ၁၅ရက် နံနက်ဂနာရီက ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် အမှတ်(၅၁)ရပ်ကွက်ရှိ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာန ဗဟိုလေ့ကျင့်ရေးကျောင်း၌ ကျင်းပသည့် အခြေခံအင်ဂျင်နီယာ သင်တန်းအမှတ်စဉ်(၇)နှင့် စာရေးဝန်ထမ်းသင်တန်း အမှတ်စဉ်(၃၃) သင်တန်းများဆင်းပွဲသို့ တက်ရောက်၍ သင်တန်းဆင်း အမှာစကားပြောကြားသည်။**(အပေါ်ပုံ)**

အခမ်းအနားတွင် ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးသန်းဝင်းက သင်တန်းသားများအား နယ်စပ်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း၊ မြို့သာယာလှပရေး၊ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်း၊ တာဝန်ထမ်းဆောင်မှုနှင့် ပတ်သက်၍ အသေးစိတ် အမှာစကားပြောကြားပြီး သင်တန်း၌ ထူးချွန်သူများအား ဆုများချီးမြှင့်၍ သင်တန်းဆင်းလက်မှတ်များကို သင်တန်းသားခေါင်းဆောင်များသို့ ပေးအပ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## မဟာစည် သတိပဋ္ဌာန် ဝိပဿနာတရားပွဲ

**ရန်ကုန် အောက်တိုဘာ ၁၉**

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် အောင်မင်္ဂလာ(၂) ရပ်ကွက် ဒက္ခိဏာရုံကျောင်းတိုက်၏ ပဓာနနာယက အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဒီဃဘာဏက ဒီဃနိကာယ ကောဝိဒ သာသနဓဇ သိရီပဝရ ဓမ္မာစရိယ A. A, B. A ဘွဲ့တံဆိပ်တော်ရ ဆရာတော် ဘဒ္ဒန္တ နန္ဒမေဓာနှင့် ဘဒ္ဒန္တဥတ္တရ၊ ဘဒ္ဒန္တဝါသဝ အရှင်မြတ်များက ကျေးဇူးတော်ရှင် မဟာစည် ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း သတိပဋ္ဌာန် ဝိပဿနာ တရားစခန်းပွဲကို သီတင်းကျွတ်လဆန်း ၉ရက် (အောက်တိုဘာ ၂၂ ရက်)မှ သီတင်းကျွတ်လပြည့်နေ့ (အောက်တိုဘာ ၂၈ ရက်)အထိကျင်းပမည်ဖြစ်သည်။ယင်းတရားပွဲတွင် မဟာစည် နယ်လှည့် ဓမ္မကထိက မေတ္တာအေး ဆရာတော် ဘဒ္ဒန္တသုဇာတ မထေရ်မြတ်က ညစဉ် တရားတော်များ ဟောကြားမည် ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

## လျှပ်စစ်ဓာတ်အား ခြိုးခြံချွေတာရေး

- ✻ သဘာဝအလင်းရောင်ကိုသာ အဓိကထားသုံးစွဲပါ။
- ✻ သဘာဝအလင်းရောင် မလုံလောက်မှသာ အနည်းဆုံးလိုအပ်သော လျှပ်စစ်ဓာတ်အားကိုသုံးစွဲပါ။
- ✻ ကုန်ထုတ်လုပ်ငန်းများနှင့် ဝန်ဆောင်မှုလုပ်ငန်းများတွင်လည်း လိုအပ်သည့် အနည်းဆုံးဓာတ်အားကိုသာ သုံးစွဲပါ။
- ✻ ဓာတ်အားအလေအလွင့်နှင့် ပြုန်းတီးမှုမရှိအောင် သုံးစွဲခြင်းဖြင့် မိမိနှင့် အများအတွက်ပါ အကျိုးရှိစေနိုင်ပါသည်။

**ရန်ကုန်မြို့တွင် လျှပ်စစ်ဓာတ်အားသုံးစွဲသူအိမ်ထောင်စု ၅သိန်းခန့်ရှိသည်။ လျှပ်စစ်ဓာတ်အားသုံးစွဲသူတိုင်းက ၄ပေမီးချောင်း တစ်ချောင်းစီချွေတာသုံးစွဲခြင်းဖြင့် မဂ္ဂါဝပ်၂၀ ရှိသည့် ဓာတ်အားပေးစက်ရုံတစ်ရုံ တည်ဆောက်ပေးသည်နှင့်ညီမျှသည်။**

**ရန်ကုန်အရှေ့ပိုင်းခရိုင် တာမွေမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနဝန်ထမ်းများအား ဝတ်စုံပေးအပ်ပွဲကိုအောက်တိုဘာ၁၅ရက်က မြို့နယ်ရုံးခန်းမတွင်ကျင်းပရာ မြို့နယ်ဦးစီးမှူး ဦးအောင်ကျော်စိုးက ဝန်ထမ်းများအား ပေးအပ်စဉ်။** (က-ပ)



# ဒွါဒသမအကြိမ်(၁၂ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲ ရာမာယဏဇာတ်တော်ကြီးပြိုင်ပွဲ ပဥ္စမနေ့အဖြစ်ဆက်လက်ကပြယှဉ်ပြိုင်

ရန်ကုန် အောက်တိုဘာ ၁၉

**ဒွါဒသမအကြိမ်(၁၂ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲ၏ ရာမာယဏဇာတ်တော်ကြီးပြိုင်ပွဲကို ယနေ့ည ၇နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌ ပဥ္စမနေ့အဖြစ် ဆက်လက်ကျင်းပရာ စစ်ကိုင်းတိုင်းကိုယ်စားပြု ဦးဟိန်းဇော်နှင့်အဖွဲ့က ကပြယှဉ်ပြိုင်တင်ဆက်သည်။** (ယာပုံ)





အဆိုပါ ကပြယှဉ်ပြိုင်ပွဲသို့ ဒွါဒသမအကြိမ်(၁၂ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေးနာယကအဖွဲ့ဝင် ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်ကြည်အောင်၊ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ ဒုတိယဥက္ကဋ္ဌ ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်စိုးဝင်းမောင်နှင့်ဦးစီးကော်မတီဝင်များ၊ ပြိုင်ပွဲကျင်းပရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌအမှတ်(၃)စစ်ဒေသမှူး ဗိုလ်မှူးကြီးတင့်ဆန်း၊ လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီအသီးသီးတို့မှ ကော်မတီဝင်များ၊ စာပေ၊ဂီတ၊သဘင်အနုပညာရှင်ကြီးများ၊ မြန်မာ့အနုသုခုမပညာကို ချစ်ခင်လေးစားမြတ်နိုး တန်ဖိုးထားကြသော အနုပညာဝါသနာရှင်ပြည်သူများ လာရောက်ကြည့်ရှုအားပေးကြသည်။

## အကဲဖြတ်အမှတ်ပေး

စစ်ကိုင်းတိုင်းကိုယ်စားပြု ဦးဟိန်းဇော်နှင့်အဖွဲ့က ရာမာယဏဇာတ်တော်ကြီးကို ကပြယှဉ်ပြိုင်တင်ဆက်ရာတွင် မုံရွာဦးဌေးက ဇာတ်ညွှန်းရေးသား၍ ရာမအဖြစ် ဦးဟိန်းဇော်၊ လက္ခဏအဖြစ် ဦးအောင်စိုးမင်း၊ သီတာဒေဝီအဖြစ် ဒေါ်ကုံကော်၊ ဒသဂီရိအဖြစ် ဦးအောင်သန်းဌေး၊ ဟနုမာန်အဖြစ် ဦးအိုးဝေ၊ ရွှေသမင်အဖြစ် မေသကြိန်တို့က ဇာတ်ပို့ဇာတ်ရန်များနှင့်အတူ ပါဝင်ကပြသရုပ်ဆောင်ကြပြီး ရွာစားစိန်သန်းလှိုင်ဆိုင်းအဖွဲ့နှင့် တွဲဖက်လျက် အနုပညာရသပြောင်မြောက်စွာ ကပြယှဉ်ပြိုင်တင်ဆက်ကြရာ ဇာတ်တော်ကြီးအကဲဖြတ်အဖွဲ့ခေါင်းဆောင် ဦးချစ်ဦးညို နှင့်အဖွဲ့ဝင်များက အကဲဖြတ်အမှတ်ပေးကြသည်။

အောက်တိုဘာ ၂၀ရက် ည၇နာရီတွင် ရာမာယဏဇာတ်တော်ကြီးပြိုင်ပွဲ ဆဋ္ဌမနေ့အဖြစ် ရန်ကုန်တိုင်းကိုယ်စားပြု မဟာရာမဇာတ်အဖွဲ့က ယှဉ်ပြိုင်တင်ဆက်မည်ဖြစ်သည်။ **(သတင်းစဉ်)**

## တိပိဋကမဟာဂန္ဓဝင်ကျောင်းဆရာတော် ကိုးပါးသီလချီးမြှင့်မည်

**ရန်ကုန် အောက်တိုဘာ ၁၉**

၁၃၆၆ခုနှစ် သီတင်းကျွတ်လဆန်း ၈ရက်(အောက်တိုဘာ၂၁ရက်)ကြာသပတေးနေ့တွင် ရန်ကုန်မြို့ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် တိပိဋကမဟာဂန္ဓဝင်ကျောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဘဒ္ဒန္တဝါယာမိန္ဒာဘိဝံသက နဝင်္ဂဥပေါသထ ကိုးပါးသီလတရားတော်မြတ်ကို မြန်မာ့ရုပ်မြင်သံကြား နံနက်ပိုင်းအစီအစဉ်များအပြီးတွင် ဟောကြားချီးမြှင့်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ထစ်ချုန်းမိုး

**ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာဖွယ်ရှိသည်။ ရွာရန် ရာနှုန်း ၄၀ဖြစ်သည်။**

## ကရင်မလင်ဖလားတင်းနစ် ရုရှားနိုင်ငံသားပိုလ်စွဲ

**ရုရှား အောက်တိုဘာ ၁၉**

ရုရှားနိုင်ငံ မော်စကိုမြို့၌ ကမ္ဘာ့နာမည်ကြီး တင်းနစ် အမျိုးသား၊ အမျိုးသမီးများပါဝင်သည့် ကရင်မလင်ဖလား တင်းနစ်ပြိုင်ပွဲများကို အောက်တိုဘာ၁၇ရက်က ကျင်းပလျက်ရှိသည်။



အမျိုးသားပြိုင်ပွဲအဖြစ် ရုရှားနိုင်ငံသား နီကိုလေးဒေဗီဒန်ကိုနှင့် ဗြိတိန်နိုင်ငံသား ဂရက်ရူဆက်စကီတို့ ဗိုလ်လုပွဲအဖြစ် ယှဉ်ပြိုင်ကစားခဲ့ကြသည်။

အဆိုပါပြိုင်ပွဲတွင် ဒေဗီဒန်ကိုက ရူဆက်စကီအား ၃–၆၊ ၆–၃၊ ၇–၅ဖြင့် အနိုင်ရရှိသွားပြီး ကရင်မလင်ဖလားကို ဆွတ်ခူးသွားခဲ့သည်။ **(ယာပုံ)**

အမျိုးသမီးပြိုင်ပွဲအဖြစ် ရုရှားမှ ဒင်နက်စတာစီယာမိုင်စကီးနားနှင့် အမေရိကန်မှလင်ဆေးဒါဗင်ပို့တို့ အကြိုဗိုလ်လုပွဲအဖြစ် အောက်တိုဘာ ၁၆ရက်က ယှဉ်ပြိုင်ကစားခဲ့ကြသည်။ **(အင်တာနက်)**

## တော့တင်ဟမ်၏ဒုတိယအရှုံး

**လန်ဒန် အောက်တိုဘာ ၁၉**

တော့တင်ဟမ်ဟော့စပါးအသင်းသည် ယခုနှစ်ဘောလုံးရာသီ ပရီမီးယားလိဂ်ပြိုင်ပွဲတွင် တနင်္လာနေ့က ပို့စ်မောက် အသင်းကို တစ်ဂိုး–ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့၍ ဒုတိယမြောက်အရှုံးကို ရင်ဆိုင်ခဲ့ရသည်။

တော့တင်ဟမ်အသင်းသည် အာဆင်နယ်နောက်မှ အဆင့် ၉ ရရှိကာ (၁၂)မှတ်ဖြင့် လိုက်နေသည်။ ယင်းအသင်းသည် ကိုးပွဲကစားပြီး ငါးဂိုးသာသွင်းနိုင်ခဲ့သေးသည်။

**အမ်အင်အေ၊ရိုက်တာ။**

## အာရှအသက်(၁၈)နှစ်အောက် အမျိုးသမီးဘတ်စကက်ဘောပြိုင်ပွဲ စင်ကာပူအမျိုးသမီးအသင်းက မကာအိုအသင်းကိုအနိုင်ရ

**ရှင်ကျန် အောက်တိုဘာ ၁၉**

အာရှအသက်(၁၈)နှစ်အောက် အမျိုးသမီး ဘတ်စကက်ဘောပြိုင်ပွဲကို တနင်္ဂနွေနေ့က တရုတ်နိုင်ငံ ရှင်ကျန်၌ကျင်းပရာ စင်ကာပူအမျိုးသမီးအသင်းက မကာအိုအမျိုးသမီးအသင်းကို ၇၇–၁၆မှတ်ဖြင့် ရှုံးပွဲမရှိ အောင်ပွဲဆင်ခဲ့ပြီး စင်ကာပူအမျိုးသမီးဘတ်စကက်ဘောအသင်းသည် အုပ်စု(ခ)တွင် ယင်းပွဲမတိုင်မီ မလေးရှားနှင့် အိန္ဒိယအမျိုးသမီးဘတ်စကက်ဘောအသင်းများကိုနိုင်ခဲ့သည်။ အဆိုပါအုပ်စုတွင် ဖိလစ်ပိုင်အသင်းလည်းပါဝင်သည်။

အုပ်စု(ခ)တွင် အိန္ဒိယက ဖိလစ်ပိုင်ကို ၈၁–၃၃မှတ်ဖြင့်နိုင်ခဲ့သည်။ မလေးရှားက မကာအိုကို ၈၆–၃၇မှတ်ဖြင့်နိုင်ခဲ့သည်။ ပြိုင်ပွဲစည်းမျဉ်းစည်းကမ်းများအရ အုပ်စု(ခ)အနိုင်ရအသင်းများနှင့် လက်ရှိချန်ပီယံ တရုတ်၊ တောင်ကိုရီးယားနှင့် ဂျပန်အသင်းများပါဝင်သည့် အုပ်စု(က)နှင့် ဖလားလုရမည်ဖြစ်သည်။

နှစ်စဉ်ဒေသဆိုင်ရာပြိုင်ပွဲများကို သောကြာနေ့မှ ကြာသ ပတေးနေ့အထိ ကျင်းပပြီး အနိုင်ရရှိသောထိပ်တန်းနှစ်သင်းသည် လာမည့်နှစ်တွင် တူနီးရှားနိုင်ငံ၌ကျင်းပမည့် ကမ္ဘာ့ဖလားဘတ်စကက်ဘောပြိုင်ခွင့် ရမည်ဖြစ်သည်။

**အမ်အင်အေ၊ဆင်ဟွာ။**

## ပါရီမြို့ ထေရဝါဒ ဗုဒ္ဓသာသနာပြု ကျောင်းတော်ကြီးဖြစ်မြောက်ရေးငွေလှူဒါန်း

**ရန်ကုန် အောက်တိုဘာ ၁၉**

ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒ ဗုဒ္ဓသာသနာပြုကျောင်းတော်ကြီး ဖြစ်မြောက်ရေးအတွက် ကော်မတီရုံးခန်း(ဗဟို)ဖွင့်လှစ်ထားသည့် အမှတ် ၄၉/၅၁ ဗဟန်းလမ်းသို့ အလှူရှင်များလာရောက်လှူဒါန်းလျက်ရှိရာ ဦးအောင်ကိုဝင်းမိသားစု ကမ္ဘောဇဘဏ်လီမိတက်က ငွေကျပ် သိန်းငါးဆယ်၊ ရွှေတိဂုံ ရေကြည်တော်ဝတ်အသင်းကိုယ်စား ဒုတိယဥက္ကဋ္ဌ ဦးကျော်ညွှန့်နှင့် အမှုဆောင်များက ငွေကျပ် ၁၀သိန်း၊ ဒေါ်ခင်စုမိသားစု လမင်းပွဲရုံ ပန်းဆိုးတန်းရပ် မန္တလေးက ငွေကျပ်ငါးသိန်း၊ ဒေါက်တာခင်ခင်ဖြူ အမှတ်၃၅၊ ဦးထွန်းမြတ်လမ်း တာမွေက ငွေကျပ်ငါးသိန်း၊ ဦးထွေးနိုင်–ဒေါ်နီနီလွင် သမီး မခိုင်ဇင်မြတ်ဆုမိသားစုက ငွေကျပ်ငါးသိန်း၊ ဦးမောင်မောင်ကျော်နှင့် ညီအစ်ကိုမောင်နှမတစ်စု ပညာဝတီအိမ်ရာ ရန်ကင်းက ငွေကျပ်သုံးသိန်း၊ ဦးအောင်သင်း–ဒေါ်ခင်သန်းမြင့် သားသမီးမြေးမြစ်တစ်စု ၁၅၀၊ လမ်း၃၀၊ ပန်းဘဲတန်းက ငွေကျပ်နှစ်သိန်းငါးသောင်း၊ ဦးသိန်းဟန်–ဒေါ်သီတာသန်း သား မောင်မြတ်မင်းခန့်၊ သမီး မမြတ်သင်းခန့် မိသားစု၊ဒေါ်သိန်းနု၊ဒေါ်ခင်မြမိသားစု ၄၂ သတိပဋ္ဌာန်လမ်း ကျောက်မြောင်း၊ ဦးမောင်မောင်(၇)၊ ဒေါ်မြင့်မြင့် သားသမီးမြေးတစ်စု အမှတ် ၅၂၊ ရွှေတောင်ကြား ဗဟန်း၊ ဦးလင်းဝင်း၊ ဒေါ်ရီရီစိန်၊ သမီး ကြေးမုံလင်းဝင်း၊ ဇင်မာလင်းဝင်း၊ ယုဝါလင်းဝင်း၊ သား အောင်ကျော်ဝင်း ၈၉၊ နှင်းဆီလမ်း၊ အလုံ၊ ဦးခင်မောင်ဌေး ညွှန်ကြားရေးမှူးချုပ် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ ဒေါ်နွဲ့နွဲ့ (အထက–၂၊ ကမာရွတ်)၊ မိသားစု၊ ဦးထွန်းအေး–ဒေါ်နီနီဝင်းမိသားစု ယုဇနလမ်း တာမွေ၊ ဒေါ်သန်းသန်း (ဌာနမှူး၊ ငြိမ်း) မြန်မာ့အထည်အလိပ်လုပ်ငန်း စက်မှု(၁)၏ (၇၅)နှစ်ပြည့် မွေးနေ့ဒါနအလှူ ဧဝကလမ်း ဒဂုံမြို့နယ်၊ ဦးကိုကို၊ ဒေါ်အေးမြနှင်း၊ သား မောင်အောင်ဖြိုး (အေးရိပ်သာမိသားစု) အေးရိပ်သာ(၁)လမ်း ဗဟန်းတို့က ငွေကျပ်နှစ်သိန်းစီ၊ ဦးဦးသာ၊ ဒေါ်ရင်ရင်သန်းမိသားစု တံတားဖြူ ကန်လမ်း လှိုင်မြို့နယ်က ငွေကျပ်တစ်သိန်းခုနစ်သောင်းငါးထောင့်ငါးရာ၊ ဦးကျော်ဝင်း၊ ဒေါ်လင်းလင်း ရွှေဂုံတိုင်၊ ဗဟန်းက ငွေကျပ် တစ်သိန်း ခြောက်သောင်းလေးထောင်၊ ဦးငွေထွန်း၊ ဒေါ်ကြင်သန်း မိသားစု အေးရိပ်ငြိမ်လမ်း မရမ်းကုန်း၊ ပါမောက္ခ ဒေါက်တာဦးမြင့်လွင် ၊ဒေါက်တာဒေါ်ဆင့်ဆင့် မိသားစု မဉ္ဇူလမ်း ပါရမီရိပ်သာ ရန်ကုန်၊ ဦးမောင်မောင်သန်း၊ ဒေါ်သီတာအေး (ရွှေရည်လက်ဖက်ရည်၊ မြန်မာ့ရိုးရာ မုန့်မျိုးစုံဆိုင်)မိသားစု၊ ဦးမောင်ရွှေမိသားစု ဗိုလ်ဆွန်ပက်လမ်း၊ မြောက်ဒဂုံတို့က ငွေကျပ်တစ်သိန်းငါးသောင်းစီ၊ ဦးသန့်လွင်၊ ဒေါ်ခင်ခင်သင်းမိသားစု ပေါ်ဆန်းမွှေးလမ်း၊ သုဝဏ္ဏက ငွေကျပ်တစ်သိန်းနှစ်သောင်း၊ ဆရာမဒေါ်ရွှေပု (DSR) ပညာရိပ်သာမောင်နှမတစ်စု ကျောက်မြောင်း၊ တာမွေ၊ ဦးတာစီ၊ ဒေါ်ညွှန့်ရွှေ သားသမီးမြေးတစ်စု ၃၁လမ်း ပန်းဘဲတန်း၊ ဦးချစ်ကိုကို၊ မပိုပိုကံထူး၊သမီးသဲငွေရုံ အနီဃာလမ်း ဘောက်ထော်တို့က ငွေကျပ် တစ်သိန်းတစ်သောင်းစီ၊ မိခင်ကြီး ဒေါ်သိန်းကြည်၊ ဦးစိုးသိန်း–ဒေါ်ကြည်ကြည်မြင့် မိသားစု ပင်လုံလမ်း (၃၇)ရပ်ကွက် မြောက်ဒဂုံက ကျပ်တစ်သိန်းငါးထောင်၊ အမှတ်(၁) မော်တော်ယာဉ်တပ်ရင်း ဝတ်အသင်းသူ အသင်းသားများက ငွေကျပ် တစ်သိန်းနှစ်ထောင့်ငါးရာ၊ ဗိုလ်မှူးချုပ် အောင်မျိုးမင်း ဒုတိယဝန်ကြီး ပညာရေးဝန်ကြီးဌာန ဒေါ်သဇင်နွယ် မိသားစုက ကျပ်တစ်သိန်း၊ ဗိုလ်မှူးကြီး ငွေစိုး–ဒေါ်ချိုချိုမြင့်၊ သမီး မမေမီစိုး၊ မခင်ရတနာစိုး၊မတင်နီလာစိုး မန္တလေးမြို့က ငွေကျပ်တစ်သိန်း၊ ဆရာတော် အရှင်စန္ဒာဓိကအား အမှူးထား၍ ဦးသက်ထွေး၊ ဒေါ်ဖြူ သား သက်ဇင်ထက်၊ သမီး မေယမုံဦး၊ ကျွန်းတောလမ်း စမ်းချောင်းက ငွေကျပ်တစ်သိန်းနှင့် ကျန်အလှူရှင်များ အပါအဝင် (J.S.M) သင်္ဘော Company ပိုင် M/V IVS Kite က FEC ၃၀၀၊ ဦးခင်ညွှန့်–ဒေါ်ခင်ခင်သိန်း၊ သမီး မမေမေဝင်း၊ သား ကိုဝင်းနိုင်ညွှန့် ကြည့်မြင်တိုင်က FEC ၁၅၀၊ ကျန်အလှူရှင်များ အပါအဝင် အလှူငွေကျပ်တစ်ရာကိုးဆယ့်ကိုးသိန်း ရှစ်သောင်းရှစ်ထောင့်လေးရာရှစ်ဆယ်နှင့် FEC၁၂၆၀တို့ကို အသီးသီးလှူဒါန်းခဲ့ကြသည်။ အလှူရှင်များ အနေဖြင့် ဖုန်း–၀၉–၈၀–၃၂၆၉၂သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



**အောက်တိုဘာ၁၀ရက်က ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒ ဗုဒ္ဓဘာသာကျောင်းတော်ကြီး ဖြစ်မြောက်ရေးကော်မတီရုံးခန်း(ဗဟို)တွင် ကိုစန်းလွင်–မကြူကြူမာ၊ သားကြီး ဟိန်းထွန်းအောင်၊ မျိုးလွင်ထွန်း၊ သမီး မိုးမိုးသင်း ၅၉(ခြောက်လွှာ)၊ ၁၂၁ လမ်း၊ မင်္ဂလာတောင်ညွှန့်က အလှူတော်ငွေကျပ်တစ်သိန်းကို ဦးစိုးမြတ်အောင်(အထွေထွေအတွင်းရေးမှူး)သို့ ပေးအပ်လှူဒါန်းစဉ်။** (က–ပ)

## စစ်ကိုင်း ရွှေဟင်္သာစံကျောင်း သုံးထပ်ကျောင်းအလှူရေစက်ချမင်္ဂလာ

**ရန်ကုန် အောက်တိုဘာ ၁၉**

ရန်ကုန်မြို့ ရန်ကင်းမြို့နယ် အမှတ်၁၉/က သုခဝတီလမ်းရှိ ရွှေဟင်္သာဆရာတော်ကြီး၏ စံကျောင်းအတွင်း ဆောက်လုပ်လျက်ရှိသော သုံးထပ်သာသနလင်္ကာရ သီရိရတနာဗိမာန်တော်ကြီး အလှူရှင်များ၏ ဒုတိယအကြိမ် ရေစက်ချမင်္ဂလာ အခမ်းအနားကို အောက်တိုဘာ ၁၇ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၂နာရီတွင် အဆိုပါကျောင်း ဓမ္မာရုံ၌ကျင်းပရာ ဥပါသကာအဖွဲ့ဝင်များ၊ အလှူရှင်များ တက်ရောက်ကြသည်။

### တင်ပြလျှောက်ထား

အလှူရှင်များက ရန်ကုန်တိုင်း ရန်ကင်းမြို့နယ်မဟာဗောဓိ စာသင်တိုက် ပဓာန နာယက ဆရာတော် အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ ဘဒ္ဒန္တပဏ္ဍိတာဘိဝံသ ဆရာတော်ထံမှ ငါးပါးသီလ ခံယူပြီး မေတ္တာသုတ်ပရိတ်တရားတော်များ နာယူကြသည်။ ထို့နောက် စစ်ကိုင်း ရွှေဟင်္သာစံကျောင်းဥပါသကာအဖွဲ့ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးကျော်ရှိန်(ငြိမ်း)က သုံးထပ်ကျောင်းတော်ကြီး တည်ဆောက်ခြင်းအကြောင်းကို တင်ပြလျှောက်ထားသည်။

### အမျှပေးဝေ

ထို့နောက် အလှူရှင်များက လှူဒါန်းဖွယ်ရာများကို မဟာဗောဓိစာသင်တိုက် ပဓာန နာယကဆရာတော်ကြီး အမှူးပြုသော သံဃာတော်အရှင်မြတ်များအား လှူဒါန်းကြပြီး ဆရာတော်ကြီးက အနုမောဒနာတရား ဟောကြားကာ ရေစက်သွန်းချ အမျှပေးဝေကြသည်။ (က-ပ)

## ဦးနှောက်နှင့်အာရုံကြောရောဂါ ဟောပြောပွဲကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၁၉**

မြန်မာနိုင်ငံ ဆရာဝန်အသင်း ဦးနှောက်နှင့် အာရုံကြောရောဂါ ဘာသာရပ်ဆိုင်ရာ အဖွဲ့က ကြီးမှူး၍ "Symposium on Recent Advances in Management of Headche" ဟောပြောပွဲကို အောက်တိုဘာ၂၃ရက် နံနက်၈နာရီခွဲတွင် အမှတ်၂၄၉ သိမ်ဖြူလမ်း မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ မြန်မာနိုင်ငံ ဆရာဝန်အသင်း ခန်းမဆောင်(အေ)၌ ကျင်းပမည်ဖြစ်ရာ စိတ်ပါဝင်စားသော ဆရာဝန်များ အခမဲ့မှတ်ပုံတင် ပြုလုပ်ပြီး တက်ရောက်နိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



## ပဝါရဏာပွဲကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၁၉**

ရန်ကုန်တိုင်း အင်းစိန်မြို့နယ် အရှေ့ကြို့ကုန်းရပ်ကွက် အင်းစိန်လမ်းမကြီး အမှတ်(၆) မဟာစည်သြဝါဒခံ ညောင်ကန်အေး သာသနာ့ရိပ်သာ၊ ငါးထပ်သာသနသီတလ ဓမ္မဗိမာန်တော်ကြီး၏ တတိယထပ်ရှိ သာသနာအေး သိမ်တော်ကြီး၌ ၁၃၆၆ခုနှစ် သီတင်းကျွတ်လပြည့်နေ့ ညနေ၄နာရီတွင် ကြို့ကုန်းရပ်ကွက်လုံးဆိုင်ရာ သံဃာတော်အပါး ၃၀၀တို့သည် သံဃပဝါရဏာကို ပြုတော်မူကြမည်ဖြစ်ပြီး ညနေ၅နာရီတွင် သိမ်ဆင်း သံဃာအပါး၃၀၀တို့အား လှူဖွယ်ပစ္စည်းများကို စာရေးတံမဲချ၍ လှူဒါန်းမည်ဖြစ်ပါသဖြင့် အလှူရှင်များသည် ညောင်ကန်အေးရိပ်သာ ဝေယျာဝစ္စအဖွဲ့ ဖုန်း-၆၄၂၂၁၉ နှင့် ဆက်သွယ် လှူဒါန်းနိုင်ကြကြောင်း သိရသည်။ (က-ပ)

## ထာဝရဆွမ်းပဒေသာပင်စိုက်ထူလှူဒါန်း

**ရန်ကုန် အောက်တိုဘာ ၁၉**

(၁၀)ကြိမ်မြောက်စာအောင်ဆုနှင့် ထာဝရဆွမ်းပဒေသာပင် စိုက်ထူလှူဒါန်းပွဲကို စက်တင်ဘာ ၂၈ရက်က ဆိပ်ကြီးခနောင်တိုမြို့နယ် မိုးကောင်းပရိယတ္တိစာသင်တိုက်၌ကျင်းပရာ ပဓာန နာယက ဆရာတော် ဘဒ္ဒန္တသုမင်္ဂလ၊ ပထမကြီးတန်းကို ပါဠိဘာသာဖြင့်အောင်မြင်သည့် သာမဏေကျော်အရှင်တေဇနိယာလင်္ကာရနှင့် စာအောင်သံဃာများအား မြို့နယ်သာသနာရေးမှူး၊ ဌာနဆိုင်ရာများ၊ ပစ္စယာနုဂ္ဂဟအဖွဲ့နာယက ဦးဟန်ရွှေ၊ ဥက္ကဋ္ဌဦးကျော်ဘနှင့် အလှူရှင်များက စာအောင်ဆုနှင့် ထာဝရဆွမ်းပဒေသာပင်များ စိုက်ထူလှူဒါန်းကြသည်။ **(အပေါ်ပုံ)** (က-ပ)

## ပညာရေးတက္ကသိုလ် ငွေရတုအထိမ်းအမှတ် မြတ်ဆရာပူဇော်ပွဲနှင့် အမှတ်တရတွေ့ဆုံပွဲ

**ရန်ကုန် အောက်တိုဘာ ၁၉**

၁၉၇၄ ခုနှစ်မှစတင်၍ ၁၉၇၉ခုနှစ်အထိ ပညာသင်ကြားခဲ့သော ကျောင်းသားကျောင်းသူဟောင်းများ၏ (၂၅)နှစ်မြောက် ငွေရတုအထိမ်းအမှတ် မြတ်ဆရာပူဇော်ကန်တော့ပွဲနှင့် အမှတ်တရတွေ့ဆုံပွဲကို ၂၀၀၄ခုနှစ် နိုဝင်ဘာ၁ရက်(တနင်္လာနေ့) နံနက်၁၀နာရီမှ မွန်းတည့်၁၂နာရီအထိ မဟာသန္တိသုခကျောင်းတိုက်၌ကျင်းပမည်ဖြစ်ရာ ဦးအောင်ကိုကို (ကျောင်းအုပ်ကြီး အထက-၁လမ်းမတော်) ဖုန်း-၂၂၁၉၁၃၊ ဦးစိုးမြင့်(နယူးရွှေစင်) ဖုန်း-၆၃၅၈၆၁၊၆၃၆၃၇၀၊၆၃၆၆၃၆(၂၈၀)၊၀၉-၅၀၀-၄၀၆၆၊ ဦးကျော်ဆွေ ဖုန်း-၅၅၆၈၉၄၊ ဒေါ်ယုယုဆွေ ဖုန်း-၅၇၇၇၁၈နှင့် ဒေါ်နန္ဒာမွန်း ဖုန်း-၂၅၄၃၉၄ တို့သို့ ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## နိဗ္ဗာန်လမ်းပြတရား ချီးမြှင့်မည်

**ရန်ကုန် အောက်တိုဘာ ၁၉**

ရန်ကုန်တိုင်း လမ်းမတော်မြို့နယ် သရက်တောကျောင်းတိုက် အောင်စကြာတိုက်ကျောင်း ဦးစီးပဓာန နာယက (ဓမ္မကထိက ဗဟုဇနဟိတရေ) ဘဒ္ဒန္တစန္ဒသူရိယ အောင်စကြာဆရာတော်သည် အောက်တိုဘာ ၂၈ရက် (သီတင်းကျွတ်လပြည့်နေ့) မွန်းလွဲ ၁နာရီတွင် ရွှေတိဂုံစေတီ ရင်ပြင်တော် သောကြာထောင့် ဆံတော်တွင်း တန်ဆောင်း၌ လည်းကောင်း၊ အောက်တိုဘာ ၂၉ရက်ညတွင် သဃ်န်းကျွန်းမြို့နယ် ရန်ကုန် သစ်ရပ်ကွက် အောင်ဇေယျလမ်း၌ လည်းကောင်း၊ အောက်တိုဘာ၃၀ရက်နှင့်၃၁ရက်ညများတွင် ပဲခူးတိုင်း ကဝမြို့ မဟာစည် သာသနာ့ရိပ်သာ ကန္တာရကျောင်း၌ လည်းကောင်း နိဗ္ဗာန်လမ်းပြတရားတော်များ ဟောကြားမည်ဟု သိရသည်။ (က-ပ)

### ဝန်ထမ်းအလိုရှိသည်

**(ပြည်တွင်း၌သာခန့်ထားရန်)**

Hino/TE 11,TE 21 Mechanic ကျွမ်းကျင်ဝန်ထမ်း ငါးဦးအလိုရှိသည်။ အလုပ်သမားမှတ်ပုံတင်မိတ္တူပါရှိရမည်။

**ဆက်သွယ်ရန်**

ရွှေသာယာ မော်တော်ကားကုမ္ပဏီ အမှတ်(၄၇/ဂျီ)၊ ကံ့ကော်မြိုင်လမ်း၊ (၇)မိုင်ခွဲ၊ ပြည်လမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။

### အမြန်ပြန်လာပါ



**မောင်အောင်မျိုးမင်း** ၁၀/မလမ(နိုင်) ၂၀၃၄၇၃၊ မိခင် အသည်းအသန် ဖြစ်နေပါ၍ အမြန်ပြန်လာပါ။ လက်ခံထားသူအား ဥပဒေအရ အရေးယူမည်။ **မိခင်-ဒေါ်မြစိန် ဖုန်း-၅၇၇၉၈၀။**









## ကျေးရွာတိုင်း ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ထူထောင်ဖို့ ဝိုင်းဝန်းကူညီဆောင်ရွက်စို့။

**၂၀၀၄ ခုနှစ် အောက်တိုဘာလ ၁၉ ရက်နေ့အထိ နိုင်ငံအဝန်းတွင် ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်(၉၆၁၇)တိုက်ဖွင့်လှစ်ပြီးဖြစ်ပါသည်။**

ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များအတွက် သုတ/ရသ စာအုပ်များကို ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်/မြို့နယ်ရုံးများသို့ လှူဒါန်းနိုင်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန
ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန

## သတိ

၁။ ဖြောက်အိုးဖောက်ခြင်းဖြင့် ပြည်သူအများ အထိတ်တလန့်ဖြစ်စေခြင်း၊ မသမာသူများမှ ရပ်ရွာ အေးချမ်းသာယာရေးနှင့် လုံခြုံရေးကို ထိခိုက်အောင်လုပ်လာနိုင်ခြင်းတို့ကြောင့် ဖြောက်အိုးဖောက်ခြင်းကို တားမြစ်သည်။

၂။ တားမြစ်ချက်အား ဖောက်ဖျက်ပါက-

(က) ဖြောက်အိုးဖောက်လျှင် ထောင်ဒဏ် (၃)နှစ်။

(ခ) ဖြောက်အိုးရောင်းလျှင်၊ ဖြောက်အိုးထုတ် လုပ်လျှင် ထောင်ဒဏ်(၅)နှစ်။

(ဂ) သတင်းပေးသူကို ထိုက်တန်စွာ ဆုပေးမည်။

**ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ**



## အမျိုးသားတံခွန်စိုက်လက်ဝှေ့ပြိုင်ပွဲကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၁၉**

မြန်မာနိုင်ငံ လက်ဝှေ့အဖွဲ့ချုပ်ကကြီးမှူးကျင်းပမည့် ၂၀၀၄ခုနှစ် အမျိုးသားတံခွန်စိုက် လက်ဝှေ့ပြိုင်ပွဲကို နိုဝင်ဘာ၂ရက်မှ၄ရက်အထိ ရန်ကုန်မြို့ လူငယ်အားကစားလေ့ကျင့်ရေးစခန်း သုဝဏ္ဏရှိ ပိုက်ကျော်ခြင်း အားကစားပြိုင်ပွဲရုံ၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါ ပြိုင်ပွဲသို့(က)အဆင့်ရှိ လက်ဝှေ့သမားများ ပါဝင်ယှဉ်ပြိုင်ခွင့်ရှိပြီး ကိုယ်အလေးချိန်ခြင်းနှင့် ဆေးစစ်ခြင်းတို့ကို နိုဝင်ဘာ၁ရက် နံနက်၈နာရီမှ၁၀နာရီအထိ ပြုလုပ်သွားမည်ဖြစ်ရာ ပါဝင်ယှဉ်ပြိုင်မည့် လက်ဝှေ့အားကစားသမားများသည် အောက်တိုဘာ၃၁ရက်အရောက် မြန်မာနိုင်ငံလက်ဝှေ့အဖွဲ့ချုပ်ရုံးသို့ဆက်သွယ်သတင်းပို့ရမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

**စက်တင်ဘာ ၂၉ရက်က ပန်းဘဲတန်းမြို့နယ် အမှတ်(၈)ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးတွင် ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်ဖွင့်ပွဲနှင့်နယ်လှည့်စာကြည့်တိုက်၊ နံရံကပ်စာစောင်၊ ဓာတ်ပုံပြခန်းနှင့် ဟောပြောပွဲကျင်းပရာ ခရိုင်ပြန်/ဆက် ဦးစီးအရာရှိ ဦးစိန်တိုး၊ မြို့နယ်ဥက္ကဋ္ဌ ဦးတင်အုန်းနှင့်ရပ်ကွက်ဥက္ကဋ္ဌ ဦးမျိုးညွန့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။**

(ခရိုင် ပြန်/ဆက်)

### ဇနီးအဖြစ်မှ စွန့်လွှတ်ခြင်း

ကျွန်တော်၏ဇနီးဖြစ်သူ မယုယုနိုင် ၁၂/ တမန(နိုင်) ၀၉၉၄၇၅ သည် ခင်ပွန်းဖြစ်သူ ခွင့်မလွှတ်နိုင်သောကိစ္စများပြုမူပြီး ၁၂-၁၀-၂၀၀၄ ရက်တွင် မိမိသဘောအလျောက် နေအိမ်မှဆင်းသွားပါသဖြင့် ယနေ့မှစ၍ ဇနီးအဖြစ်မှ စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝကို လုံးဝ တာဝန်မယူပါ။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

ကျော်သူလှ
၅/ဆလက(နိုင်)၀၃၁၀၃၇။

# ကြို့ပင်ကောက် တိုက်ကျောင်းပါဠိတက္ကသိုလ် ပဓာနနာယကဆရာတော်၏ မွေးနေ့ ပူဇော်ပွဲအထိမ်းအမှတ် ကျောင်းဆောင်များ လှူဒါန်း

**ကြို့ပင်ကောက် အောက်တိုဘာ ၁၅**

ပဲခူးတိုင်း(အနောက်ပိုင်း)ကြို့ပင်ကောက်မြို့ တိုက်ကျောင်း ပါဠိတက္ကသိုလ်၏ ပဓာန နာယက၊ မိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာအဖွဲ့ခွဲ (၃၂)၏ ဩဝါဒ စရိယ၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ အဂ္ဂမဟာပဏ္ဍိတဆရာတော် ဘဒ္ဒန္တ နရိန္ဒာစာရ အရှင်မြတ်၏ သက်တော် (၈၀)၊ သိက္ခာတော် (၆၁)ဝါပြည့် မွေးနေ့အထိမ်းအမှတ် ပူဇော်ပွဲအဖြစ် မိုးကုတ်ယောဂီများနှင့် အလှူရှင်များ စုပေါင်း၍ နှစ်ထပ်မဂ္ဂင်ကျောင်းဆောင်ကို ၇၁သိန်းဖြင့် လည်းကောင်း၊ ရေချိုးဆောင်၊ ရေကန်၊ ကုဋီ ၁၀ လုံးကို ၁၁ သိန်းဖြင့်လည်းကောင်း၊ သံဃာရေချိုးဆောင်ကို ကျပ်နှစ်သိန်းခွဲဖြင့်လည်းကောင်း၊ နတ်လမ်း စင်္ကြံကို ကျပ်ရှစ်သိန်းခွဲဖြင့် လည်းကောင်း၊ အလှူရှင် ဒေါ်သီတာဇော် (သီရိသုဓမ္မသီဂီ)က နှစ်ထပ်မယ်သီတာဆောင်ကို ကျပ်သိန်း ၆၀ဖြင့်လည်းကောင်း၊ဆရာတော်ကြီး၏ မွေးနေ့ဖြစ်သော (၁၃၆၆ခုတော်သလင်းလပြည့်ကျော် ၁၂ရက်အောက်တိုဘာ ၁၀ရက်က) ဆရာတော်ကြီး၏ သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်ကို ချီးကျူး ဂုဏ်ပြုလျက် စုစုပေါင်းကျပ် ၁၅၃သိန်းတန်ဖိုးရှိသောကျောင်းဆောင်များကိုတိုက်ကျောင်းပါဠိတက္ကသိုလ်၏ အာရုံခံကသံဃိကအဖြစ် ဆရာတော်ကြီးထံ ငါးပါးသီလခံယူပြီး ရေစက်ချ လှူဒါန်းကြသည်။**(မြို့နယ် ပြန်/ဆက်)**



အောက်တိုဘာ၁၄ ရက်က မြန်အောင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ကြာနီကန်လမ်းဆုံတွင် လမ်းပေါက်များဖာထေး ဆောင်ရွက်နေမှုကို အမှုဆောင် အရာရှိ ဦးမိုးဟိန်းနှင့်တာဝန်ခံအင်ဂျင်နီယာ ဦးတင်ကိုကို တို့ကြီးကြပ်ဆောင်ရွက်ကြစဉ်။

(မြို့နယ်စည်ပင်)



အောက်တိုဘာ၁၆ရက်က ပင်လောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကျော်စိုးနှင့်ဝန်ထမ်းများ မြို့တွင်းရှိအောင်ပန်း–လွိုင်ကော်လမ်းတစ်လျှောက် ပန်းအလှပင်များ စိုက်ပျိုးကြစဉ်။

(မြို့နယ်စည်ပင်)

# အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ လွိုင်ကော်၌ကျင်းပ

**လွိုင်ကော် အောက်တိုဘာ ၈**

ကယားပြည်နယ် လွိုင်ကော်မြို့ ပြည်နယ်ဘိုးဘွားရိပ်သာဓမ္မာရုံ၌ အောက်တိုဘာ ၁ ရက်က အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ အခမ်းအနား ကျင်းပသည်။

အခမ်းအနားတွင် ဧည့်ပရိသတ်များက အဘိုးအဘွားများအား ကန်တော့ကြပြီး အလှူငွေနှင့် လှူဖွယ်ပစ္စည်းများ ပေးအပ်လှူဒါန်းကြသည်။ အဘိုးအဘွားများကိုယ်စား အဘိုး ဦးစောသိန်းက ဆုပေးစကားပြောကြားသည်။

## လှူဒါန်း

အဆိုပါ လှူဒါန်းပွဲတွင် ဌာနဆိုင်ရာများနှင့် လူမှုရေးအသင်းအဖွဲ့များက အဘိုးအဘွား ၁၃၄ ဦးတို့အား လှူဒါန်းငွေကျပ် ၅၈၇၂၅၀ နှင့် အလှူရှင် ၁၄ဦးတို့က ပြည်နယ်ဘိုးဘွားရိပ်သာသို့ ငွေကျပ် ၁၅၃၀၀၀၀ ပေးအပ်လှူဒါန်းကြသည်။ **(ခရိုင် ပြန်/ဆက်)**

# ကျေးလက်ရေပေးဝေရေး လက်နှိပ်တုံကင်တူးဖော်

**မိုးညို အောက်တိုဘာ ၂**

မိုးညိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၀၄–၂၀၀၅ ခုဘဏ္ဍာရေးနှစ် ကျေးလက်ရေပေးရေးလုပ်ငန်းဖြစ်သော ပေါက်ကုန်း၊ ညောင်ပိုင်း၊ ဝဲကြီး၊ကြို့ပင်ပိုင်းနှင့်နတ်မောက်ကျေးရွာများတွင် စက်တင်ဘာ ၁၄ရက်က တစ်လက်မခွဲတွင်းတိမ်လက်နှိပ်တုံကင် တူးဖော်ပြီးစီးမှုနှင့် လက်နှိပ်ပန့်များပုံမှန်လည်ပတ်နိုင်မှုကို သာယာဝတီခရိုင် လက်ထောက်အင်ဂျင်နီယာ ဦးနေမင်းထွန်း ခေါင်းဆောင်သောအဖွဲ့ ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးကျော်မိုးလွင်က ရှင်းလင်းပြသသည်။

(က–ပ)

# ဟိုပင်မြို့နယ်တွင် တိုင်းရင်းဆေးကုဌာန အဆောက်အအုံသစ်ဖွင့်

**ဟိုပင် အောက်တိုဘာ ၅**

ကျန်းမာရေးဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာန ကချင်ပြည်နယ် ဟိုပင်မြို့နယ် တိုင်းရင်းဆေးကုဌာန အဆောက်အအုံသစ်ဖွင့်ပွဲ အခမ်းအနားကို စက်တင်ဘာ၁၅ရက်နံနက် ၁၀နာရီက ဟိုပင်မြို့ မြို့မမြောက်ရပ် တိုင်းရင်းဆေးကုဌာန အဆောက်အအုံသစ်၌ ကျင်းပသည်။

## ဖဲကြိုးဖြတ်ဖွင့်လှစ်

အခမ်းအနားတွင် အဆောက်အအုံသစ်ကို တိုင်းရင်းဆေးပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင်နှင့် မိုးညှင်းခရိုင်အုပ်ချုပ်ရေးမှူး ဦးစိန်ထွန်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင်က အမှာစကားပြောကြားသည်။

အဆိုပါအဆောက်အအုံသစ်ကို နိုင်ငံတော်မှကျပ် ၃၉ သိန်းနှင့် အလှူရှင်များထည့်ဝင်ငွေကျပ် ၁၆ သိန်း စုစုပေါင်းငွေကျပ် ၅၅ သိန်း အကုန်အကျခံတည်ဆောက်ခဲ့ကြသည်။ **(မြို့နယ် ပြန်/ဆက်)**



ရွှေဘို မြို့နယ်စည်ပင် သာယာရေးအဖွဲ့က မြို့သန့်ရှင်းသာယာလှပရေးနှင့် စိမ်းလန်းစိုပြည်ရေးအတွက်အဖွဲ့ဝန်ထမ်း များ ဖြင့် အပတ်စဉ် စနေနေ့တိုင်း လုပ်အားပေး ဆောင် ရွက်လျက် ရှိ ရာ အောက်တိုဘာ ၄ ရက်က ရွှေဘိုမြို့နယ် စည် ပင်သာယာရေးအဖွဲ့က မြို့ဝင်မုခ်ဦးမှ အောင်ဇေယျလမ်းမကြီးတစ်လျှောက် လမ်းဘေးဝဲယာတွင် စိုက်ပျိုးထားသော ပန်းအလှပင်နှင့် အရိပ်ရပင်များ ရေလောင်းပေါင်းသင်ခြင်းနှင့်မြက်ပင်များ ရှင်းလင်းခြင်းလုပ်ငန်းများကို တာဝန်ခံအင်ဂျင်နီယာနှင့် အင်ဂျင်နီယာမှူး ဦးအောင်မောင်းတို့ ကြီးကြပ်ဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

ကျောက်တံခါးမြို့နယ် အားကစားနှင့် ကာယပညာဦးစီးဌာနမှစီစဉ်ဆောင်ရွက်သောကျောက်တံခါးမြို့နယ်အမျိုးသားအလွတ်တန်း ကြက်တောင်ရိုက် ပြိုင်ပွဲဆုပေးပွဲအခမ်းအနား ကျင်းပရာ တာဝန်ရှိသူများက တံခွန်စိုက်ဆုဖလားနှင့် ငွေသားရရှိသော ကျောက်တံခါးအသင်းအား မြို့နယ်ဥက္ကဋ္ဌ ဦးဇော်ဝင်းက ဆုချီးမြှင့်စဉ်။

(မြို့နယ် ပြန်/ဆက်)

# မြန်မာ့အသံ

**၂၁–၁၀–၂၀၀၄ (ကြာသပတေးနေ့)**

**နံနက်ပိုင်း**

၀၇း၀၀ တရားတော်
(ဦးဥတ္တမသာရဆရာတော်ကြီး၏ မင်္ဂလသုတ်နှင့် ဂုဏ်တော်ကွန်ချာ)
–ဥပုသ်နေ့ နှုိးဆော်ချက်

**နေ့လယ်ပိုင်း**

၀၉း၀၀ နဝင်္ဂဥပေါသထသီလပေး
တရားတော်
(ဘဒ္ဒန္တ ဝါယာမိန္ဒာဘိဝံသ)
၁၁း၁၅ သားငါးဖွံ့ဖြိုးပြည့်အကျိုး
(တိရစ္ဆာန်အစာနှင့် မှိုဆိပ်–ကိုမောင်မောင်)
၁၁း၃၅ စာအုပ်စာပေလူ့မိတ်ဆွေ
(၁)စာစီစာကုံးအရေးအသား
(ဦးရဲဝေ–မြန်မာစာ)
(၂)ကလေးကျန်းမာရေးဆိုင်ရာ ဆောင်းပါးများ(ဒေါက်တာ မြင့်သန်း–ညောင်လေးပင်)
၁၂း၀၀ သိပ္ပံပညာသိကောင်းစရာ
(လူ့ဗီဇကိုလေ့လာခြင်း–မောင်ဆုရှင်)
၁၂း၃၀ အစာနှင့် အာဟာရ
(မန္တလေးပဲကြော်နှင့် ပဲကပ်ကြော်)
၁၂း၄၀ ကျန်းမာရေးရာပြန်ကြားလွှာ

**ညနေပိုင်း**

၁၆း၀၀ မင်းကွန်းဆရာတော်ကြီး၏
(အင်္ဂုလိမာလသုတ်ပါဠိနှင့်အနက်)
၁၆း၃၀ နိုင်ငံတကာစီးပွားရေး
သတင်းပဒေသာ
၁၇း၀၀ တပ်မတော်စာတိုက်
၁၇း၁၅ သုတရေးရာဖြေကြားလွှာ
၁၈း၁၅ သုခ၏ မင်္ဂလသုတ်အဖွင့်
(အပိုင်း–၁၆)
၁၉း၁၅ ကွက်စိပ်(တွံတေး ဒဂုံဆရာညွှန့်၏ ပထမသင်္ဂါယနာတင်ခန်း)
–မင်းကွန်းဆရာတော်ကြီး၏ အရပ် ၁၀ မျက်နှာမေတ္တာ ဘာဝနာတရားတော်



# ကျေးလက်ဒေသ စက်ရေတွင်းများ အခြေခံကြိုခိုင်ကောင်းမွန်ရေး ဆောင်ရွက်

**ကန့်ဘလူ အောက်တိုဘာ ၁၀**

ကန့်ဘလူမြို့နယ် စည်ပင်သာယာရေးအဖွဲ့က အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီးဖြစ်သောကျေးလက်ဒေသများရှိ စက်ရေတွင်းများ၊ အစဉ်ကောင်းမွန်စေရေးအတွက်စက်ရေတွင်းများရေထွက်နှုန်း ကောင်းမွန်ရေးပြုပြင်ဆောင်ရွက်ခြင်း၊ ရေစက်ရုံအင်ဂျင်စက်များကြံ့ခိုင်ရေး ပြုပြင်ဆောင်ရွက်ခြင်း၊ အုတ်ရေကန် ကြံ့ခိုင်ရေးထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်းများကို စီမံချက်ရေးဆွဲ၍ ဆောင်ရွက်လျက်ရှိရာ အောက်တိုဘာ ၄ ရက်က ကန့်ဘလူမြို့နယ် ဆိပ်ဖူးမြောင်စံပြကျေးရွာရှိ အလှူရှင်စက်ရေတွင်းအား အငယ်တန်း အင်ဂျင်နီယာ (၂)ဒေါ်မေမျိုးနိုင်၊ ခေါင်းဆောင်သော စက်မှု/စက်ပြင်ဝန်ထမ်းများဖြင့် ရေစက်အင်ဂျင်နှင့် ရေတွင်းကြံ့ခိုင်ထိန်းသိမ်းရေးလုပ်ငန်းများကို ကြီးကြပ်ဆောင်ရွက်ကြသည်။

**(အောက်ဝဲပုံ) (မြို့နယ်စည်ပင်)**



# အရုဏ်ဦး ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်ဖွင့်

**မိုးညှင်း အောက်တိုဘာ ၅**

ကချင်ပြည်နယ် မိုးညှင်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနနှင့် ပင်ရဲလှကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီတို့ ပူးပေါင်း၍အရုဏ်ဦးကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲကို စက်တင်ဘာ ၃၀ရက်က ပင်ရဲလှကျေးရွာ ဓမ္မာရုံ၌ ကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးမာန်ငိုင်း၊ နန့်ပုတ်ကျေးရွာအုပ်စု ဥက္ကဋ္ဌဦးတင်အုန်းနှင့် ကျေးရွာစာကြည့်တိုက်ဖြစ်မြောက် ရေးဥက္ကဋ္ဌ ဦးအိုက်မြတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ထို့နောက် အရုဏ်ဦး ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်အတွက် မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအမှုဆောင် ဦးမြင့်သိန်းနှင့် ဒေါ်ညွန့်တင်တို့က အလှူငွေကျပ် ငါးထောင်နှင့် ဂျာနယ်မျိုးစုံ ၁၀၀၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနဦးစီးမှူး ဦးမာန်ငိုင်းက မဂ္ဂဇင်းမျိုးစုံ ၁၅၀၊ မြို့နယ်သတင်းထောက် ဦးမျိုးအောင်(မိုးအောင် ကချင်မြေ)–ဒေါ်မြညွန့်မိသားစုက မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးစာအုပ်များ၊ သုတရသစာအုပ်များမျိုးစုံ ၃၀နှင့် နေ့စဉ်ထုတ်သတင်းစာများ ပေးအပ်လှူဒါန်းကြရာ စာကြည့်တိုက်ဥက္ကဋ္ဌ ဦးအိုက်မြက လက်ခံရယူသည်။ **(၁၅၂)**




ရန်ကုန်မြောက်ပိုင်းခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဦးဆောင်၍ ခရိုင်အတွင်းရှိ မြို့နယ်များမှ စာရေးဝန်ထမ်းများ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေးသင်တန်း (၅/၂၀၀၄)ကိုလှိုင်သာယာမြို့နယ် အလက(၇)တွင် အောက်တိုဘာ ၁ရက်က ကျင်းပရာ ရန်ကုန်မြောက်ပိုင်းခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနခရိုင်အုပ်ချုပ်ရေးမှူး ဦးသိန်းနိုင်က သင်တန်းဆင်း အမှာစကားပြောကြားစဉ်။ (က-ပ)



ပုသိမ်မြို့နယ် သာသနာ့ အကျိုးဆောင်အဖွဲ့က ကြီးမှူး၍ ပုသိမ်မြို့ပေါ်ရှိ ကျောင်းတိုက်အသီးသီး၌ ဝါဆိုတော်မူကြသော သံဃာတော် အပါး ၂၄၀၀ ကျော်တို့အား ပုသိမ်မြို့ ရွှေမုဋ္ဌောဘုရား အရှေ့ဒေါ်လှယဉ် မွှောရုံ၌ဖွင့်လှစ်သော မြို့မဆွမ်းလောင်းအသင်းတွင် စက်တင်ဘာ ၁၄ရက်က ပုသိမ်မြို့ အောင်ရတနာလမ်းနေ ဦးမျိုးဝေ-ဒေါ်မော်မော်ကျော် (မျိုးစားတော်ဆက်)နှင့် (နယူးချမ်းမြေ့စားတော်ဆက်)မိသားစုတို့က သုံးသိန်းငါးသောင်းတန်ဖိုးရှိသော အရဏ်ဆွမ်းလောင်းလှူကြစဉ်။ (က-ပ)



ကွယ်လွန်သူ နှစ်ဖက်သောမိဘနှစ်ပါးနှင့် သမီးငယ် (မငွေငွေလှိုင်) အား ရည်စူး၍ ၉၃/ A2 ရေကျော်လမ်းမ ပုဇွန်တောင်မြို့နယ်နေ ဦးစိုင်းအိုက်စိန်-ဒေါ်အုန်းမြင့် (သမီး) မအေးအေးခိုင် မိသားစုက အလှူငွေကျပ်တစ်သိန်းကို ဗြဟ္မဝိဟာရ ပရိယတ္တိစာသင်တိုက်၊ သုဒဿနလမ်း၊ ၁၆/၂ရပ်ကွက်၊ သဃ်္ဃန်းကျွန်းမြို့နယ်ရှိ နာရေးကူညီမှုအသင်း ရန်ကုန်သို့လှူဒါန်းရာ ဒုတိယဥက္ကဋ္ဌ ဦးကျော်သူ (ရုပ်ရှင်သရုပ်ဆောင်)က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။ (က-ပ)

အောက်တိုဘာ ၄ရက်က ငပုတောမြို့နယ် စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများက ငပုတောမြို့ မဂ္ဂင်လမ်းမကြီး ဘေးဝဲယာ၌ ပန်းအလှပင်များဖြင့် မြေခင်းအလှပြုပြင်ဆောင်ရွက်မှုကို အမှုဆောင်အရာရှိ ဦးအောင်ငွေးနှင့် အငယ်တန်းအင်ဂျင်နီယာ(၂) မြို့ပြ ဦးသူရလွင်တို့ ကြီးကြပ် ဆောင်ရွက်ပေးစဉ်။ (မြို့နယ်စည်ပင်)



**ဆု ချီး မြှင့်**



အမှတ် (၁) အခြေခံပညာ အလယ်တန်းကျောင်း ဗိုလ်တထောင် မြို့နယ်တွင် ၂၀၀၃-၂၀၀၄ ခုနှစ် မိဘ ဆရာ အသင်း နှစ်ပတ်လည် အစည်းအဝေး နှင့် ပညာရည် ချွန် ဆုပေးပွဲ အခမ်းအနားတွင် တတိယတန်းမှ ဒုတိယဆုရ မောင်နောင်ဦးဝေအား ဆရာကြီး ဦးသန်းထွန်းက ဆုချီးမြှင့်စဉ်။ (က-ပ)

## ရှုံးပွဲမရှိစံချိန် အာဆင်နယ်ဆက်လက်ထိန်းသိမ်း

## ချယ်လ်ဆီးအသင်း ပထမဆုံးအရှုံးပွဲနှင့် ကြုံတွေ့ရ

အင်္ဂလန် အောက်တိုဘာ ၁၉

**ပရီမီးယားလိဂ်ဘောလုံးပွဲစဉ်များကို အောက်တိုဘာ ၁၆ရက်က ဆက်လက်ကျင်းပခဲ့ရာ ဘာမင်ဂမ်နှင့် မန်ချက်စတာယူနိုက်တက်အသင်းတို့သည် စိန့်အင်ဒရူးကွင်း၌ ယှဉ်ပြိုင်ကစားရာတွင် တစ်ဖက်နှင့်တစ်ဖက် ဂိုးမသွင်းနိုင်ဘဲ ပွဲသိမ်းခဲ့ရသည်။**

အာဆင်နယ်အသင်းနှင့် အက်စ်တွန်ဗီလာအသင်းတို့သည် ဟိုက်ဘူရီကွင်း၌ ယှဉ်ပြိုင်ကစားကြရာ အာဆင်နယ်က သုံးဂိုး- တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။ အက်စ်တွန်ဗီလာ အသင်းသည် ဖွေဆော်ဦးဂိုး သွင်းနိုင်သော်လည်း အာဆင်နယ်၏ တိုက်စစ်ကို မဟန့်တားနိုင်ခဲ့ပေ။ အာဆင်နယ်အသင်းအတွက် ရောဘတ်ပီရက်စ်က နှစ်ဂိုး၊ ဟင်နရီက တစ်ဂိုးသွင်းယူခဲ့သည်။ အာဆင်နယ်အသင်းသည် ပရီမီးယားလိဂ်တွင် ကိုးပွဲကစား ရှစ်ပွဲနိုင်၊ တစ်ပွဲသရေဖြင့် ၂၅မှတ်ရရှိကာ ဆက်လက်ဦးဆောင်နေဆဲဖြစ်သည်။

အာဆင်နယ်အသင်းသည် ယင်းပွဲ အနိုင်ရခဲ့သဖြင့် ၄၉ပွဲမြောက် အရှုံးမရှိ စံချိန်သစ်ကို တိုးချဲ့နိုင်ခဲ့သည်။

ဘလက်ဘန်းနှင့် မစ်ဒယ်ဘရော့တို့ပွဲတွင် မစ်ဒယ်ဘရော့က လေးဂိုး-ဂိုးမရှိဖြင့် နိုင်ခဲ့သည်။

ဘော်လ်တန်အသင်းက ခရစ္စတယ်ပဲလေ့စ်ကို တစ်ဂိုး-ဂိုးမရှိဖြင့် နိုင်ခဲ့ချိန်တွင် အဲဗာတန်အသင်းကလည်း ဆောက်သမ်တန်အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် ကစားခဲ့သည်။

ဖူဟမ်အသင်းနှင့် လီဗာပူးအသင်းတို့ ယှဉ်ပြိုင်ကစားရာတွင် လီဗာပူးက လေးဂိုး -နှစ်ဂိုးဖြင့်အနိုင်ရခဲ့သည်။



**အာဆင်နယ်အသင်းအတွက် တတိယမြောက် အနိုင်ဂိုးကို ရောဘတ်ပီရက်စ် သွင်းယူပြီးနောက် အောင်ပွဲခံနေစဉ်။** (ဓာတ်ပုံ-အင်တာနက်)

**ရပ်တည်**

မန်စီးတီးနှင့် ချယ်လ်ဆီးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာတွင် မန်စီးတီးက တစ်ဂိုး-ဂိုးမရှိဖြင့် နိုင်ခဲ့သည်။ ချယ်လ်ဆီးအသင်းသည် ကိုးပွဲကစား ခြောက်ပွဲနိုင်၊ နှစ်ပွဲသရေ၊ တစ်ပွဲရှုံးဖြင့် အမှတ်၂၀ရရှိကာ အာဆင်နယ်နောက်မှ လိုက်နေသည်။ အဲဗာတန်က ၁၉ မှတ်ဖြင့် တတိယနေရာတွင် ရပ်တည်လျက်ရှိသည်။

**အလှမ်းဝေး**

မန်ချက်စတာ ယူနိုက်တက်အသင်းသည် ကိုးပွဲကစား သုံးပွဲနိုင်၊ ငါးပွဲသရေ၊ တစ်ပွဲရှုံးဖြင့် ၁၄မှတ်သာရသေး၍ဖလားထိပ်ရောက်ရန် အလှမ်းကွာဝေးနေဆဲ ဖြစ်သည်။

**အမ်အင်အေ၊ ရိုက်တာ**

## ကမ္ဘာ့ တစ်လွှား အားကစား

## ၂၀၀၆ ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ အာရှဇုန်မှဂျပန်အသင်း ခြေစစ်ပွဲအောင်

**တိုကျို အောက်တိုဘာ ၁၈**

၂၀၀၆ကမ္ဘာ့ဖလား အာရှဇုန်ခြေစစ်ပွဲတွင် ဂျပန်အသင်းက အိုမန်အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိပြီး ဗုဒ္ဓဟူးနေ့က ခြေစစ်ပွဲအောင်သွားပြီ ဖြစ်သည်။

**ရရှိသွား**

တာကာယုကီဆူဇူကီးက ဂျပန်အသင်းအတွက် ၅၂မိနစ်တွင် အိုမန်အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ယူလိုက်သည်။ အာရှချန်ပီယံ ဂျပန်အသင်းသည် လာမည့် ၂၀၀၆ ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ ခြေစစ်ပွဲအောင်အသင်းအဖြစ် ပါဝင်ယှဉ်ပြိုင်ခွင့် ရရှိသွားပြီဖြစ်သည်။

**တက်ရောက်**

ဂျပန်အသင်းသည်၂၀၀၁ခုနှစ် ကွန်ဖက်ဒရေးရှင်းဖလား ဗိုလ်လုပွဲသို့ တက်ရောက်နိုင်ခဲ့သည့်အသင်းဖြစ်သည်။

နည်းပြ ထရောက်စီယာ၏ လက်ထက်တွင် ၂၀၀၂ကမ္ဘာ့ဖလားကို ယှဉ်ပြိုင်ခွင့် ရခဲ့သည်။

ဩဂုတ်လက ဂျပန်အသင်းသည် အာရှချန်ပီယံ ဖြစ်ခဲ့သော်လည်း နည်းပြဇစ်ကို၏ လက်ထက်တွင် ကမ္ဘာ့အဆင့် ဘောလုံးယှဉ်ပြိုင်မှု မရရှိခဲ့သေးပေ။ ဂျပန်အသင်းသည် နည်းပြဇစ်ကို၏ လက်ထက်တွင် ကမ္ဘာ့ဖလား ခြေစစ်ပွဲအောင်အသင်း ဖြစ်ခဲ့သည်။

**ဦးဆောင်**

ဂျပန်အသင်းသည် အာရှဇုန် အုပ်စု(၃)တွင် ငါးပွဲကစား ငါးပွဲနိုင် ၁၅မှတ်ဖြင့် အုပ်စုကို ဦးဆောင်ခဲ့သည်။ ယင်းအုပ်စုတွင် ဂျပန်၊ အိုမန်၊ စင်ကာပူနှင့် အိန္ဒိယအသင်းတို့ ပါဝင်သည်။

**အမ်အင်အေ၊ရိုက်တာ**

## အီတလီနာမည်ကြီး ဒီရော့ခ်စီ ရိုးမားနှင့်စာချုပ်သက်တမ်းတိုး

**ရောမ အောက်တိုဘာ ၁၈**

အီတလီကွင်းလယ်ကစားသမား ဒီရော့ခ်စီသည် ရိုးမားအသင်းနှင့် ၂၀၀၉ အထိ စာချုပ်သက်တမ်းတိုးခဲ့ကြောင်း စီးရီးအေကလပ်က အင်္ဂါနေ့၌ ကြေညာသည်။ အသက် ၂၁နှစ်ရှိ ဒီရော့ခ်စီသည် ယခုနှစ်တွင် အီတလီအသင်းနှင့်ရိုးမားအသင်းတို့အတွက် အထူးနာမည်ကောင်းရထားသူဖြစ်သည်။ ၎င်းသည် အီတလီအသင်းခေါင်းဆောင် တော့တီပြီးလျှင် ဒုတိယ နာမည်အကြီးဆုံး အီတလီဘောလုံးသမားတစ်ဦး ဖြစ်သည်။

**အမ်အင်အေ၊ဆင်ဟွာ**

## စီးရီးအေဘောလုံးပြိုင်ပွဲ ဂျူဗင်တပ်အသင်း ဦးဆောင်

**မီလန် အောက်တိုဘာ ၁၉**

အီတလီစီးရီးအေပြိုင်ပွဲများကို ဦးဆောင်နေသည့် ဂျူဗင်တပ်အသင်းသည် ယခုနှစ် ဘောလုံးရာသီတွင် မက်ဆီနာ၏ ရှုံးပွဲမရှိစံချိန်ကို နှစ်ဂိုး-တစ်ဂိုး အနိုင်ရခြင်းဖြင့် အဆုံးသတ်ပေးလိုက်သည်။

ဥရုဂွေးတိုက်စစ်မှူး မာဆဲလ်လိုဇာလာရီတာနှင့် ဥရောပအကောင်းဆုံးဘောလုံးသမား ပါဗယ်နက်ဗက်တို့သည် ဂျူဗင်တပ်အသင်းအတွက် ခြောက်ပွဲကစား ငါးပွဲနိုင်ဖြင့် ရှုံးပွဲမရှိစံချိန်ကို တင်ပေးခဲ့ကြသည်။ ဂျူဗင်တပ်သည် ထိုနေ့က ပြိုင်ပွဲအပြီး ငါးမှတ်အသာဖြင့် အီတလီစီးရီးအေကို ဦးဆောင်နေသည်။

ရိုးမားအသင်းသည် လီဘော်နိုအသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် နိုင်ခဲ့သည်။

**အမ်အင်အေ၊ရိုက်တာ**

ချစ်သမီးလေး

**သက်ရတာနာကျော်ဝင်း**

**@ Grace Wan သို့**

# မွေးနေ့မင်္ဂလာဆုမွန်လွှာ

ချစ်သမီးလေး သက်ရတာနာကျော်ဝင်း @ Grace Wan (YIEC-KG) ၏

၂၀–၁၀–၂၀၀၄ နေ့တွင် ကျရောက်သော

၅ နှစ်မြောက် မွေးနေ့မင်္ဂလာရက်မြတ်မှာသည်



ချစ်သမီးလေး

**သက်ရတာနာကျော်ဝင်း**

**@ Grace Wan သို့**

# မွေးနေ့မင်္ဂလာဆုမွန်လွှာ

ချစ်သမီးလေး သက်ရတာနာကျော်ဝင်း @ Grace Wan (YIEC-KG) ၏

၂၀–၁၀–၂၀၀၄ နေ့တွင် ကျရောက်သော

၅ နှစ်မြောက် မွေးနေ့မင်္ဂလာရက်မြတ်မှာသည်



# မောင်လှမျိုး

ရင်ခွဲ...ယုံ

# INFINITI MARKETING ၏

## သီတင်းကျွတ် အထူးလျှော့ဈေး

- J-Donut
- ၂၀ ရက်မှ ၂၈ ရက်နေ့အထိ

# Fashion Light
## သီတင်းကျွတ်ပွဲတော် အထူးအစီအစဉ်

**မြေညီထပ်တွင်** – **Export** အထည်များကို စိတ်ကြိုက် **Discount** ပေးမည်ဖြစ်ပြီး **Discount** ကာလ ၂၀–၁၀–၂၀၀၄ရက် မှ ၃၀–၁၀–၂၀၀၄ရက်အထိ

**ပထမထပ်တွင်** – **Import** အထည်များကို ဝယ်ယူအားပေးနိုင်ရန် ထပ်မံတိုးချဲ့လိုက်ပြီ ဖြစ်ကြောင်း။

**နေရာ– အမှတ် (၁၀/၁၁)၊ အောင်ဆန်းကွင်းမြောက်ဘက်တန်း၊**
**မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်။ Ph: 281192, Hp: 09-50-18921 ။**

# Junction 8 Shopping Centre

23-10-2004 – 31-10-2004 ( 9:00 am to 9:00 pm )

Junction 8 Shopping Centre ရဲ့အရှေ့ Car Parking ...

Junction 8 Shopping Centre ရဲ့ ...

## ကြေးဝါမိတ်သံဂဟေချောင်း

No. 6, 8, 10, 12 (5 mm∅, 4 mm∅, 3.25 mm∅, 2.5 mm∅)

E-mail Address: mfwmin@myanmar.com.mm

## 'ရွှေ' ပညာသင်တန်း

546808 Ext : 310


### သမီးအဖြစ်မှစွန့်လွှတ်ခြင်း

ကယားပြည်နယ် လွိုင်ကော်မြို့၊ ဓမ္မာရုံရပ်ကွက်နေ ကျွန်တော်၏သမီး ဖြစ်သူ မခင်မျိုးကြည်သည် မိဘ၏ ဆိုဆုံးမမှုကိုနားမထောင်ဘဲ မိဘအား အမျိုးမျိုးနှိပ်စက်နေပါသဖြင့် ယနေ့မှစ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက် ကြောင်းနှင့် ၎င်းနှင့်ပတ်သက်သောကိစ္စ အဝဝကို တာဝန်မယူကြောင်း ကြေညာ အပ်ပါသည်။ **ဦးထွန်းကြည်**

**၂/လကန(နိုင်)၀၁၀၂၁၉။**

### ရောင်းမည်

၁၅ ပေ X၅၅ ပေ (လေးလွှာ)၊ မာလာနွယ်လမ်း၊ မေတ္တာညွန့် ရပ်ကွက်၊ တာမွေ၊ ရှာထိုးခင်းပြီး၊ အခန်းဖွဲ့ပြီး၊ မီးဖို၊ အိမ်သာ ကြွေပြားကပ်ပြီး။ **ဖုန်း–၅၄၈၂၆၂။**

### ဝမ်းနည်းကြေကွဲခြင်း

ကျောက်ဆည်အသင်း(ရန်ကုန်)အလုပ်အမှုဆောင်အဖွဲ့ဝင် ဒေါ်မြင့်မြင့်လှိုင်(မိုးကုတ်ကုမ္ပဏီလီမိတက်)၏ ကျေးဇူးရှင်မွေးဖခင်ကြီး ဦးထွန်းလှိုင် (ကျောက်ဆည်) အသက် (၇၅)နှစ်သည် ၁၄–၁၀–၂၀၀၄ ရက်တွင်ကွယ်လွန်သွားကြောင်း သိရှိရသည့်အတွက် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲမိပါကြောင်း။ **ကျောက်ဆည်အသင်း(ရန်ကုန်)။**

### ဒေါ်ခင်ခင်သိန်း
#### အသက်(၆၂)နှစ်

တမူးမြို့၊ ဦးရွှေရစ်–ဒေါ်စိန်တင်တို့၏သမီး၊ တောင်တွင်းကြီးမြို့ ညောင်ပင်သာရွာနေ ဦးအောင်ပွင့်–ဒေါ်ချစ်တို့၏ချွေးမ၊ မုံရွာမြို့ သလ္လာမြို့သစ်(၁၇) လမ်းနေ ဦးငွေအောင် (လက်ထောက်ညွှန်ကြားရေးမှူး၊ လဝက–ငြိမ်း)၏ ဇနီး၊ ဒေါ်ပြုံး၊ ဒေါ်မြအေးတို့၏အစ်မ၊ မမီမီအောင်(ခရိုင်လဝကရုံး၊ မုံရွာ)၊ လှမျိုးအောင်၊ တိုးမြင့်အောင်၊ ရဲနိုင်အောင်–မဇင်မာမြင့် (အလက–၄၊ မုံရွာ) တို့၏မိခင်၊ မြေးတစ်ယောက်တို့၏အဘွားသည် ၁၄–၁၀–၂၀၀၄ရက် ကြာသပတေးနေ့တွင်ကွယ်လွန်သွားပါ၍ ၁၅–၁၀–၂၀၀၄ ရက် (သောကြာနေ့) ညနေ ၄ နာရီတွင် မုံရွာမြို့ မြနန္ဒာသုသာန်၌ ဂူသွင်းသဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီး ဆွေမျိုးမိတ်သင်္ဂဟအပေါင်း အားအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

### ဦးခင်မောင်(ခ)
### ထျန်ကြူရှ
#### (ယခင် စိန်ထွန်းစွပ်ကျယ်စက်ပိုင်ရှင်)
#### အသက်(၉၀)

ရန်ကုန်တိုင်း၊လသာမြို့နယ်၊အမှတ် ၁၃၆၊ ဗိုလ်ရွှေလမ်း၊ မြေညီထပ်နေ ဒေါ်လင်အီးမွေ၏ခင်ပွန်း၊ ဦးချစ်စိန်–ဒေါ်သန်းသန်းအေး၊ ဦးသောင်းစိန်–ဒေါ်နွယ်နွယ်အေး၊ ဦးထွန်းစိန်–ဒေါ်ခင်ခင်ငွေ၊ ဒေါ်လေဗှာ–ဦးအောင်လွင်၊ ဦးဟန်စိန်–ဒေါ်ခင်မြဝင်းတို့၏ဖခင်၊ မြေး ၁၁ ယောက်တို့၏အဘိုးသည် ၁၇–၁၀–၂၀၀၄ရက် နံနက် ၇း၃၀ နာရီတွင် အထက်ပါနေအိမ်၌ကွယ်လွန်သွားပါ၍ ၂၁–၁၀–၂၀၀၄ရက် (ကြာသပတေးနေ့) နံနက် ၁၀ နာရီတွင် အထက်ပါနေအိမ်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးနေ ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

# မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲ ဆဋ္ဌမမြောက်နေ့စည်ကားသိုက်မြိုက်စွာဆက်လက်ကျင်းပ အနုပညာချစ်ခင်မြတ်နိုးကြသောပြည်သူများ တစ်ခဲနက်နားသောတဆင်ကြည့်ရှုအားပေး

**ရန်ကုန် အောက်တိုဘာ ၁၉**

မိမိတို့ နိုင်ငံသူနိုင်ငံသားအားလုံးတွင် မျိုးချစ်စိတ်ဓာတ်နှင့် ဇာတိသွေး၊ ဇာတိမာန် ထက်မြက်မြင့်မားရေး၊ မြန်မာ့ရိုးရာယဉ်ကျေးမှု အမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရေး၊ မြန်မာ့ဂီတ၊ မြန်မာ့အကနှင့် မြန်မာတို့၏ ရိုးရာယဉ်ကျေးမှုအနုပညာစစ်စစ် ဆက်လက်ထွန်းကားပြန့်ပွားရေး၊ မြန်မာတို့၏ အမျိုးသားရေးစရိုက်လက္ခဏာများထိန်းသိမ်းရေး၊ လူငယ်ထု၏စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုဖြစ်ထွန်းရေး၊ တိုင်းတစ်ပါးယဉ်ကျေးမှုလွှမ်းမိုးခြင်းမှ ကာကွယ်တားဆီးရေး ဟူသော ရည်ရွယ်ချက်(၆)ရပ်ဖြင့် အောက်တိုဘာ ၁၄ ရက်မှစတင်၍ ရန်ကုန်မြို့တော်၌ ခြိမ့်ခြိမ့်သဲသဲကျင်းပလျက်ရှိသော ဒွါဒသမအကြိမ်(၁၂ကြိမ်)မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲ၏ ဆဋ္ဌမမြောက်နေ့ ပြိုင်ပွဲအစီအစဉ်များကို ရန်ကုန်မြို့ရှိ သတ်မှတ်နေရာအသီးသီး၌ ခမ်းနားစည်ကားသိုက်မြိုက်စွာဖြင့် ယနေ့ဆက်လက်ကျင်းပသည်။

**ဆက်လက်ကျင်းပ**

ယင်းကဲ့သို့ကျင်းပရာတွင် ဒွါဒသမအကြိမ်(၁၂ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲ၏ အဆိုပြိုင်ပွဲကို ဒဂုံမြို့နယ် ပြည်လမ်းရှိ အမျိုးသားပြတိုက် ဘက်စုံခန်းမ၌လည်းကောင်း၊ အကပြိုင်ပွဲကို ဒဂုံမြို့နယ် မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌လည်းကောင်း၊ အရေးပြိုင်ပွဲ၏ သီချင်းတိုက်လေ့ကျင့်ခြင်းကို ဗဟန်းမြို့နယ် ကမ္ဘာအေးစေတီလမ်းရှိ အနုပညာဦးစီးဌာန ပန်တျာကျောင်း၌လည်းကောင်း၊ အတီးပြိုင်ပွဲ၏ ဆိုင်းအဖွဲ့လိုက်ပြိုင်ပွဲကို စမ်းချောင်းမြို့နယ် ဗားကရာလမ်းရှိ ပဒုမ္မာဇာတ်ရုံ၌လည်းကောင်း၊ ပတ္တလားအတီးပြိုင်ပွဲကို ဗဟန်းမြို့နယ် ကမ္ဘာအေးစေတီလမ်းရှိ အနုပညာဦးစီးဌာန ကမ္ဘောဇဇာတ်ရုံ၌လည်းကောင်း အသီးသီးကျင်းပကြသည်။

စာမျက်နှာ ၇ ကော်လံ ၁ ■



**အကယှဉ်ပြိုင်**

ဒွါဒသမအကြိမ်(၁၂ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲများကို ဆက်လက်ကျင်းပရာ အမျိုးသားဇာတ်ရုံ၌ကျင်းပသည့် အကဝါသနာရှင်အဆင့် အမျိုးသမီးပြိုင်ပွဲတွင် မွန်ပြည်နယ်မှ မမွန်မွန်ချမ်း ယှဉ်ပြိုင်နေစဉ်။

ဓာတ်ပုံ-သိန်းဝင်းလေး(မြန်မာ့အလင်း)





ဒွါဒသမအကြိမ်(၁၂ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲများကို ဆက်လက်ကျင်းပရာ ပဒုမ္မာဇာတ်ရုံ၌ကျင်းပသည့် အခြေခံပညာအဆင့်(၅-၁၀)နှစ် (အမျိုးသား)ဆိုင်းအဖွဲ့လိုက်ပြိုင်ပွဲတွင် ရောဝတီတိုင်းမှ မောင်ကျော်ထက်နှင့်အဖွဲ့ ယှဉ်ပြိုင်စဉ်။ ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

မြန်မာ့အလင်း

**ခေါင်းကြီးအညွှန်း**

❑ မြန်မာနိုင်ငံ၌ အလုံ့ပယ်ထွက်ရှိသည့် သဘာဝဓာတ်ငွေ့များကို မော်တော်ယာဉ်များတွင် ပြောင်းလဲသုံးစွဲနိုင်ခဲ့ခြင်းဖြင့် ပြည်တွင်းစက်သုံးဆီ လိုအပ်ချက်ကို တစ်ဖက်တစ်လမ်းက ဖြည့်ဆည်းပေးနိုင်သည့် ကဏ္ဍတစ်ရပ် မြန်မာနိုင်ငံ၌ ဖွင့်လှစ်ပေးနိုင်ခဲ့သည်မှာ ဝမ်းမြောက်ဖွယ်ရာသတင်းကောင်းပင်ဖြစ်။ ခေါင်းကြီး(စာ-၂)

# အီရတ်ကို အမေရိကန်ဆင်နွှဲသည့်စစ်ပွဲ မလေးရှားဆန့်ကျင်ခဲ့မှု မှန်ကန်ဟုဆို

**ကွာလာလမ်ပူ အောက်တိုဘာ ၁၉**

အီရတ်နိုင်ငံတွင် တားမြစ်ထားသောလက်နက်များ ယခုထိတိုင်မတွေ့ဘဲရှိရာ အီရတ်နိုင်ငံအား အမေရိကန်တို့ ကျူးကျော်တိုက်ခိုက်ခဲ့သည့်စစ်ပွဲကို မလေးရှားနိုင်ငံ၏ဆန့်ကျင်ကန့်ကွက်သည့် သဘောထားရပ်တည်ချက်သည် မှန်ကန်ကြောင်း သက်သေခိုင်လုံခဲ့သည်ဟု ဒုတိယဝန်ကြီးချုပ်နာဂျစ်တွန်ရာဇတ်က တနင်္လာနေ့၌ ပြောကြားသည်။

ထို့ပြင် အီရတ်သမ္မတဟောင်းဆက်ဒမ်ဟူစိန်သည် အယ်လ်ခိုင်ဒါ အကြမ်းဖက်ကွန်ရက်နှင့် အဆက်အသွယ်ရှိသည်ဆိုသည်ကိုပြသရန် အထောက်အထားလည်းမရှိကြောင်း ဒုတိယဝန်ကြီးချုပ်က ပြောကြားသည်။

မိမိတို့၏သဘောထားရပ်တည်ချက် အတိအကျမှန်ကန်သည်မှာ တိကျရှင်းလင်းကြောင်း ၎င်းက ပြောဆိုသည်။ ဒုတိယဝန်ကြီးချုပ်သည် သွေးနှင့်ဖုံးများကြားဟု အမည်ပေးထားသောစာအုပ် စတင်ဖြန့်ချိရာတွင် ထိုသို့ပြောကြားခြင်းဖြစ်သည်။

အဆိုပါစာအုပ်ကို စတားသတင်းစာမှ လက်ထောက်အယ်ဒီတာ ရှာဟန်နာ့ဇ်ဟာဘစ်က ရေးသားခြင်းဖြစ်ပြီး အီရတ်စစ်ပွဲနှင့်ပတ်သက်၍ ဖော်ပြထားသည့်ပြင် စစ်ပြီးကာလ အီရတ်အခြေအနေများကိုလည်း ရေးသားဖော်ပြထားသည်။

**အမ်အင်အေ၊ ဆင်ဟွာ။**

# ကမ္ဘာတစ်လွှား ထူးထူးခြားခြား

**စပွတ်နစ်ဂြိုဟ်တုနှစ်(၅၀)ပြည့်**



ယာပုံမှာ ၁၉၅၈ ခုနှစ်၌ အာကာသထဲသို့လွှတ်တင်ခဲ့သော ရုရှားစပွတ်နစ်(၃) အာကာသဒုံးယာဉ်ဖြစ်သည်။ စပွတ်နစ် အာကာသဒုံးယာဉ်လွှတ်တင်သည့် နှစ်(၅၀)မြောက်နှစ်ပတ်လည် အထိမ်းအမှတ်အဖြစ် ၂၀၀၇ ခုနှစ်၌ အာကာသသို့ ဂြိုဟ်တုငယ် ၅၀ ကိုလွှတ်တင်ရန် စီစဉ်ထားသည်။

(ဓာတ်ပုံ-အင်တာနက်)



**အင်္ဂါဂြိုဟ်မှကျောက်တောင်**

နာဆာအာကာသ စူးစမ်းလေ့လာရေးအဖွဲ့သည် အင်္ဂါဂြိုဟ်နှင့်ပတ်သက်၍ ရိုဗာအော့ပိုကျူနီတီ စူးစမ်းလေ့လာရေးယာဉ်ကို အင်္ဂါဂြိုဟ်ပေါ်သို့ လွှတ်တင်ထားခဲ့ရာ အင်ဂျူးနှင့်ချိုင့်ကြီး၏ အနောက်တောင်ဘက် ဆင်ခြေလျှောရှိ အက်စ်ချာဟု အမည်ပေးထားသော ကျောက်တောင်၏ပုံအား ဤသို့ ရိုက်ကူးပေးပို့ခဲ့သည်။ (ဝဲပုံ)

(ဓာတ်ပုံ-အင်တာနက်)